www.burmeseclassic.com

ကလောင်ခွဲ

# ဝသျှး

အိပ်မက်များသို့ အိပ်မက်များသို့



DESIGN/THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

### နိုင်ငံတော်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
စွမ်းမန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

2 OCT 2012

# သျှိုး

# အိပ်မက်များသူ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၀၂၀၄၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၆၉၀၅၁၂

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဂျူးစာပေ)

အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းဖွေကြည်

အတွင်းဖလင်

ကိုဓပါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

စိုးနိုးစာပေ

ဖုန်း - ၀၁- ၂၃၇၉၉၆

၈၉၅ . ၈၃

ဂျူး

အိပ်မက်များသူ / ဂျူး ။ - ရန်ကုန်။

ဂျူးစာပေ ၊ ၂၀၁၂ ။

၂၃၂ - စာ ၊ ၁၂ x ၁၈ စင်တီ။

(၁) အိပ်မက်များသူ

BURMESE CLASSIC .com

## အခန်း (၁)

တရွှံ့ရွှံ့ငိုနေသော အမေနှင့်ညီမလေးကိုကြည့်ပြီး မြဝါးရုံ မည်သို့ နှစ်သိမ့်အားပေးရမှန်းတောင် မသိတော့လောက်အောင် အတွေးနှင့် အာရုံတွေက မီးကျီခဲလို ပူလောင်ကြွပ်ရွ၍နေသည်။

ယိုင်နဲ့နေသော အိမ်ကလေး၏အပေါက်ဝတွင်ထိုင်ပြီး သက်ပြင်းမောတွေကိုသာ ဖရိုဖရဲ ချနေမိသည်။ ဘုံကြမ္မာက အဲဒီလောက်တောင် မြဝါးရုံတို့မိသားစုအပေါ် သောကမိုးတွေ ရွာချလို့ကို မစဲသေး။ ရင်ထဲက မကျေနပ်စိတ်တွေကို အန်ထုတ်ပြီး လည်ချောင်းကွဲအောင် လောကကြီးကို အော်ဟစ်ရန်တွေ့လိုက်ချင်သည်။

ထိုသောကဆင်းရဲတွေသည် မြဝါးရုံ၏ဘဝထဲက ရှန်းမထွက်နိုင်သော ဝဋ်ကြွေးတွေပင်ဖြစ်သည်။

"အမေ ပီတိကို ဒီအိမ်ကနေ ဘယ်ကိုပြောင်းရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပီတိလေးက ကလေးပီပီ အငိုမျက်ဝန်းလေးနှင့် အမေးအမြန်း ထူနေသဖြင့် အမေ ပီတိ၏ခေါင်းလေးကို အသာသပ်ရင်း

''သမီးတို့ရဲ့ ကြီးကြီးအိမ်ကိုပေါ့''

''ဘာဖြစ်လို့ ပြောင်းရမှာလဲ အမေ''

''ဘာဖြစ်လို့ပြောင်းရမှာလဲဆိုတော့ ဒီနေရာက စည်ပင်အပိုင်တဲ့၊ ဒါကြောင့် အမေတို့ ဟောဒီရပ်ကွက်ကလေးကို ကျူးကျော်ရပ်ကွက် ဆိုပြီး ဖယ်ခိုင်းလို့ အမေတို့က ဖယ်ပေးရမှာ၊ ဒါကြောင့် သမီးတို့ကြီးကြီး အိမ်နောက်ဖေးက ပိုနေတဲ့မြေကွက်လပ်ကလေးမှာ တဲလေးထိုးပြီး ခဏ နေကြရမှာပေါ့ သမီးရယ်''

ငိုသံနှောကာ အမေ ရှင်းပြနေပေမယ့် ပီတိလေး မျက်လုံး ကလယ်ကလယ်ဖြင့် သဘောပေါက်ပုံမပေါ်။

''ဒါပေမဲ့ ပီတိ သူငယ်ချင်းတွေနဲ့ မခွဲနိုင်ဘူး''

''ဟိုမှာလည်း သူငယ်ချင်းအသစ်တွေရှိပါတယ် ပီတိရယ်''

မြဝါးရုံ ပီတိ၏စိတ်အားငယ်မှုကို ဝင်ရောက်ဖြေသိမ့်ပေးလိုက် သည်။ ပီတိမျက်နှာလေး မျှော်လင့်ချက်ရောင်ခြည်လေးလက်သွားကာ

''တကယ်လား မမ''

''တကယ်ပေါ့''

''ဒါဆို ပီတိ မငိုတော့ဘူး''





ပီတိပါးပေါ်မှ မျက်ရည်စတွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ဆွဲသုတ်လိုက်သည်။ ဖုန်တလောလောထဲ ဆော့ထားသဖြင့် မျက်ရည်စ တွေက ကျီးကြောင်းရာတင်သွားသည်။

''ကဲ အမေလည်း မငိုနဲ့တော့နော်၊ တော်ကြာနေ တွန်းလှည်း လာရင် အလွယ်တကူ တင်လို့ရအောင် ရုံလေး အထုပ်တွေအောက်ကို အဆင်သင့်ချထားလိုက်တော့မယ်''

အိမ်နီးနားချင်းတွေလည်း မြဝါးရုံတို့လိုပင် ကိုယ်နှင့်သင့်တော် မည့်နေရာသို့ ပြောင်းရွှေ့နေကြသဖြင့် မြဝါးရုံတို့ ကျူးကျော်ရပ်ကွက် ကလေးသည် သောကတွေဖြင့် စည်ကားလို့တော့နေ၏။

မြဝါးရုံ ပြောင်းရွှေ့သယ်ပိုးနေကြသော ဘဝတူအိမ်နီးနားချင်း တွေကိုကြည့်ကာ သက်ပြင်းခပ်ကြမ်းကြမ်းချပြီး ထိုင်ရာမှ လေးပင်စွာ ထလိုက်သည်။

ပန်းကန်ခွက်ယောက်တွေ ထည့်ထားသောတောင်းကို မြဝါးရုံ အရင်ဆုံး မချလိုက်သည်။ မနိုင်မနင်းဖြင့် သယ်ချနေသော မြဝါးရုံကို ကြည့်ပြီး အမေပါ မနေသာတော့။

ဖြူဖြူနုနုနှင့် တသွေးသွေးလှသော သမီးလေး အလှတရားတွေ နှင့် မလိုက်ဖက်စွာ အလုပ်ကြမ်းမှန်သမျှ မညည်းမငြူ လုပ်ရှားလုပ်ကိုင် နေရသည့်အဖြစ်ကို ဒေါ်သင်းမွန် မကြည့်ရက်ပေမယ့် ရင်နာနာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေရသည်။

ခုလည်း တစ်ယောက်တည်း မနိုင်မနင်း သယ်ချနေ၍ ဒေါ်သင်း မွန်ပါ မနေသာတော့ဘဲ ကူချပေးသည်။

"ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး နေပါ အမေရယ်၊ ရှဲ့ ကိုယ့်ဟာသာကိုယ် ချပါမယ်"

မြဝါးရဲ့ အမေ့အား ကရုဏာသက်သောအသံဖြင့် ပြောလိုက် သည်။

"ရပါတယ် သမီးရယ်၊ သားအမိနှစ်ယောက် အမြန်လုပ်လိုက် တော့လည်း ပြီးတာပဲပေါ့"

မြဝါး ဆက်တားမနေတော့ဘဲနှင့် သားအမိနှစ်ယောက် အိမ် ကလေးထဲမှာ အထုပ်အပိုးတွေကို ခပ်မြန်မြန်ချလိုက်သည်။

သိပ်မကြာလိုက် အိမ်ပြောင်းဖို့ လှည်းငှားထားသဖြင့် တွန်း လှည်းတွန်းသည့်လူရောက်လာသည်။ လှည်းပေါ်သို့ ပစ္စည်းတွေတင်ပြီး သည်နှင့် မြဝါးရဲ့ပါ လှည်းသမားနှင့်အတူ လှည်းကူတွန်းလိုက်သည်။

ဒေါ်သင်းမွန်နှင့်ပီတိ ယိုင်နဲ့နဲ့အိမ်လေးကို နောက်ဆုံးအနေနှင့် ကြည့်လိုက်ကြသည်။

မြဝါးရဲ့ စိတ်မကောင်းဖြစ်ပေမယ့် ဘာမျှမတတ်နိုင်။

■ ■ ■



## အခန်း (၂)

"တီ တီ တီ"

လှည်းအနောက်မှ အဆက်မပြတ်တီးနေသော ကားဟွန်းသံ ကြောင့် မြဝါးရဲ့နှင့် လှည်းတွန်းသမားအနောက်ကို ပြိုင်တူလှည့်ကြည့် လိုက်ကြသည်။

ခဲပုတ်ရောင် ဗိမ်ခံကားကြီးထဲမှ ခေတ်ဆန်လွန်းသော အမျိုး သမီးကြီးတစ်ဦး၏ ကာလာစုံနေသော မျက်နှာက ဘွားခနဲ ပေါ်လာသည်။

"ဟော့ လမ်းကိုဘာဖြစ်လို့ ပိတ်ပြီးမောင်းနေရတာလဲ၊ မင်းတို့ ိုင်တဲ့လမ်းများထင်နေလို့လား။ ခုချက်ချင်း လမ်းဘေးကိုချပြီးတွန်းစမ်း"

မာထန်သော အမိန့်ပေးသံကြောင့် မြဝါးရဲ့စိတ်ထဲ ဖျဉ်းခနဲ ဖြစ်သွားသည်။ နဂိုကမှ စိတ်ဆတ်တတ်သူဖြစ်သဖြင့် ပြန်ပြောဖို့ နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြင်လိုက်သည်။

"သမီး ဘာမှပြန်ပြောမနေပါနဲ့ကွယ်၊ ဘေးကိုသာ ချပေးလိုက်ပါ"

အမေက အချိန်မီဝင်ပြီး ဘရိတ်အုပ်လိုက်သည်။ မြဝါးရုံ စိတ်ကို ထိန်းလိုက်ရသည်။ အမေနှင့်ညီမလေးပါနေလို့ နို့မဟုတ်ရင် မြဝါးရုံတို့က ရွတ်ပြီးသားပင်။ ဘေးနားမှ လှည်းတွန်းနေသော လူကြီးကလည်း ပြဿနာမဖြစ်ချင်သောပုံဖြင့်

"ဟုတ်ပါတယ် တူမရယ်၊ သူတို့လို ပိုက်ဆံရှိတဲ့လူတွေနဲ့ ယှဉ်ဖြစ်မနေပါနဲ့၊ အလကား၊ လူကို လူလို့မမြင်တဲ့အတန်းအစားတွေ"

"ဟော့ အောက်တန်းစားတွေ နားမပါဘူးလား၊ နင်တို့ အစုတ်ပလုပ်တွေတင်ထားတဲ့လှည်း ခုချက်ချင်း ဖယ်ပေးလို့ ပြောနေတယ် မဟုတ်လား"

"တောက်"

မြဝါးရုံ စိတ်မထိန်းနိုင်တော့သဖြင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး စလွယ်သိုင်းထားသော လယ်သာလွယ်အိတ်ကို အနောက်သို့ ခပ်ဆတ်ဆတ် လွှဲပို့လိုက်ပြီး

"အောက်တန်းစားတွေလို့ ရင့်ရင့်သီးသီး ပြောနေတဲ့ရှင်ကြီးကရော ဘယ်လောက်တောင် အဆင့်အတန်းမြင့်နေလို့လဲ၊ ပါးစပ်က





လည်း ကြမ်းလိုက်တာ၊ စီးထားတဲ့ကားနဲ့တောင် မတန်ဘူး၊ ဘာလဲ ရှင်ကြီးက ငါးရောင်းရင်းနဲ့ ချမ်းသာသွားတာလား"

"ဘာပြောတယ်"

ထိုမိန်းမကြီး ဒေါသကြောင့် မျက်နှာကြီး ပို၍ပင် ခက်ထန်သွားကာ ကားတံခါးကို ဆတ်ခနဲ တွန်းဖွင့်ပြီး ကားနှင့်ခပ်လှမ်းလှမ်းတွင် ဘုဆတ်ဆတ်ရပ်နေသော မြဝါးရုံဆီသို့ ဒေါက်ဖိနပ်သံ တဂွပ်ဂွပ်ဖြင့် ဒေါသတကြီးလျှောက်လာ၏။

"အောက်ကြမ်းခင်းက ကလေကချေတွေ ငါ့ကို ရာရာစစ ဒီလို ပြောရဲတယ် ဟုတ်လား"

ထိုမိန်းမကြီးရဲ့လက်က မြဝါးရုံ၏ ချွေးတွေစိုသီးနေသော ပါးပြင်ဆီသို့ ဝဲခနဲ ကျလာရန် အရှိန်ဖြင့် မြှောက်လိုက်သည်။ မြဝါးရုံတို့ကလည်း လျှင်ပြီးသား။ စိန်ရောင်တွေ တလက်လက်တောက်နေသော ထိုမိန်းမကြီး၏လက်တွေကို ဖတ်ခနဲ ဖမ်းဆုပ်လိုက်သည်။

"ဒီမှာ ကျွန်မတို့လို အောက်တန်းစားတွေရဲ့ပါးကို ရိုက်မယ်ဆိုရင် ဟောဒီ စိန်လက်စွပ်တွေချွတ်ပြီး ရှင်ကြီးရဲ့လက်တွေကို ချီးအရင်သုတ်လိုက်ဦး ဟုတ်ပြီလား"

မြဝါးရုံ အတည်ငြိမ်ဆုံးသော မထီမဲ့မြင်ပုံစံနှင့် ပြောပြီး ဆုပ်ကိုင်ထားသော ထိုမိန်းမကြီး၏လက်ကို အရှိန်ဖြင့် ဆောင့်တွန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

"အား"

"အ အမလေး"

ထိုမိန်းမကြီး အနောက်သို့ယိုင်ထိုးကာ ကွန်ကရစ်လမ်းဘေးရှိ ရေမြောင်းထဲသို့ ပုံမကျပန်းမကျ ပြုတ်ကျသွားသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသဖြင့် အမေနှင့်ပီတိလေးက ပါးစပ်အဟောင်းသားဖြင့် ထိုမိန်းမကြီးကိုကြည့်နေ၏။ လှည်းတွန်းသမား ကြီးလည်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ကြောင်ကြည့်နေသည်။

"ဦးလေးကြီး ဘာရပ်ကြည့်နေတာလဲ၊ တွန်းလေ သွားမယ်"

"ဒီ ဒီကိစ္စကရော"

"အို သူ့အကုသိုလ်နဲ့သူဖြစ်တာ ဘာမှမတတ်နိုင်ဘူး"

"သမီးရယ် မကောင်းပါဘူးကွယ်၊ တော်ကြာ ကိုယ့်အမှုပတ် နေမယ်"

အမေ့ပုံစံက ရေမြောင်းထဲမှာ ဖားလက်တက်လိုဖြစ်နေရှာသော ထိုမိန်းမကြီးကိုကြည့်ပြီး စိုးရိမ်နေပုံရသည်။

"ကဲ အမေ လာ မြန်မြန်သွားမယ်၊ ဘာမှအမှုမပတ်ဘူး။ ဒီမှာ အကြာကြီးရပ်နေရတာကမှ ဒီမိန်းမကြီး ယက်ကန်ယက်ကန်ပုံကို ကြည့်ပြီး အမေ စိတ်အနှောင့်အယှက် ဖြစ်နေရမယ်"



အမေ ဘာမျှထပ်မပြောတော့ဘဲ ပီတိလေး လက်ကို ဆွဲပြီး အရှေ့မှ ခပ်သုတ်သုတ်လျှောက်သွားသည်။ မြဝါးရုံ လှည်းကို မင်သေသေ ဖြင့် ဆက်တွန်းလာလိုက်သည်။ ရင်ထဲမှာတော့ လူကို နှိမ့်ချပြောဆိုသော ထိုမိန်းမကြီး၏ပုံစံကိုကြည့်ပြီး ကျေနပ်သွားမိသည်။

လှည်းတွန်းသမားကြီးကတော့ စိတ်မလုံသူလို အနောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့်။

မြဝါးရုံဆိုတာ လူကသာ မချမ်းသာတာ။ မာနကတော့ တကယ့် မီလျံနာ။ လောကမှာ မာနတွေကိုသာ ပုံထပ်ပြီး ပြိုင်မယ်ဆိုရင် မြဝါးရုံ ၏ မရှိဆင်းရဲမာနက မိုးကိုထိုးမယ်ထင်၏။

အနောက်ဘက်မှ ထိုမိန်းမကြီး၏အသံက ပလုံးပထွေးဖြင့် ခပ် ဝေးဝေးမှာကျန်ခဲ့၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟာ မာမီ၊ ဒါက ဘယ်လိုဖြစ်တာလဲ"

နေတံခွန် ကားပေါ်ကဆင်းဆင်းချင်း ကားနားတွင် ရပ်နေသော မာမီ ဒေါ်ခေမီမြတ်ကျော်၏ရွှံ့အလိမ်းလိမ်းပေနေသောပုံကိုကြည့်ပြီး တအံ့တဩမေးလိုက်သည်။

ဒေါ်ခေမီမြတ်ကျော်မှာ ဒေါသကြောင့် ဆောက်တည်ရာမရဖြစ်နေသောပုံစံဖြင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး

"အောက်တန်းစားမတစ်ယောက် မာမီ့ကို တွန်းချသွားတာလေ၊ ဟွန်း ဟွန်း ဒေါသဖြစ်လိုက်တာ နေလို့တောင်မရတော့ဘူး"

"မာမီက သူ့ကို ဘာသွားလုပ်လိုက်လို့လဲ"

နေတံခွန် မေးသာမေးလိုက်ရသည်။ ကိုယ့်မာမီအကြောင်းသိထားသူမို့ တစ်ဖက်သား မလွန်ဘူးဆိုတာ ကြိုတွက်ပြီးသားပင်။ ထို့ကြောင့် ပြုံးစိစိမျက်နှာဖြင့်

"ကဲ ဒီပုံစံကြီးနဲ့ မာမီ ကားပေါ် ဘယ်လိုတက်လိုက်မလဲ၊ ရွှံ့တွေက ကားထဲမှာပေပွကုန်မှာပေါ့"

"အို ဒါဆို မာမီက အိမ်ကို လမ်းလျှောက်ပြန်ရမှာလား"

"လမ်းတော့ လျှောက်ပြန်စရာမလိုပါဘူး၊ သားကို မာမီ ဖုန်းဆက်ခေါ်ကတည်းက အခြေအနေအားလုံးသိပြီး ကြိုပြင်ဆင်လာတာ၊ အဟဲ မောင်တိုးကို စက်ဘီးနဲ့လိုက်လာဖို့ခေါ်ထားတယ်၊ ဒီတော့ အိမ်ကို စက်ဘီးနဲ့လိုက်ပြန်ရုံပေါ့"

ပြောနေရင်းမှ မောင်တိုး စက်ဘီးကို ခပ်လှမ်းလှမ်းမှနင်းလာတာကို နေတံခွန် တွေ့သဖြင့် မေးဆတ်ပြလိုက်ပြီး

"ပြောရင်းနဲ့လာပြီ"

အဝေးမှ စက်ဘီးနင်းလာသော မောင်တိုး ရွှံ့ရေတွေ အလိမ်းလိမ်းပေနေသော ဒေါ်ခေမီမြတ်ကျော်၏အဖြစ်ကိုကြည့်ပြီး စိတ်ထဲမှာ အတော်လေးကို သဘောခွေ့၍နေသည်။

အမြဲတမ်း မောက်မာနေသော ဒေါ်ခေမီမြတ်ကျော် ခုတော့ ဘယ်သူ့လက်ချက်ကြောင့် အရှက်ကွဲရလေပြီ မသိ။ အတွေးဖြင့် စက်ဘီးကို တအိအိနင်းနေသော မောင်တိုးကို ဒေါ်ခေမီမြတ်ကျော် မနှစ်မြို့သာန်




www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး

"မောင်တိုး စက်ဘီးကို မြန်မြန်နင်းလာစမ်း၊ လှုပ်လီလှုပ်လဲ့နဲ့"

"ဗျာ ဟုတ် ဟုတ်ကဲ့ အန်တီ"

မောင်တိုး ခပ်သွက်သွက်နင်းလာပြီး ဒေါ်ခေမိမြတ်ကျော့ရှေ့မှာ ကွိခနဲ ရပ်လိုက်သည်။

"မောင်တိုး မာမီကို မင်းပဲ စက်ဘီးနဲ့တင်နင်းပြီး အိမ်ကိုအရင်ခေါ်သွား၊ ပြီးရင် ပြန်လာခဲ့၊ မာမီကားကို လာပြန်ယူ"

"သားက ဘယ်သွားဦးမလို့လဲ"

"ယောက်ဖနဲ့ဂေါက်ကွင်းမှာ ချိန်းထားတယ်လေ"

"အေး မင်းတို့လည်း တစ်နေ့တစ်နေ့ ဒီအလုပ်ပဲလုပ် သိလား၊ ကုမ္ပဏီသွားရင်သွား မသွားရင် ကော်ဖီဆိုင်သွားလိုက်၊ မာဆတ်သွားလိုက်၊ အဲဒီတွေကိုသွားလို့ ရိုးသွားရင် ဂေါက်ကွင်းဘက်ကိုလှည့်"

ဒေါ်ခေမိမြတ်ကျော့ မကျေမနပ် ဗျစ်တောက်ဗျစ်တောက်ဖြင့် ပြောပြီး မောင်တိုး စက်ဘီး၏ကယ်ရီယာခုံပေါ် တက်လိုက်သည်။

"ဒီနေ့ ညနေ ပါတီတစ်ခုတက်စရာရှိတယ်၊ မင်းပါလိုက်ခဲ့ရမယ် ဒါကြောင့် စောစောပြန်လာခဲ့"

"ရက်စ် မာမီ"

နေ့တံခွန် မိခင်၏မှာကြားခြင်းကို ပြောင်စပ်စပ် အမူအရာဖြင့်



ဖြေလိုက်သည်။

မောင်တိုး ဒေါ်ခေမိမြတ်ကျော့၏ခပ်ဖိုင့်ဖိုင့်ကိုယ်လုံးကြီးကို စက်ဘီးပေါ် မနိုင်မနင်းတင်ပြီး နင်းရသဖြင့် သိပ်ပြီးမသက်သာလှ။

ဒေါ်ခေမိမြတ်ကျော့ နံစော်နေသော ရေမြှောင်းပုတ်နံ့ကို စိတ်မသာစွာ ရှူရှိုက်နေရသဖြင့် အော်ဂလီဆန်တာ နှာခေါင်းကို လက်နှစ်ဖက်ဖြင့် ပိတ်ထားရသည်။

စိတ်ထဲမှာတော့ စောစောက လုပ်သွားသော လူ့စွာတေးမလေးကို အကြိမ်တစ်ရာမက ကျိန်ဆဲနေလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ရုံလေး ဒီအခန်းကျဉ်းလေးထဲမှာနေရတာ နင့်အဖို့ စိတ်ကျဉ်းကျပ်ရင် ငါ့အခန်းမှာ လာအိပ်ပါလား။ ငါလည်း အဖော်ရတာပေါ့"

"နေပါစေ မမ သဋ္ဌာရယ်၊ ရုံတို့မှာရှိတာမှ မိသားစုလေး သုံးယောက်ထဲဟာ၊ အမေနဲ့ညီမလေးကိုခွဲပြီး ရုံ ဘယ်မှာမှ မအိပ်တော့ပါဘူး"

မြဝါးရုံဘဝမှာ မိသားစုအပေါ် တစ်ကိုယ်ကောင်းဆန်သည့်စိတ်တွေ ဘယ်တော့မှ မွေးမည်မဟုတ်။ အမေ့အစ်မ ဝမ်းကွဲ၏ အိမ်နောက်ဖေး မြေကွက်လပ်ကလေးမှာ ကျောတစ်ခင်းစာ နေရာလေး ရခဲ့တာနှင့်ပင် မြဝါးရုံရင်ထဲမှ အပူသောကတွေ နည်းနည်းတော့ ငြိမ်းသွားစေသည်။



သို့သော် ထိုမျှလောက်နှင့် ရပ်တန့်နေ၍မရသေး။ ကိုယ့်အိုးကိုယ့်အိမ်လေးနှင့် နေနိုင်ရန် မြဝါး ကြိုးစားရဦးမည်။

အမေက အသက်ကြီးပြီဆိုတော့ အမေ့ကိုလည်း မြဝါး ဘာအလုပ်မျှ မခိုင်းရက်။ ပီတိလေးကလည်း ခုမှ ငါးတန်းသာရှိသေး၍ မိသားစုစီးပွားရေးမှာ ဘာအထောက်အကူမှ မရနိုင်သေး။

ဒီတော့ အရာအားလုံးဟာ မြဝါးရုံ၏ပခုံးပေါ်မှာသာ တင်နေရစ်ပြီ။ သို့သော် မြဝါးရုံ စိတ်ဓာတ်ကျအားပျော့၍မဖြစ်။ ဘဝကို ကြံ့ကြံ့ခံနိုင်ရမည်။ ဦးဆောင်သူက အားလျှော့လိုက်လျှင် နောက်လိုက်တွေအတွက် မျှော်လင့်ချက်ဆိုတာ ခပ်ရေးရေး ခပ်မှုန်မှုန်တောင် ရှိတော့မည် မထင်။

"ဒါနဲ့ အခု နင့်အလုပ်က အဆင်မပြေဘူးဆို၊ ငါ့ကို အန်တီမွန်ပြောတယ်"

"ဟုတ်တယ် တစ်လကို လစာလေး သုံးသောင်းခွဲပဲရတာ၊ အိမ်စရိတ်က ဘယ်လိုမှမလောက်ဘူး။ အဲဒါတောင် အမေက သုံးတတ်ခွဲတတ်တဲ့သူမို့လို့ မသုံးတတ်မခွဲတတ်တဲ့အမေနဲ့သာဆိုရင် ရုံ ပိုပြီးရှာရမှာ"

ခပ်ညည်းညည်းလေးပြောနေသော ရုံ့ကိုကြည့်ပြီး မသဋ္ဌာ သက်ပြင်းမော့လေး ချလိုက်သည်။ ရှေ့ကြည့်လည်း ရင်ဘတ်၊ နောက်ကြည့်လည်းကျောဆိုသလို ကိုယ်တွေ အခြေအနေကလည်း လက်လှုပ်မှ ပါးစပ်လှုပ်ရတာမို့ ငွေပိုငွေလျှံဆိုတာက ဗလာနတ္ထိ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆင်းအတိုင်း ကူညီထောက်ပံ့ချင်ပေမယ့် တကယ်တမ်း ...တွေမှာလည်း ကိုယ်ကိုယ်၌က အိမ်ကလေးတစ်လုံးကလွဲပြီး အခြေ နှင့်ကိုယ်မှာ ဗိုက်ပြည့်သည်ဆိုရုံလေး စားနေရတာ။ ထို့ကြောင့် စာနာစိတ်ကလေးဖြင့် အမေ့ဆီမှာ ခွင့်တောင်းပြီး အမေ့ညီမ ဒေါ်သင်းမွန်တို့ကို ဒီမှာ ခဏလောက် နိုခွင့်ပေးလိုက်ပါဟုပြောသဖြင့် အမေကလည်း ဆွေချစ်မျိုးချစ်မို့ ကြည်ကြည်ဖြူဖြူပင် နေစေခဲ့၏။

တဲလေးက အလွန်သေးလွန်းသည်။ ဒီနေရာအိပ် ဒီနေရာစား ဒီနေရာမှာတင် ချက်ပြုတ်ရသောအခြေအနေ။

ဒီကြားထဲ နောက်ဖေးလမ်းကြားမှ မိလ္လာတွင်းတွေနှင့်ကပ်နေတော့ အနံ့အသက်တွေက တလှိုင်လှိုင်။ မသဏ္ဍာ စိတ်မကောင်းဖြစ်ရုံမှအပ ဘာမှမလုပ်ပေးနိုင်။ ဆင်ခြေဖုံးရပ်ကွက်မှာနေရင်တော့ ထိုအခြေအနေက မပြောပလောက်။ ရပ်ကလေးက ချစ်စရာသနားကမားလေးဖြင့် နေနေရသည့်ဘဝအဆင့်အတန်းနှင့် လားလားမျှမအပ်စပ်။

"ဒီအလုပ်က ကိုယ့်အတွက် တွက်ချေမကိုက်ရင် ဒီထက်ဝင်ငွေရမယ့်အလုပ်လေးတစ်ခု ပြောင်းလုပ်ပါလား ရုံလေးရယ်"

"ရုံလည်း နီးစပ်ရာတွေမှာ စနည်းနာနေတာပါပဲ၊ ဝင်ငွေပိုရမယ့်အလုပ်တွေ့ရင်တော့ ပြောင်းလုပ်ဖို့ စိတ်ကူးထားတယ်"

"အေးလေ အစ်မလည်း နီးစပ်ရာတွေမှာ မေးကြည့်ပါဦးမယ်၊





...ခင်ရော စားပြီးပြီလား၊ မစားရသေးဘူးဆိုရင် ဝင်စားပါလား"

"ဟင့်အင်း မစားရသေးဘူး၊ အိမ်မှာလည်း ခုတင်ချက်ပြီးလို့ ...တာနဲ့စားမလာဘူး"

"ဘာချက်လဲ"

ဘာချက်လဲဟု မေးသဖြင့် မြဝါးရုံ ခပ်ယဲ့ယဲ့ရယ်လိုက်ပြီး

"ထုံးစံအတိုင်း ငပိဖျော်ကောင်းကောင်းနဲ့ ကန်းစွန်းရွက်ကြော်ပေါ့"

"ဟယ် ဒါဆို ငါတို့အိမ်နဲ့သိပ်မကွာဘူး၊ ငါတို့အိမ်က ကန်းစွန်းရွက်ချဉ်ရည်ဟင်းနဲ့ ငပိကြော်"

ညီအစ်မနှစ်ယောက် တစ်ယောက်ဟင်းချက်ကို တစ်ယောက်ပြောပြီး သဘောကျစွာ ရယ်လိုက်ကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ကျောင်းကျောပိုးအိတ် ခပ်နွမ်းနွမ်းလေးကို လွယ်ပြီး ကြီးမှေ့တို့အိမ်လေး လမ်းကြားကျဉ်းကျဉ်းလေးထဲမှ နောက်ဖေးတံခါးပေါက်လေးသို့ တလှုပ်လှုပ် လျှောက်လာနေသော ပီတိလေး၏မျက်နှာက ညှိုးမှိုန်နေသည်။

တံပေါက်ဝတွင် ထိုင်ပြီး ဆိပ်န်ရှေးနေသော ဒေါ်သင်းမွန် ရွှင်ရွှင်ပျပျ မရှိသော ပီတိလေးကိုကြည့်ကာ

"သမီး ပီတိလေးမျက်နှာလည်း မကောင်းပါလားကွယ်၊ ဘာဖြစ်လို့လဲ ကျောင်းမှာ စာမရလို့လား"

မိခင်မေးတော့မှ ပီတိလေး၏မျက်လုံးမှ မျက်ရည်အချို့ တိုးဝေ့လာပြီး နှာခေါင်းလေး တရှုံ့ရှုံ့လုပ်ကာ



"စာ စာမရလို့ မဟုတ်ပါဘူး မေကြီးရယ်"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ဆရာကန်တော့ပွဲအတွက် မေကြီး ဝယ်ထည့်ပေးလိုက်တဲ့ အင်္ကျီပိတ်စကို ပီတိက ဆရာမကို သွားပေးတာကို ဆရာမက ယူကြည့်ပြီး ငါ့အိမ်မှာ ဒီလိုမျိုးပိတ်စကို လက်နှီးစုတ်ကောင် မလုပ်ဘူးတဲ့ နင့်ပိတ်စကို နင်ဘာသာပဲ ပြန်ယူသွားလို့ပြောပြီး ပီတိ ပိတ်စကို လွှတ်ပစ်လိုက်တယ်"

ဒေါ်သင်းမွန် ငိုမဲ့မဲ့ဖြင့် စိတ်မကောင်းကြီးစွာ ပြောနေရှာသော ပီတိလေး၏စကားကြောင့် ကိုယ့်နားပင် ကိုယ်မယုံချင်။ တပည့်တစ်ယောက်က ဆရာမကို ရိုသေသမှုနဲ့ ကန်တော့တဲ့ ကန်တော့ခံပစ္စည်းကို ခုလို ပြောရက်သတဲ့လား။

"ဘုရား ဘုရား သမီး ဆရာမက အဲဒီလို ပြောလိုက်သတဲ့လား။ အမေဖြင့် အံ့သြလိုက်တာ သမီးရယ်"

"နောက်ပြီး ရှိသေးတယ် မေကြီးရဲ့၊ သမီးဘေးနားက စုဝါဆိုကကျတော့ ပါတိတ်ထဘီကန်တော့တာကိုလေ ဆရာမက ပြောသေးတယ် ငါ့မှာ ပါတိတ်တွေ အများကြီးတဲ့၊ နင့်အမေကို ပြောလိုက် ထီးနဲ့ပြန်လဲပေးပါဆိုပြီးတော့ ပြောခိုင်းလိုက်တယ်"

ပီတိ ပြောနေသော အကြောင်းအရာတွေသည် ဆရာမတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘယ်လိုမှ မပြောသင့် မလုပ်သင့်သည့်လုပ်ရပ်ဖြစ်သည်ဟု ဒေါ်သင်းမွန် စိတ်မသက်သာ တွေးလိုက်ပြီး ကိုယ့်သမီးကိုသာ နှစ်သိမ့်ရယ် အပြုံးဖျော့ဖျော့ပြုံးပြီး စကားစရှာလိုက်သည်။

"သမီးရယ် ဆရာမကို အပြစ်မတင်ပါနဲ့ကွယ်၊ သမီးဆရာမက သူ့ငွေတွေမို့လို့ အမေတို့ ဝယ်ပေးတဲ့ထောင့်ငါးရာတန် ပိတ်စကို တန်ဖိုးရှိတဲ့ပိတ်စလို့ ဘယ်သတ်မှတ်တော့မလဲ၊ နောက်နေ့ကျမှ အမေ ဒီထက်တန်ဖိုးရှိတဲ့ အကျီပိတ်စလေးကိုဝယ်ပြီး ကန်တော့ခိုင်းပါမယ်ကွယ်"

"တကယ်လား မေကြီး"

"တကယ်ပေါ့ သမီးရယ်"

"ဒါဆို ပီတိလေးကို ဆရာမက ပြန်ချစ်လာမှာပေါ့နော် မေကြီး"

"ဒါပေါ့ သမီးရဲ့"

"အင်း ဒါပေမဲ့ ဆရာမက တစ်သောင်းကျော်တန်ပါတိတ်မှ သဘောကျတာ မေကြီးရဲ့၊ မေကြီးမှာရော အဲဒီလောက် ပိုက်ဆံရှိလို့လား"

ပီတိ၏အမေးကြောင့် ဒေါ်သင်းမွန် မျက်နှာပျက်သွားသည်။

"သမီး မမ ပြန်လာရင် ပိုက်ဆံပါလာမှာပေါ့၊ အဲဒီကျရင် မေကြီး သွားဝယ်ပေးမယ်ကွယ်"

"ဘာတွေ သွားဝယ်ပေးမယ်လို့ ပြောနေတာလဲ အမေ"





တဲပေါ်သို့ တက်လာသော မြဝါးရုံနှင့်မသဥ္ဇာကို သားအမိနှစ်ယောက် ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ ပီတိလေးက ကလေးပီပီ ကျောင်းမှာဖြစ်ပျက်ခဲ့သော အကြောင်းအရာတွေကို တစ်လုံးမကျန် ပြန်ပြောပြ၏။

မသဥ္ဇာက တအံ့တသြ စုတ်တသပ်သပ်။ မြဝါးရုံကတော့ အံ့သြခြင်းဆိုတာထက် ဝန်ထုပ်ဝန်ပိုးတစ်ခု ရင်ဘတ်သို့ ရိုက်ခတ်လိုက်သလိုလေးလံသွားရသည်။

"မမ ပိုက်ဆံပါလားဟင်၊ ပီတိဆရာမကို တစ်သောင်းကျော်တန် ပါတိတ်ဝယ်ပေးမယ်လို့ မေကြီးက ပြောတယ်၊ တကယ်လားဟင် မမ"

မြဝါးရုံ၏လက်မောင်းကို အားကိုးတကြီး ကိုင်လှုပ်နေသော ညီမလေး ပီတိကို အားဖျော့သောနှစ်သိမ့်ပြုံးလေး ပြုံးပြလိုက်ပြီး

"ဝယ်ပေးမှာပေါ့ ညီမလေးရယ်၊ မမ နောက်ထပ်အလုပ်တွေအများကြီးလုပ်ပြီး ပိုက်ဆံရရင် ညီမလေး ဆရာမလိုချင်တဲ့ ပါတိတ်ထဘီဝယ်ပေးမယ် သိလား"

မျှော်လင့်ချက် မက်လုံးလေး ပေးလိုက်တာနှင့် ပီတိလေး၏ မျက်နှာ လတစ်စင်းလို လင်းထိန်သွားသည်။ အမေ ပျော်နေရှာသော ပီတိလေးကိုကြည့်ပြီး သက်ပြင်းခိုးတစ်ခု ဟင်းခနဲ ချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မသဉ္ဇာ ရုံကိုခေါ်တယ်ဆို"

"အေး ဟုတ်တယ် အလုပ်ကိစ္စတစ်ခု ပြောစရာရှိလို့ လာထိုင်"

မြဝါးရုံ မသဉ္ဇာ၏အိပ်ရာဘေး ကြမ်းခင်းတွင် ခပ်ကျုံ့ကျုံ့ဝင်ထိုင်လိုက်သည်။

"ဘာအလုပ်လဲ မသဉ္ဇာ"

"ကော်ဖီဆိုင်မှာ ညဘက်အချိန်ပိုင်း လုပ်ရမယ့်အလုပ်"

"တစ်နေကုန်လုပ်စရာမလိုဘူးလား"

"မလိုဘူး ညနေ ငါးနာရီမှစပြီး ဝင်ပေးရမယ်တဲ့ ငါ့ကို ကိုကျော်



ထူးပြောတာ၊ သူက အဲဒီမှာ သန့်ရှင်းရေးလုပ်သား ညပိုင်း Section မှာ ကောင်မလေးတစ်ယောက် အလုပ်ထွက်သွားတော့ နေရာတစ်နေရာ လွတ်နေလို့ နင့်ညီမကို လုပ်နိုင်းပါလားလို့ လာပြောလို့ နင့်ရုပ် နင့်ရည် လေးနဲ့ဆို အလုပ်ခန့်မှာ ကျိန်းသေတယ်"

"ရုံ လုပ်မယ် မသဉ္ဇာ"

"အေး ဒါဆို ငါ ကိုကျော်ထူးကို သွားပြောလိုက်မယ်၊ သူက နင် စိတ်ဝင်စားတယ်ဆိုရင် ညနေ အလုပ်ဆင်းတာနဲ့ သူနဲ့တစ်ခါတည်း လိုက်သွားရမှာ၊ ဘယ်လိုလဲ နင့်အလုပ်နဲ့အချိန်မီမယ်မဟုတ်လား"

"အင်း မီမှာပါ၊ ရုံ့အလုပ်က ညနေ လေးနာရီဆိုတာနဲ့ အိမ်ကိုရောက်တာဆိုတော့ အချိန်ကိုက်ပါပဲ"

မြဝါးရုံ့ အလုပ်သစ်တစ်ခုအတွက် စိတ်ခေတ်တက်ကြွ၍နေ၏။ မိသားစု စားဝတ်နေရေး အဆင်ပြေဖို့အတွက် မြဝါးရုံ အလုပ်နှစ်ခုလုပ်မှ ဖြစ်မည်။

"မိဖာရယ် ညည်းကလည်း အလုပ်သစ်ကို အတင်းကို ရှာပေးတော့တာပဲ၊ ကိုယ့်ညီမကိုလည်း ကိုယ်ပြန်ကြည့်လိုက်ဦး၊ လူက ဖြူဖြူယွဲ့ယွဲ့ရယ်၊ အလုပ်နှစ်ခုကို လုပ်နိုင်ပါ့မလား၊ နေ့ဘက်ဆို ထမင်းဆိုင်မှာ တစ်နေကုန် ချက်ပြုတ်ဆေးကြောရနဲ့ ညဘက်ကျတော့ ကော်ဖီဆိုင်မှာ စားပွဲထိုးလုပ်ရဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ညြော် အမေရယ်၊ ထမင်းဆိုင်မှာ သူ့ မချက်ရပါဘူး၊ သူက ဘေးကနေအကူပါ၊ ပင်ပန်းတာမှန်ပေမယ့်လည်း အိမ်စရိတ် ဖူလုံဖို့ အတွက် အလုပ်ကိုရွေးနေလို့မှမရတာပဲ အမေရယ်"

"အေးပါအေ ကျုပ်ကလည်း ကျုပ်တူမလေး အင်အားနဲ့မမျှတဲ့ အလုပ်ကို လုပ်နေရမှာစိုးလို့ စိတ်ပူလို့ပြောတာ၊ ဖိုးသူတော်လဲရင် တောင် ဝေးမကာယ်နိုင်ဘူး မဟုတ်လား"

"အမေပြောတာလည်း ဟုတ်ပါတယ် အမေရယ်၊ ဒါပေမဲ့ ဒီ လိုမှ မလုပ်ရင်လည်း သူတို့မိသားစု စားဝတ်နေရေးက အရမ်းကိုကျပ် တည်းနေဇလတော့ သမီးကလည်း ကိုယ်တတ်နိုင်တဲ့တာက်က အကူအညီ ပေးတာပါ"

"ဟုတ်ပါတယ် ကြီးမေရယ်၊ ကြီးမေက ရုံ့အတွက် စိတ်ပူလို့ သတိပေးပေမယ့် ရုံ့လုပ်နိုင်ပါတယ်"

"အေး အေး ဒါပေမဲ့ ကိုယ့်ကျန်းမာရေးတော့ ကိုယ်ဂရုစိုက် ကြားလား၊ ဌါသမီးက မိဘကျေးဇူးကိုသိတော့ ဘယ်နေရာမှာပဲလုပ်လုပ် လူသူတော်ကောင်းနဲ့တွေ့မှာပါ"

ကြီးမေ ပြောပြောဆိုဆိုဖြင့် အခန်းဝမှ အိမ်အပြင်သို့ ပြန်၍ လှည့်ထွက်သွားသည်။

"ကဲ မသဇ္ဈာ ရုံ ခုလောလောဆယ်တော့ နေ့ပိုင်းအလုပ်





ဆင်းလိုက်ဦးမယ်"

"ဌါ ကိုကျော်ထူးကိုပြောလိုက်တော့မယ်နော်၊ နင်လုပ်မယ်ဆို တာကို"

"ပြောလိုက်လေ၊ ရုံ ညနေအမီ ပြန်လာမှာပါ သွားပြီ"

"အေး အေး ကိုကျော်ထူး ကော်ဖီဆိုင်မသွားခင်တော့ အမီ ပြန်လာခဲ့ဦး"

"အင်းပါ သွားပြီ"

မြဝါးရုံ မသဇ္ဈာကို နှုတ်ဆက်ပြီး အလုပ်သွားဖို့ပြင်ဆင်ရန် အိမ်ကလေးဆီသို့ ပြန်သွားသည်။

ရုံ တက်ကြွနေတာတွေ့ရတော့ မသဇ္ဈာ အလုပ်ပြောပေးရကျိုး နပ်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

တရှိုက်ရှိုက်ငိုနေသော သမီးဖြစ်သူကိုကြည့်ပြီး ဒေါ်ခေမီမြတ်ကျော် သောက်လက်စ စီးကရက်ကို ဆေးလိပ်ပြာခွက်ထဲ ခြွေထည့်ရင်း စိတ်မသက်သာစွာ သက်ပြင်းချလိုက်သည်။

ပြီးနောက် သမီးဖြစ်သူကို အသင့်တော်ဆုံး အကြံဉာဏ်ပေးဖို့ အပြေးအလွှား စဉ်းစားလိုက်သည်။ ရသင့်ရထိုက်သော အခွင့်အရေးတွေကို ဒေါ်ခေမီမြတ်ကျော် လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်။

အစောကြီးကတည်းက ဒီယုန်မြင်လို့ ဒီခြုံထွင်ခဲ့တာပဲ။ ကိုယ့်သမီးလေးကို ခုလိုမျိုး သန်းပေါင်းများစွာ ချမ်းသာသော သူဌေးကြီး၏သားနှင့် လက်ထပ်နိုင်အောင် ဒေါ်ခေမီမြတ်ကျော် နောက်ကွယ်ကနေ





ဟာကွက်မရှိအောင် ကြိုးကိုင်ခဲ့ရသည့်အဖြစ် ဘယ်သူသိနိုင်မှာလဲ။

ဒေါ်ခေမီမြတ်ကျော်မှာ သားတစ်ယောက် သမီးတစ်ယောက်ရှိ၏။ သမီးကြီး နွေရာလင်းကိုတော့ စိတ်တိုင်းအကျဆုံးသော အထက်တန်းစား သမက်ကို ရွေးချယ်ပြီး လက်ထပ်ပေးထား၍ စိတ်အေးသလောက် ရှိနေပြီးနောက် သားအတွက် နောက်ထပ် ရတနာပုံတွေပေါ်မှာ ထိုင်သော အထက်တန်းစားချွေးမလေးတစ်ယောက် ရှာမည်ဟု စိတ်ကူးပြီးကာမှ ယခု သမီးအတွက် ရတက်မအေးနိုင်သော သောကတွေက ရင်ထဲကို တစ်နှင့်ချီပြီး ဝင်ရောက်လာပြန်သည်။

"သမီးရယ် သေသေချာချာရော စစ်ပြီးတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မာမီရယ်၊ မသေချာမှာစိုးလို့ နှစ်ခါတောင်ပြန်စစ်ပြီးသွားပြီ၊ လင်း ကိုယ်ဝန်မဆောင်နိုင်တာ လုံးဝကျိန်းသေတယ်"

အဖျားခတ်မှာ တုန်ယင်သွားသော သမီးလေး၏အသံထဲမှာ ဆုံးရှုံးမှုတွေ ဝမ်းနည်းအားငယ်မှုတွေ တစ်သီတစ်တန်းကြီး ပါဝင်နေတာ သိသာထင်ရှားလွန်း၏။

"ဒါဆိုလည်း အငှားကိုယ်ဝန်ဆောင်လိုက်ပေါ့ သမီးရယ်၊ ဒီခေတ်ကြီးမှာ အိမ်ရှင်မတစ်ယောက် ကိုယ်ဝန်မရနိုင်တာ အရာအားလုံးကို ဆုံးရှုံးရမယ့် အကြီးမားဆုံး ဆုံးရှုံးမှုကြီးတစ်ရပ်မဟုတ်ပါဘူး၊ လောကကြီးကတော့ လူတစ်ယောက်ရဲ့ဘဝကို သူ့ဝဋ္ဋရားအတိုင်း စီရင်ချက်



www.burmeseclassic.com

www.burmeseclassic.com



ချသွားမှာပဲ၊ ဉာဏ်ရှိတဲ့လူတွေကသာ သူ ချမှတ်ထားတဲ့အကွက်ထဲကနေ ရှောင်လွှဲပြီး နောက်အကွက်တစ်ကွက်ကို လှလှပပကြီး ရွှေ့နိုင်ရမှာပေါ့''

ဒေါ်ခေမီမြတ်ကျော်ပုံစံက တစ်ပတ်မညှိုးတဲ့နတ်ဒိုးလို သမီးတစ်ယောက်၏ဘဝအခက်အခဲကို ဖြေရှင်းပေးရာမှာ သီချင်းကြီးတွေ ဆိုညည်းရတာလောက် ခက်မည်မထင်။

''မာမီက လင်း ကိုယ်ဝန်မဆောင်နိုင်တာနဲ့ပဲ မတွေးကောင်းတာတွေ မတွေးပါနဲ့ မာမီရယ်၊ ဒီကိစ္စက မာမီပြောသလောက် မလွယ်ပါဘူး''

''မလွယ်မှန်းသိတယ်၊ ဒါပေမဲ့ အဲဒီမလွယ်တာကို လွယ်အောင် ဖြေရှင်းနိုင်မှ သမီးအနေနဲ့ ချွေးမကြီးတစ်ယောက် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရနိုင်မှာပေါ့၊ ဥပဒေလမ်းကြောင်းမှာ သားထွေး မြေးဦး တစ်ဖို့ဆိုတဲ့စကား ကြားဖူးတယ်မဟုတ်လား၊ ခုချိန်မှာ သမီးက ကိုယ်ဝန် မဆောင်နိုင်ဘဲ သမီးယောက်ျား ကိုဆက်ရဲ့ညီ ကိုမြတ်ရဲ့မိန်းမက ကောက်ကာငင်ကာ ကိုယ်ဝန်ဆောင်သွားရင် သူတို့ကလေးက မြေးဦးရာထူးကို တန်းရသွားမှာပေါ့၊ အဲဒီအခါကျရင် ရသင့်ရထိုက်တဲ့အမွေတစ်ပုံကို သူတို့ ရသွားမှာ၊ မာမီကတော့ နောက်မှပေါက်တဲ့ရွှေကြာပင်ကို ဆင်တော် ကောက်မခံနိုင်ဘူး''

နွေရာလင်းလည်း ထိုသို့သော လောဘအနည်းငယ်ရှိပါသည်။





ကိုယ့်အိမ်ထောင်သက်က သုံးနှစ်ကျော်နေပြီ။ ကိုမြတ်တို့အိမ်ထောင်သက်က ခြောက်လတောင်မပြည့်ချင်သေးဘဲနှင့်တော့ သူတို့ကို ကိုယ်ဝန် အရင်မဆောင်စေချင်။

ယောက္ခမတွေကလည်း မြေးလိုချင်ကြတာ တစ်ပိုင်းကိုသေနေပြီ ဒီအချိန်မှာ ကိုမြတ်မိန်းမ ဒေလီယာသာ လင်းထက်အရင် ကိုယ်ဝန် ဆောင်ကြည့် မြန်မာပြည်မှာကောင်းမှု့ဆိုတဲ့အရာမှန်သမျှကို ပုံအော ပေးခံရမှာ။ ရသင့်ရထိုက်သော မြေးဦးလေးအတွက် အမွေတစ်ပုံကိုလည်း သူတို့ကပဲ ပိုင်ဆိုင်သွားရမှာ။ မြေးဦးအတွက် အမွေတစ်ပုံဆိုတာကလည်း သိန်းပေါင်းထောင်သောင်းမကသည့် ပိုင်ဆိုင်မှုမျိုးဆိုတော့ နွေရာလင်း လည်း အနည်းငယ် မက်မောမိပါသည်။

''ဒါဆို အငှားကိုယ်ဝန် ဘယ်လိုဆောင်မလဲ၊ ကိုဆက် သိသွားရင် ဘယ်လိုလုပ်မလဲ မာမီ၊ သူသိလို့တော့ မဖြစ်ဘူး၊ နောက်ပြီး သူ့ဆီက မျိုးရိုးဗီဇကို ဘယ်လိုယူမလဲ၊ သူ ရိပ်မိသွားမှာပေါ့''

''ဪ ဒါများ သမီးရယ်၊ ကလေးယူဖို့အတွက် သုတ်ပိုးစစ်ရမယ်ဆိုပြီး ယူလိုက်ပေါ့၊ သမီးက မာမီ့သမီးပဲ၊ ယောက်ျားကို တစ်ပတ်မွှမ်း နှစ်ပတ်ရှုပ်အောင် ယွမ်းတွေပစ်သွားအောင် လှည့်လို့ရတာပဲ၊ သမီးယောက်ျားက နိုင်ငံတကာသွားနေပေမယ့် မိန်းမတွေရဲ့ဉာဏ်များတာလောက်ကိုတော့ သူ မရိပ်မိနိုင်ပါဘူး၊ ပြီးတော့ ခုချိန်ဟာ အချိန်ကောင်းပဲ သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မာမီ"

"ဘာဖြစ်ရမှာလဲ၊ သမီးယောကျာ်းက သဘောပြန်တက်ရဦးမှာ မဟုတ်လား၊ သူ သဘောတက်မယ့်အချိန်နဲ့ သမီး အငှားကိုယ်ဝန်ဆောင်မယ့်အချိန် ကွက်တိဖြစ်ရင် သမီးရဲ့အကြံကို သူတို့ လုံးဝမသိနိုင်တော့ဘူး"

နွေရာလင်း မျက်နှာလေးမှာ မျှော်လင့်ချက်တွေဖြင့် ပြန်လည်၍ အရောင်ထိန်လက်လာပြန်သည်။

"ဒါဆို မာမီ့ဘက်က အငှားကိုယ်ဝန်ဆောင်နိုင်မယ့် မိန်းကလေးကို ရှာရမှာပေါ့"

"ဒါပေါ့ သမီးရယ်"

"မာမီတို့ မြေးလေးကို ကိုယ်ဝန်ဆောင်ပေးမယ့် မိန်းကလေးက မြန်မာပြည်မှာ အချောဆုံးစာရင်းဝင်နိုင်မယ့် မိန်းကလေးမျိုးဖြစ်ရမယ်၊ အကျင့်စာရိတ္တကောင်းမွန်ရမယ်၊ မိခင်စိတ်ဓာတ်အပြည့်ရှိရမယ်၊ အငှားကိုယ်ဝန်ဆောင်ဖို့အတွက် အလေးအနက်ထား စိတ်ပါဝင်စားသူ ဖြစ်ရမယ်၊ အဲဒီလို မိန်းကလေးမျိုးကို မာမီ ရအောင်ရှာမယ်၊ ပြီးရင် သိန်းနှစ်ရာလောက်ပစ်ပေးလိုက်မယ်၊ ဆင်းရဲတဲ့ မိန်းကလေးတွေအတွက် ဆယ်လလောက် ကိုယ်ဝန်ဆောင်ပေးလိုက်ရုံနဲ့ ရမယ့်သိန်းနှစ်ရာကို မက်မောကြမှာပါကွယ် အဟင်း ဟင်း ဟင်း"





"မာမီက အကြံအရမ်းပိုင်တာပဲနော်"

"ဒါပေါ့ သမီးတို့မာမီက သမီးတို့သားတို့ဘဝကို အလှပဆုံး ...နိုင်တီးပေးနိုင်မယ့် စွမ်းအားရှင်တစ်ယောက်လို့ မှတ်ယူလိုက်ပေါ့"

ဒေါ်ခေမီမြတ်ကျော်၏သူ့ကိုယ်သူ ယုံကြည်မှုရှိသောစကား ...ကြောင့် နွေရာလင်း ပေါ့ပါးစွာ ရယ်လိုက်ပြီး သားအမိနှစ်ယောက် သက်ဝါးချင်းရိုက်လိုက်ကြသည်။

■ ■ ■



www.burmeseclassic.com

## အခန်း (၈)

ကော်ဖီရောင်ဝတ်စုံလေးဖြင့် ကော်ဖီရှော့ဘား ဝန်ထမ်းလေး အဖြစ် မြဝါးရုံ အရမ်းချစ်ဖို့ကောင်းနေသည်။

အူလောက်သာရှည်သော မီနီစကတ်လေးဖြင့် အပေါ်မှ ဝေ့ကုတ် ကလေးကို ထပ်ဝတ်ထားသောကြောင့် နုဂိုဖြူဝင်းသော အသားအရေက ပို၍ပင် စိုတောက်၍နေ၏။ ခပ်ပြေပြေလေး ခြယ်သထားသော မျက်နှာ ပြည့်ပြည့်လေးက ချိုသာဖော်ရွေသော အပြုံးနုနုလေး ဖြည့်စွက်လိုက်ရုံ နှင့် မြဝါးရုံ၏အလုပ်တာရားတို့ကို မည်သူမှ သမင်လည်ပြန်မကြည့်ဘဲ မနေနိုင်မည့်အဖြစ်။

''မင်္ဂလာပါရှင်၊ ဘာကော်ဖီများ သုံးဆောင်ချင်ပါသလဲရှင်''





ထိုသို့သော ချိုသာသော အသံရှင်လေးသည် အများသူငှာ ဝန်ထမ်းမိန်းကလေးတွေထဲမှာ ထင်ပေါ်သည့်ကြယ်လေးတစ်ပွင့်။

ညနေပိုင်းဖြစ်သဖြင့် ကော်ဖီဘားမှာ ချစ်သူစုံတွဲများနှင့် နေရာ လွတ်မရှိလောက်အောင် စည်ကားနေသည်။ ရောက်ခါစက အများလုပ် သလို တာဝန်ကျေကျေ လုပ်နိုင်ပါ့မလားဟူသော စိုးရိမ်စိတ်ဖြင့် အထစ် ထစ်အငေါ့ငေါ့ဖြစ်မိသေးသည်။

ခုတော့လည်း ကျရာအပိုင်းက တာဝန်ကျေအောင်လုပ်နိုင်သည့် အနေအထားနှင့် တစ်သားတည်းဖြစ်၍နေပါပြီ။

''မြဝါး လူလေးနည်းနည်းရှင်းတုန်း သန့်စင်ခန်းဝင်ကြရ အောင်''

လက်ကို မသိမသာ ကုတ်ပြီး လာပြောနေသော ချယ်ရီ့ကို ပြုံးကြည့်လိုက်သည်။

''သွားလို့ဖြစ်ပါ့မလား၊ တော်ကြာ မန်နေဂျာ ဆူနေဦးမယ်''

မြဝါးရုံ မဝံ့မရဲလေးပြောတော့ ချယ်ရီ ကြောက်တတ်ရန်ကော ဆိုသောအကြည့်ဖြင့် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။

''ရှင်ကလည်းလေ ဒီလိုကိစ္စမျိုးက အောင့်ထားလို့ရလို့လား၊ သူ့ဟာသူ ထွက်ချင်တဲ့အချိန်ထွက်မှာပေါ့၊ ကျွတ်စရာမရှိ ကြဖန်ကျွတ် နေတယ် လာ သွားမယ်''

www.burmeseclassic.com



ချယ်ရီ မြဝါး၏လက်ကလေးကိုဆွဲပြီး သန့်စင်ခန်းဘက်ကို ဝင်လာလိုက်သည်။ မြဝါး ချယ်ရီ ဆွဲခေါ်ရာသို့ ပါလာသည်။

သန့်စင်ခန်းထဲရောက်တော့ ချယ်ရီ သူ့ခါးကြားထဲမှာ ထည့်ထားသော MP4 လေးကို ထုတ်ယူပြီး

"ငါ နင့်ကို ငါ့ဘဲအကြောင်းပြောမလို့၊ အဲ ပြမယ်ဆိုရင် ပိုမှန်မယ်"

"အလဲ့ တယ်ဟုတ်ပါလား၊ ပြပါဦး၊ ငါ ချောမချော ဝေဖန်ပေးမယ်"

ချယ်ရီ ဖွင့်ပြသော MP4 ထဲမှာ ထည့်ထားသည့် သူ့ချစ်သူပုံကို လှမ်းကြည့်လိုက်သည်။

"အင်း မဆိုးပါဘူးဟဲ့၊ ဒါပေမဲ့ ရှင့်ထက်တော့ နည်းနည်းငယ်တယ်ထင်တယ်"

"ဟုတ်တယ် တစ်နှစ်ငယ်တယ်၊ ဒါပေမဲ့ သူက ငါ့ကိုသိပ်ချစ်တာဟဲ့"

သန့်စင်ခန်းထဲမဝင်သေးဘဲ မှန်ရှေ့ရှိ ဘေစင်ဘေးတွင် ရပ်စကားပြောနေသော ချယ်ရီနှင့် မြဝါးရုံကြောင့် နေတံခွန် အခက်တွေ့နေသည်။ မိန်းကလေးနှစ်ယောက်ရှိနေသည့်အတွက် သန့်စင်ခန်းထဲဝင်ဖို့ နေတံခွန်စိတ်က ဘယ်လိုမှ မရဲဘူး ဖြစ်နေ၏။





ချယ်ရီနှင့် မြဝါးရုံ အနောက်ဘက်အပေါက်ဝမှာ ရပ်နေသော နေတံခွန်ကို မမြင်ဘဲ MP4 လေးထဲကပုံကိုကြည့်ပြီး သဘောတွေကျကာ စကားဖောင်ဖွဲ့နေ၏။

"နင်လည်း MP4 တစ်လုံးလောက် ဝယ်ပါလား မြဝါးရယ်၊ အဲဒီအထဲမှာ ကိုယ်ကြိုက်တဲ့သီချင်းတွေ အကုန်ထည့်လို့ရတယ်၊ ငါ့အတွက်ကတော့ ဒီ MP4 လေးက မဖြစ်မဖြစ် အဖော်ပဲ"

"ဝယ်ချင်တာပေါ့ ချယ်ရီရယ်၊ ဒါပေမဲ့ ခုချိန်မှာ မိသားစုအတွက် ရုန်းကန်နေရတော့ ဒီလို အပိုပစ္စည်းတွေလည်း ဘယ်ဝယ်နိုင်ပါ့မလဲ၊ ခုနေ လမ်းသွားရင်း ပိုက်ဆံကောက်ရရင်တောင် အဲဒီပိုက်ဆံက ငါ့အမေနဲ့ညီမလေးအတွက်ပဲ ဖြစ်ရမယ်"

မြဝါးရုံ ပြောပြနေသော အဆင်မပြေခြင်းတွေကို နေတံခွန် နားထောင်ရင်း ထိုကောင်မလေး၏ဘဝ အဆင်မပြေခြင်းတွေကို သနားနေမိသည်။ အရွယ်နှင့်မလိုက်အောင် လောကဓံကို ခံနေရသည့် မိန်းကလေး နေတံခွန် ဘဝနှင့်ယှဉ်လျှင် မိုးနဲ့မြေဟုပင် ပြော၍ရသည်။ ပုံစံကြည့်ရတာ ကော်ဖီဘားမှ ဝန်ထမ်းကောင်မလေးတွေပဲ ဖြစ်မည်။

"အဟမ်း အဟမ်း"

နေတံခွန် ဆက်၍ ခိုးနားထောင်ရန် မသင့်သဖြင့် အသံပြုလိုက်သည်။ အပေါက်ဝတွင်ရပ်နေသော လူတစ်ယောက်၏ချောင်းဟန့်သံ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မြဝါးနှင့်ချယ်ရီ ပြိုင်တူလှမ်းကြည့်ကြ၏။

နေတံခွန်ကိုမြင်တော့ ရှက်ကိုးရှက်ကန်း အမူအရာဖြင့် ရယ်လိုက်ကြပြီး

"ဩော် သန့်စင်ခန်း ဝင်မလို့လား၊ ဝင်ပါရှင်"

မြဝါးရဲ့ ကိုယ့်ဆိုင်လာသော ကာစတန်မာမှန်း သိသဖြင့် အချိုသာဆုံး လေယူလေသိမ်းတွေဖြင့် ပြောပြီး နေတံခွန်ရှေ့မှ ခပ်ရှိရှိထွက်လာကြသည်။

နေတံခွန် မျက်စိထဲမှာ ဆံပင်ဂုတ်ဝဲလေးနှင့် မြဝါးရဲ့ကို အာရုံမှာ အသေအချာ စွဲထင်သွားသည်။

ကရုဏာသက်စရာကောင်းသော ထိုကောင်မလေး၏ အပြုံးကို နောက်တစ်ကြိမ် ထပ်မြင်ချင်သေး၏။

■ ■ ■



## အခန်း (၉)

ကော်ဖီဆိုင်မှ အပြန်တွင် မြဝါးရဲ့ ကားစီးမနေတော့ဘဲ လမ်းပဲလျှောက်လိုက်တော့သည်။ အိမ်နှင့်မနီးပေမယ့် အရမ်းကြီးလည်း မဝေးဘာမို့ ကားစီးဖို့ကို မြဝါးရဲ့ တွန့်မိသည်။

ထို့ကြောင့် နီယွန်မီးတိုင် ထိန်ထိန်ညီးနေသော ညအလင်းရောင်တွေကို အဖော်ပြုပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် လမ်းပဲလျှောက်လိုက်၏။

ညလေပြည်တို့က အတွေးလှိုင်းတွေကို အဖော်ပြုရန် သင်းပျံ့သော ပန်းရနံ့တို့နှင့်အတူ မနွံတရိ တိုက်ခတ်ပေး၏။

ရုတ်တရက် ခလုတ်တိုက်လိုက်သော အရာတစ်ခုကြောင့် မြဝါး



www.burmeseclassic.com

www.burmeseclassic.com



အောက်ကို ငုံ့ကြည့်လိုက်သည်။

"ဟင် အမ် အမ်ပီဖိုးလေးပါလား"

နားသယ်စပ်မှ ဝဲကျလာသော ဆံစတွေကို နားအနောက်ဘက်ကို ညှပ်သိမ်းရင်း ငွေမင်ရောင်တလက်လက်တောက်နေသော MP4 လေးကို တအံ့တသြ ကောက်ယူလိုက်သည်။

MP4 လေးက နားကြပ်တန်းလန်းနှင့်မို့ တစ်စုံတစ်ဦး ပြုတ်ကျကျန်ခဲ့သည်ဟု ထင်လိုက်သည်။

MP4 လေးကို လှည့်ပတ်ကြည့်နေသော မြဝါးရုံအား ခပ်လှမ်းလှမ်း ရေတမာပင်အောက်မှာ ရပ်ထားသော အနက်ရောင်ဖိမ်ခံကားထဲမှ နေတံခွန် မမိုတ်မသုန် စိုက်ကြည့်နေသည်။

မြဝါးရုံ ပိုင်ရှင်တွေ့လိုတွေ့ငြား ဟိုဒီဝေ့ရှာလိုက်သည်။ ခပ်လှမ်းလှမ်းမှာ ကားတစ်စီးရပ်ထားသည်မှအပ လူရိပ်လူယောင်ပင် မတွေ့ရ။ ညကိုးနာရီကျော်ပြီမို့ လမ်းမကြီးထက်မှာ လူသူရှင်းနေပြီ။

MP4 လေးကို လိုချင်စိတ်ပြင်းပြမိပေမယ့် မြဝါးရုံ ယူသွားရမှာ မဝံ့မရဲဖြစ်၍နေသည်။ ထို့ကြောင့် နေရာမှာပင် ပြန်၍ချထားလိုက်ပြီး ရှေ့ဆက်၍ လျှောက်လာလိုက်သည်။ နှစ်လမ်းသုံးလမ်းစာလောက် ရပ်ပြီးမှ ပိုင်ရှင်မဲ့နေသော MP4 လေးကို သံယောဇဉ်မကုန်သူလို သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။





ချိုတုံ့ချတုံ့ဖြစ်နေသော မြဝါးရုံ၏ဟန်လေးကိုကြည့်ပြီး နေတံခွန်စိတ်လည်းမော ရယ်လည်းရယ်ချင်။ ရိုးလိုက်တဲ့ကောင်မလေးရယ်ဟု ခပ်တိုးတိုး အပြစ်တင်မိသည်။

ထို့နောက် မြဝါး ဆုံးဖြတ်ချက်တစ်ခုကို ခပ်ပိုင်ပိုင်ချလိုက်သည်။ ဒီ MP4 လေးက မြဝါးရုံ မယူလည်း တခြားသူတစ်ဦးတစ်ယောက် ကောက်ယူသွားမှာ ကျိန်းသေနေတာပဲ။ ဒါကိုသိသိကြီးနှင့် ကိုယ့်ဆီကို တန်းတန်းမတ်မတ် ရောက်လာသော ထိုအခွင့်အရေးကို လက်လွှတ်ကျောခိုင်းလိုက်မည်ဆိုလျှင် မြဝါးရုံလောက် မိုက်မဲသည့်သူ ရှိပါဦးမည်လား။ ထို့ကြောင့် သက်ပြင်းကို ဟင်းခနဲချကာ လမ်းပေါ်ချခဲ့သည့် MP4 လေးကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး အိမ်အပြန်လမ်းကို ပျော်ရွှင်ကျေနပ်ခြင်းတွေဖြင့် ပုံဖော်အသက်သွင်းလိုက်သည်။

နေတံခွန် ကျေနပ်စွာပြုံးလိုက်ပြီး

"မောင်တိုး အဲဒီကောင်မလေး ဘယ်မှာနေလဲသိရအောင် အနောက်ကလိုက်ကွာ"

နေတံခွန့်စေခိုင်းချက်ကို မောင်တိုးကလည်း တသွေမတိမ်း လိုက်နာစွာဖြင့် ကားကို ခပ်ဖြည်းဖြည်း ခပ်ငြိမ့်ငြိမ့်လေး မောင်းလိုက်သည်။

မြဝါးရုံ၏သွက်လက်သော ခြေလှမ်းတိုင်းကို အလွတ်မပေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်ငေးမောလာသော နေ့တာခွန့်ရင်ထဲမှာ အချစ်ကြောင့် စိမ့်စိမ့်လေး ချိုနေ၏။

■ ■ ■

## အခန်း (၁၀)

မြဝါးရုံ အိမ်ပြန်ရောက်သည်နှင့် အဝတ်အစားပင် မလဲနိုင်သေးဘဲ MP4 လေးကို အရင်ဆုံးဖွင့်ကြည့်လိုက်သည်။

"သမီး ဘာလုပ်နေတာလဲ၊ အဝတ်အစား လဲတော့လေ၊ အမေ ထမင်းပွဲပြင်ထားတယ်၊ အဲဒါက ဘာလဲ ဓာတ်ပုံကင်မရာလား"

အမေ မြဝါးရုံကိုင်ထားသော MP4 လေးကို လှမ်းကြည့်ပြီး မေးသည်။

"လမ်းမှာကောက်ရလာတာ အမေရဲ့၊ အဲဒါ အထဲမှာ ဘာပါလဲဆိုတာ ဖွင့်ကြည့်နေတာ"

"ကြည့်တာက နောက်မှကြည့်၊ ခုလောလောဆယ် ထမင်းလာ

www.burmeseclassic.com

www.burmeseclassic.com



စား၊ တော်ကြာ အိပ်ချိန်နဲ့အရမ်းနီးသွားရင် မကောင်းဘူး''

''ဟုတ်ကဲ့ အမေ''

မြဝါးရဲ့ MP4 လေးကို တယုတယဖြင့် သေတ္တာထဲထည့်သိမ်းလိုက်ပြီး အမေပြင်ဆင်ပေးထားသော ထမင်းခုံလေးမှာ ဝင်ထိုင်လိုက်သည်။

''ပီတိ အိပ်တာကြာပြီလား အမေ၊ သူ စာရောကျက်ရဲ့လား''

''ကျက်ရှာပါတယ် သမီးရယ်၊ စောစောကမှ စာကျက်လို့မောပြီး အိပ်ပျော်သွားတာ''

''အမေရော စားပြီးပြီလား''

''အမေ မစားချင်ပါဘူးကွယ်၊ ဘာပဲစားစား ဟောဒီဗိုက်နေရာက အရမ်းတင်းပြီး နေလို့မထိလို့၊ ဘာမှကို မစားရဲဘူး''

''ဟင် အဲဒါ ရုံ့ကို ဘာလို့မပြောတာလဲ အမေရယ်''

''ပြော် ဒီလောက်ရောဂါလေးကို ပြောပြတော့ အလကား စိတ်ပူရရုံပဲရှိတော့မှာပေါ့ သမီးရယ်''

အနည်းငယ် ချောင်ကျသွားသော အမေ့မျက်နှာနှင့် အနည်းငယ် ပူတင်းနေသော အမေ့ရဲ့ဗိုက်ကိုကြည့်ပြီး ရုံ အမေ့အတွက် စိတ်ပူသွားသည်။ အမေ ဝေဒနာခံစားနေရတာကို ရုံ ဘာလို့ သတိမထားမိခဲ့ရသလဲဆိုပြီး ကိုယ့်ကိုယ်ကိုယ်အပြစ်တင်မိသည်။





''မနက်ဖြန်ကျရင် ထမင်းဆိုင်က ကြို့ငွေထုတ်ပြီး အမေ့ကို ဆေးခန်းလိုက်ပြပေးမယ်နော် အမေ''

မြဝါးရဲ့ မိခင်အပေါ် ဂရုတစိုက်ရှိလွန်းစွာ ပြောလိုက်သည်။

''ရတယ် အမေ၊ ဘာမှမဖြစ်ဘူး၊ သမီး ထမင်းဆိုင်က ကြို့ငွေမထုတ်နဲ့တော့၊ ဖြစ်နိုင်ရင် အမေက သမီးကို ထမင်းဆိုင်မှာ အကူတောင် မလုပ်ခိုင်းချင်တော့ဘူး။ ခုလို ကော်ဖီဆိုင်က ဝတ်စုံလေးနဲ့ အမေ့သမီးက အရမ်းလိုက်တယ်၊ ဒီလိုရုပ်ရည်ကို ပိုင်ဆိုင်ထားတဲ့ အမေ့သမီးလေးကို အမေကလေ ထမင်းဆိုင်အကူအလုပ်နဲ့ တန်တောင် မတန်ဘူးလို့တောင် တွေးမိတယ်''

''ခုလောလောဆယ်တော့ ခဏမေ့မေ့လုပ်ရမှာပဲ အမေ၊ ဘာဖြစ်လို့လဲဆိုတော့ ကော်ဖီဆိုင်မှာ အချိန်ပိုင်းမဟုတ်တဲ့ အလုပ်မျိုးမှာ တစ်နေရာစာလွတ်တာနဲ့ ရုံ့ကို လူစားထိုးပေးမယ်လို့ မန်နေဂျာမမက ပြောတယ်၊ အဲဒီကျရင် လစာလည်း ဒီထက်ပိုရမှာပေါ့''

''အေးပါ ရပါစေ သမီးရယ်၊ အမေ့သမီးလေး ပင်ပန်းပြီး ပင်ပန်းရကျိုးနပ်ပါစေကွယ်''

အားဖျော့သော အပြုံးနှင့် အမေ့နှစ်သိမ့်မှုသည် မြဝါးရုံ့အတွက် သောကပြေဆေးတစ်ခွက်ဟု ကြံဖန်၍ အင်အားဖြစ်စေလိုက်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

မြဝါးရဲ့အတွက် ယခုရက်ပိုင်းတွင် ကံကောင်းခြင်းတွေသာ ထပ်ဆင့်ထပ်ဆင့် ဖြစ်ပေါ်နေသည်။ ထိုကံကောင်းခြင်းတွေသည် သမားရိုးကျမှ ဟုတ်ပါရဲ့လားဟု မြဝါး သံသယဝင်မိပြန်သေးသည်။

လူတစ်ယောက်အဖို့ ကံကောင်းလွန်း၍ ပိုင်ရှင်မဲ့ပစ္စည်းကို ကောက်ရခဲ့လျှင်တောင် တစ်ရက်လောက်သာ ထိုကံကောင်းခြင်းက ရောက်လာမှာပေါ့။

ခုတော့ ထိုသို့မဟုတ်။ MP4 လေးကောက်ရပြီး နှစ်ရက်မြောက်နေ့တွင် အိမ်အပြန်လမ်းမှာ မိန်းမဝတ် ဟန်းချိန်းလေးတစ်ခု ကောက်ရ၏။ ရွှေသားဖြစ်သဖြင့် အလေးချိန် တစ်ကျပ်သားလောက်ရှိသည်ဟု ရပ်ကွက်ထဲမှ ပန်းထိမ်ဆရာတစ်ဦးက ပြောသည်။



မြဝါးရဲ့ တန်ဖိုးကြီးမားသော ထိုပစ္စည်းလေးကိုကြည့်ပြီး ရင်
...မှာ ဝမ်းနည်းဝမ်းသာကြီးဖြစ်၍နေသည်။ ဝမ်းသာခြင်းက အမေ့ရောဂါ
...ကို့ အခွင့်အလမ်းရလာခြင်းဖြစ်သည်။ ဝမ်းနည်းမိတာက ဟန်းချိန်း
...ရဲ့ပိုင်ရှင်ဟာ သူ့ဟန်းချိန်းလေးပျောက်ဆုံးမှုအတွက် အတော်လေး
...သာကပွေနေမှာကိုတွေးပြီး စိတ်မကောင်းဖြစ်နေရခြင်းဖြစ်သည်။

ထိုသို့ ဝေခွဲ၍မရသော ဝမ်းနည်းမှုကြီးနှင့် ဝမ်းသာသောခံစားမှု
...ဆုံးသေးခင်မှာဘဲ ဟန်းချိန်းကောက်ရပြီး နှစ်ရက်မြောက်နေ့တွင်
...ဟန်းချိန်းကောက်ရသော နေရာလေးမှာပင် မိုးပြာရောင် လက်ကိုင်
...တ်ကလေးတစ်ခု ထပ်တွေ့ရပြန်သည်။

မြဝါး စိတ်ထဲမှာ အနည်းငယ် သံသယရှိနေရာမှ အတိအလင်း
...ကို သံသယဖြစ်လာသည်။ ထို့နောက် လက်ကိုင်အိတ်ကလေးကို လုံးဝ
...ကောက်ဘဲ တမင်ပင် ဥပေက္ခာပြု၍ ထွက်လာခဲ့လိုက်သည်။

ထိုသို့လုပ်ရပ်မျိုးကို မည်သို့သောလူမျိုးက အကုန်အကျခံပြီး
...ုပ်နေရသနည်းဆိုတာကို သိချင်သောစိတ်က ရင်မှာ ပြင်းပြလာသည်။

သို့သော် မည်သို့သောနည်းလမ်းသုံးပြီး ဖော်ထုတ်ရမည်ဆိုတာ
...ကို စဉ်းစား၍မရ။

"ဟေ့ ဟေ့ ဒီမှာ ဒီမှာ"

အတွေးတို့ဖြင့် ခြေလှမ်းကို ခပ်မှန်မှန်လှမ်းနေရာမှ အနောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ခပ်သုတ်သုတ် လျှောက်လာသော လူတစ်ယောက်၏ခေါ်သံကြောင့် မြဝါးရဲ့ ခြေလှမ်းတို့ တုံ့နှေးကာ အနောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

စတိုင်ကျပြီး ချောမောသော မြဝါးတို့အရွယ် လူတစ်ယောက် သူ့ပုံစံက အလောတကြီး ပြေးလိုက်လာရသော မာန်အပြည့်။

"ရှုံ့ကိုခေါ်တာလား"

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"ဒီမှာ မင်းပိုက်ဆံအိတ် မဟုတ်ဘူးလား။ ပြုတ်ကျကျန်ခဲ့တာလေ"

မြဝါး ဥပေက္ခာပြုခဲ့သော မိုးပြာရောင် လက်ကိုင်အိတ်ကလေးကို အတင်းထိုးပေး၏။ မြဝါး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြီး

"ဟင့်အင်း အဲဒါ ရှုံ့ပိုက်ဆံအိတ်မဟုတ်ဘူး"

"ဘယ်လို မင်းပိုက်ဆံအိတ် မဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ် ရှုံ့တွေ့ပေမယ့် တမင်မကောက်ဘဲ နေခဲ့တာ"

"ဟာ မင်းက တကယ့်ကို အရိုးလေးပဲ၊ ပိုင်ရှင်မှမရှိတာ၊ မင်း ကောက်လိုက်လို့လည်း ဘယ်သူမှလာပြီး တရားစွဲမှာမဟုတ်ဘူးလေ"

"ဟင့်အင်း ဒါပေမဲ့ ရှုံ့ မလိုချင်ဘူး"

ငြင်းဆန်နေသော မြဝါးရုံ့ကိုကြည့်ပြီး နေတံခွန် အားမလိုအား





ရယ်ဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်ပြီး

"နမြော စရာကြီးကွာ"

နေတံခွန် နမြောတသ ညည်းတွားရင်း လက်ကိုင်အိတ်ခလုတ်လေးကို ထောက်ခနဲ ဖွင့်လိုက်ပြီး အထဲမှာ ဘာပါသလဲကြည့်လိုက်သည်။

"ဟင် ငွေတွေအများကြီးပဲ၊ အမျိုးသမီး အလှပြင်ပစ္စည်းတွေလည်းပါတယ်၊ ဟာကွာ ဒီအတိုင်း ထားခဲ့ရမှာနမြောစရာကြီးကွာ"

နေတံခွန် ငါးထောင်တန် တစ်ထပ်နှင့် တခြား အလှပြင်ပစ္စည်းတွေကို ငုံ့ကြည့်ပြီး ခပ်တိုးတိုးလေးသံဖြင့် နမြောတသ ရေရွတ်လိုက်သည်။

"ဒါဆို ရှင် ယူလိုက်လေ"

မြဝါးရုံ့စကားကြောင့် နေတံခွန် ပျာပျာသလဲ ခေါင်းခါငြင်းဆန်ပြီး

"ဟာ မဖြစ်ပါဘူး ဒါ မိန်းကလေးအိတ်ကြီး၊ ကိုယ်က ယောကျ်ားလေး။ မအပ်စပ်ပါဘူး၊ လုပ်ပါ ယူလိုက်ပါ၊ မင်းခုလို ငြင်းနေတာကမှ လူမြင်လို့မကောင်းဘူး။ နောက်ပြီး ဒီအိတ်က မင်းအရင်မြင်ခဲ့တာဆိုတော့ မင်းပဲ ပိုင်ဆိုင်သင့်ပါတယ် ရော့ ရော့ ယူပါ"

နေတံခွန် အတင်းငြင်းဆန်ပြီး ခါးခါးသီးသီး ဖြစ်နေသော မြဝါးရဲ့ လက်ထဲကို အိတ်ကလေး အတင်းထိုးထည့်ပေးလိုက်သည်။ မြဝါးရဲ့ ငြင်းချိန်တောင်မရလိုက်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုယ် လစ်ပြီ၊ ဒါ မင်းနဲ့ထိုက်လို့ မင်းရတာပါ။ စိတ်သန့်သန့်နဲ့ ယူထားလိုက်ပါ"

ပြောပြေးပြေးဆိုသလို နေတံခွန် မြဝါးရုံအနားမှ လှစ်ခနဲ ခပ်သွက်သွက် ထွက်လာလိုက်သည်။

မြဝါးရုံ လက်ကိုင်အိတ်ကလေးကိုကြည့်ပြီး နေရာမှာတင် ခပ်ကြောင်ကြောင်လေး ရပ်ကျန်ခဲ့၏။

နေတံခွန် အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

မြဝါးရုံ ရင်ထဲမှာ အဖြေမရှိသေးသော ပုစ္ဆာတစ်ပုဒ် ဖျတ်ခနဲ တိုးဝင်လာသည်။ မြဝါးရုံကို ကံကောင်းခြင်းတွေပေးနေတာ ဒီလူများလား။

မြဝါးရုံ သူ့ကိုတစ်နေရာမှာ မြင်ဖူးနေသလိုပင်။

■ ■ ■



## အခန်း (၁၂)

"မြဝါးရေ မြဝါး မြဝါး"

အထိတ်တလန့် နာမည်ခေါ်ပြီး အိမ်ဘေးလမ်းကြားလေးကနေ ခပ်သုတ်သုတ် ပြေးဝင်လာသော မသဉ္ဇာ၏ခေါ်သံကြောင့် မြဝါး အမေ့ ဗိုက်ကို ဆရာနှိပ်လိမ်းပေးနေရင်းမှ အလန့်တကြား လှည့်ကြည့်လိုက်ပြီး

"မသဉ္ဇာ ဘာဖြစ်လို့လဲ၊ ဘာလဲဟင်"

"ပီတိ ပီတိလေး ကား ကားတိုက်ခံရလို့"

"ဟင်"

"ဘာ သမီးလေး ကားတိုက်ခံရလို့ ဟုတ်လား၊ အမလေး ကယ်ပါဦး ကယ်တော်မူကြပါဦး၊ သမီးလေး သမီးလေး"

မြဝါးရုံမျက်နှာမှာ သွေးစုတ်ဖြူလျော်သွားသလို ဒေါ်သင်းမွန်



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း သွေးရူးသွေးတန်းဖြင့် ဟက်လက်ကလေး ဆေးအလှူခံနေရာမှ ငေါက်ခနဲ ထထိုင်လိုက်ပြီး ပါးစပ်မှ သမီးဟောဖြင့် ကယ်ပါယူပါဖြင့် ကယောင်ကတမ်းတွေ ညည်းတွားနေ၏။

"အစ်မ ညီမလေး ဘာဖြစ်သွားလဲ၊ ပြောပါ မြန်မြန်ပြောပါ အစ်မရယ်"

မြဝါး မျက်ရည်မှမျက်ရည်တို့ ချက်ချင်းရစ်သိုင်းလာသည်။ ထိုတဒင်္ဂသည် မြဝါးတို့သားအမိအတွက် ကမ္ဘာကြီးပျက်သုန်းသွားသလို ခံစားလိုက်ရသည်။

"နေပါဦး ငါ ငါပြောပါ့မယ်၊ စိတ်ကိုအေးအေးထားစမ်းပါ"

မသဇ္ဈာက ပြန်၍နှစ်သိမ့်ပေးရ၏။

"အင်းပါ ထားပါတယ်၊ ထားပါတယ် ပြောမှာသာ ပြောစမ်းပါ မသဇ္ဈာရယ်"

"ပီတိလေး ကားတိုက်ခံရတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ သူ ဘာမှမဖြစ်ဘူး၊ အကြောက်လွန်ပြီး သတိလစ်ရုံလစ်သွားတာ၊ အခု ကားပိုင်ရှင်က ပီတိလေးကိုခေါ်ပြီး ဆေးခန်းကိုသွားပြီ၊ အဲဒီကောင်လေးကလည်း ပြောသွားတယ်၊ ဘာမှမပူပါနဲ့တဲ့၊ သူ ကျေနပ်တဲ့အထိ အားလုံး စီစဉ်ပေးပါမယ်တဲ့"

"ဘယ်ဆေးခန်းလဲ ပီတိနဲ့အတူ ဘယ်သူပါသွားလဲ"





"ကိုကျော်ထူး ပါသွားပါတယ်၊ စိတ်မပူပါနဲ့"

ကိုကျော်ထူး ပါသွားသည်ဆို၍ မြဝါး အနည်းငယ်စိတ်အေးသွားရသည်။

"ဒါဆို ရုံတို့ ဆေးခန်းလိုက်သွားရအောင်လေ"

"ရတယ်လေ လိုက်မနေပါနဲ့တော့၊ တော်ကြာနေပဲ သူတို့ ပြန်လာကြတော့မယ့်ဟာကို"

မသဇ္ဈာက မလိုက်စေချင်၍ မြဝါး ဇောဒကထပ်မတက်တော့။

"သဇ္ဈာ ပီတီလေး ဘာမှမဖြစ်တာ ကျိန်းသေပါတယ်နော်၊ အန်တီ စိတ်ပူမှာစိုးလို့ ညာပြောတာတော့ မဟုတ်ပါဘူးနော်"

ဖေါ်သင်းမွှန် ခုချိန်ထိ ရတက်မအေးနိုင်သေး။

"ဪ စိတ်ချပါ၊ အန်တီရဲ့ သဇ္ဈာက လိမ်ပါ့မလား၊ ပီတိလေးကလည်း သဇ္ဈာ့ညီမလေးပဲဟာ"

"အေးပါကွယ် အေးပါ အဲဒါဆိုရင်တော့ သမီးလေး သတိ မြန်မြန်ရလာပါစေလို့ပဲ ဆုတောင်းရုံတော့မှာပေါ့"

အားလုံး ပီတိလေး ပြန်အလာကို စိတ်လောကြီးစွာဖြင့် စောင့်နေကြ၏။ သိပ်မကြာလိုက်သော အချိန်အတွင်းမှာပင် အိမ်ရှေ့လမ်းမပေါ် ကားတစ်စီးထိုးရပ်သံ ကြားလိုက်ရသည်။

"မြဝါးရေ မြဝါးရုံ မသဇ္ဈာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ထူး အိမ်ဘေးလမ်းကြားထဲမှ မြဝါးရုံတို့ တဲအိမ်ဆီ ရှိရာသို့ ခပ်သုတ်သုတ်လျှောက်ပြီး ဝင်လာသည်။ ကိုကျော်ထူးနောက် ပီတိလေးကိုချီပြီး ခက်ခက်ခဲခဲ ဝင်လာရသော ချောမောသန့်ပြန့်လှ သည့် နေတံခွန်။

နေတံခွန့်ကို မြင်မြင်ချင်း မြဝါးရုံမျက်နှာ တပြင်လုံးအံ့သြစိ တို့ မှန်ထုသွားပြီ။

"ဟင် ရှင်"

နေတံခွန် မြဝါးရုံကိုမြင်တော့ အပြစ်ရှိသူတစ်ယောက်လို မျက် မျက်နှာပျက်ယွင်းသွားကာ

"ဒီ ဒီကလေးက မင်းကလေးလား"

"မဟုတ်ပါဘူး အန်တီ သမီးအငယ်လေးပါကွယ်"

သမီးကို ကလေးအမေအဖြစ် ထင်သွားမည်စိုး၍ ဒေါ်သင်း ပျာပျာသလဲဝင်၍ ရှင်းပြရသည်။

"မေကြီး"

ပီတိလေး နေတံခွန့်အပေါ်မှ အမေနှင့်အစ်မကို ငိုမဲ့မဲ့လေးဖြင့် လှမ်းခေါ်၏။ နေတံခွန် ပီတိကိုယ်လေးကို မနိုင်မနင်း ပွေ့ချီထားရင်း

"ကလေးကို ကျွန်တော့်ကားနဲ့ မတိုက်မိလိုက်ပါဘူး။ သူ့ဟာသူ စိုးရိမ်စိတ်ကြီးပြီး သတိလစ်သွားတာပါ"





နေတံခွန် သူ့ကို မြဝါးရုံတစ်မျိုးထင်မည်စိုး၍ အလောတကြီး ရှင်းပြရှာ၏။

"ဟုတ်တယ် မြဝါးရဲ့၊ ငါလည်း မြင်လိုက်တယ်၊ နင့်ညီမလေး က ကားသူ့နားမရောက်ခင်ကတည်းက အကြောက်လွန်ပြီး ခွေခနဲ လဲကျ သတိလစ်သွားတာ၊ ကံကောင်းတာက ဒီက ညီလေး ကားကို ဘရိတ် အဖမ်းမြန်လို့၊ နို့မို့ဆိုရင် မလွယ်ဘူး"

"ကဲ ကဲ ဒီက မောင်လေး ပီတိလေးကို ပွေ့ချီထားရတာ ညောင်းရောပေါ့"

"ဩော် ပေး ပေး ရုံ ချီပါ့မယ်"

"ရပါတယ် ဘယ်နေရာချပေးရမလဲသာ ပြောပါ၊ ချပေးပါ့မယ်"

"ဒီ ဒီတဲပေါ်ကိုတင်မှာပါ"

မြဝါး အသံလေးက ရှက်ရွံ့မှု သိမ်ငယ်မှုတွေနှင့် တိုးသက်တုန် ယင်နေ၏။

နေတံခွန်ကတော့ မြဝါး၏တကယ့်လက်တွေ့ဘဝကို မျက်ဝါး ထင်ထင် တွေ့လိုက်ရ၍ သနားကရုဏာသက်မိသည်မှအပ အထင်သေး ခြင်း၊ ရှုတ်ချခြင်းဆိုတာ စိတ်ထဲမှာ တစိုးတစိလေးတောင် မဖြစ်ပေါ်မိ။

နေတံခွန် တဲပေါ်တက်သည်နှင့် ကြမ်းခင်းတွေက နိုးလှိုလု မညီမညာ။ ပီတိကို ညင်သာစွာ ချပေးလိုက်ပြီး ဆေးခန်း[illegible]ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သော ဆေးအချို့ကို မြဝါးရုံလက်ထဲကို ထည့်ပေးလိုက်သည်။

"ရော့ ဒါသောက်ဆေးပါ၊ ဒါက လဲကျတုန်းက ပွန်းပဲ့သွားတဲ့ ဒဏ်ရာတွေကို လိမ်းဖို့ဆေး၊ ကျွန်တော် မနက်ဖြန် တစ်ခေါက်လာပြီး ဆေးခန်းပို့ပေးပါဦးမယ်၊ ဘာမှစိတ်မပူပါနဲ့၊ ဟိုလေ နောက်ပြီး နစ်နာကြေးအနေနဲ့"

နေတံခွန် ပြောပြောဆိုဆိုဖြင့် ခါးကြားထဲမှ ပိုက်ဆံထည့်သည့် လယ်သာခေါက်အိတ်ကို ထုတ်ယူလိုက်ပြီး ငါးထောင်တန် ခပ်ပါးပါးတစ်ထပ်ကို ထုတ်ယူပြီး ပီတိ လက်ထဲကို ထည့်ပေးလိုက်သည်။

ပီတိ လက်ထဲရောက်လာသော ငါးထောင်တန်တစ်ထပ်ကို ပြူးတူးကြောင်တောင်လေးကြည့်လိုက် အမေနှင့်အစ်မကိုကြည့်လိုက်နှင့် မဝံ့မရဲ ဖြစ်နေရှာ၏။

"မပေးပါနဲ့ ငါ့တူရယ်၊ ပီတိလေးလည်း ဘာမှဖြစ်တာမှမဟုတ်တာ၊ အန်တီတို့ မင်းကို အပြစ်မတင်ပါဘူး၊ ခုလို ဆေးခန်းလိုက်ပို့ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်ကွယ်"

ဒေါ်သင်းမွန် ဘာမှမဖြစ်ဘဲနှင့် မျောက်ပြဆန်တောင်း ဖြစ်မည်စိုး၍ ထိုငွေကို လက်မခံသည့်အကြောင်း ဝင်၍ ငြင်းဆန်ပြောဆို၏။ မသဇ္ဈာနှင့်ကိုကျော်ထူး ဒေါ်သင်းမွန်၏ ရိုးသားမှုကို အားမလိုအားမရ ဖြစ်မိသည်။





"မငြင်းပါနဲ့ အန်တီ ယူပါ၊ ကလေး ဘာမှမဖြစ်ပေမယ့်လည်း ကျွန်တော့်ရဲ့ပေါ့လျော့မှုကြောင့် အန်တီတို့မိသားစုကို အထိတ်တလန့် ဖြစ်သွားစေတယ် မဟုတ်လား။ အဲဒီအတွက် နစ်နာကြေးအဖြစ် မသတ်မှတ်ချင်ရင်တော့ ဒီကလေးအတွက် စေတနာနဲ့ မုန့်ဖိုးပေးတယ်လို့ သဘောထားပေးပါ"

"ဟုတ်ပါတယ် အဒေါ်ရာ၊ ဒီကညီလေးက သူ့စေတနာနဲ့ သူပေးတာပဲ လက်ခံလိုက်ပါ"

ကျော်ထူး ကြားမှမနေသာတော့ဘဲ ဝင်၍ပြောပေးသည်။ မြဝါးရုံကတော့ ဝင်ပြီး ဘာမှမပြောတော့။ သူ မြဝါးဆီသို့ ပုံစံအမျိုးမျိုးဖြင့် ထောက်ပံ့မှုဟုပြော၍ ရနိုင်သော လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေ၏။

ထိုသံသယသည် လုံးဝမမှားနိုင်။ သူ ဘာကြောင့် မြဝါးဆီသို့ ခုလို လှည့်ကွက်ကလေးတွေသုံးပြီး တန်ဖိုးရှိသောပစ္စည်းတွေနှင့် ငွေကြေးအချို့ ရောက်ရှိအောင် ပို့နေရသနည်း။ မြဝါး ဘယ်လိုမှ နားမလည်နိုင်။ ဒဲ့မေးပြန်လျှင်လည်း အားလုံးရှေ့မှာမို့ ကိုယ့်အထုပ်ကိုယ် ဖြည်ပြသလို ဖြစ်တော့မည်။

မြဝါးကို စိတ်ဝင်စားလို့ ပိုကြေးပန်းကြေးပေးသည်ဟုရအောင်လည်း မြဝါးနှင့်သူ လုံးဝမဆုံဖူးခဲ့။ မြဝါး သံသယသည် မှန်ကန်သည်ဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် ထိုလူ နောက်တစ်ကြိမ် မြဝါးဆီသို့ ထပ်ရောက်လာဦးမည်မှာ ကျိန်းသေ၏။

■ ■ ■

## အခန်း (၁၃)

နေတံခွန် မြဝါးရုံအိမ်သို့ ရောက်ခဲ့ပြီး ပြန်လာချိန်အထိ ထင် ...းတာထက်ပို၍ ဆင်းရဲနွမ်းပါးနေလားဟု သနားကရုဏာသက်မိကာ ...င်ထဲက ချစ်မိသွားသောအချစ်တို့သည် ပို၍ပင် တိုးလာသည်။

ရှက်ရွံ့သိမ်ငယ်နေသော မျက်နှာလေးကသာ အာရုံမှာ ဖျောက် ...ကျက်၍မရနိုင်ခဲ့။

"ကိုတိုး မင်း မြဝါးရုံကို ဘယ်လိုမြင်လဲ"

"ဗျာ"

ကားမောင်းနေသော ကိုတိုး နေတံခွန်အမေးကြောင့် ကြောင် ...ခမ်းအမ်း ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြဝါးရုံကို ဘယ်လိုမြင်လဲလို့ မေးတာ"

"အရမ်းဆင်းရဲလွန်းတယ်လို့ မြင်တယ်"

"ဟာ ဒါတော့ မင်းပြောမှလား ငါလည်း သိတာပေါ့၊ ငါ့မျက်စိထဲမှာ သူဆင်းရဲတာကို အာရုံထဲထည့်မထားဘူး၊ ခု ငါသိချင်တာက သူ့ရဲ့ရိုးသားဖြူစင်ပြီး ချစ်စရာကောင်းလွန်းတဲ့မျက်နှာလေးက ငါ့ချစ်သူအဖြစ် ငါ့ဘေးမှာ အမြဲထားဖို့ လိုက်ဖက်လား၊ ဒါကိုမေးတာ"

"ဪ ဒါလား ရုပ်ကလေးကတော့ ခုခေတ်ဝတ်စားဆင်ယင်ပုံတွေနဲ့ စတိုင်ကျကျ ဆင်လိုက်မယ်ဆိုရင် မော်ဒယ်တွေ ထိုင်ငိုသွားရမယ့် တကယ့်အလန်းလေးပါ၊ ဒါပေမဲ့ ကိုနေ သူနဲ့တွဲမယ်ဆိုရင်တော့ ရှော့ခ်ရှိနိုင်တယ်"

"ဘာရှော့ခ်လဲ"

"ကိုနေ့အမေနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ့်ရှော့ခ်ကို ပြောတာ၊ မြဝါးရုံက ရုပ်ကလေးလှပေမယ့် ကိုနေ့အမေကြိုက်တဲ့ ဂုဏ်ပကာသနတွေ လုံးဝမရှိတဲ့ မိန်းကလေး၊ ကိုနေသာ သူ့ကို ချစ်သူတော်လိုက်မယ်ဆိုရင်လေ နေရာမှာတင် ဘုန်းခနဲ လဲသေသွားမလား မသိဘူး"

ကိုတိုးကစပြီး မာမီ့စိတ်ကို သိနေသည်။ မာမီကလည်း အမှန်ပင် ဂုဏ်ပကာသနကို ခင်တွယ်သူဖြစ်သည်။ သားသမီးနှစ်ယောက်စလုံးကို မြန်မာပြည်၏ထိပ်သီးလူချမ်းသာစာရင်းဝင်တွေနှင့်မှ မှန်းသည်။





တော်ရုံတန်ရုံ ကုမ္ပဏီလေးပိုင်ရဲ့ ဘွဲ့လေးနှစ်ခုလောက်ရသည့်သူလောက်နှင့်တော့ တူသည်တန်သည်ကို မထင်။

ထိုသို့ ဂုဏ်တက်ရအောင်လည်း နေတံခွန်တို့မောင်နှမက နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး နိုင်ငံခြားမှာပင် ဘွဲ့တွေ ဒီပလိုမာတွေ တစ်သီတစ်တန်းကြီးရလာသော ပညာတတ်တွေ ဖြစ်သည်။ ယောက်ျားဖြစ်သူ နေတံခွန့်ဖခင်ကလည်း နိုင်ငံခြားမှာ ဟိုတယ် သုံးခုလောက်ပိုင်သည့်အပြင် မြန်မာပြည်မှာလည်း စိန်တိုက်နှစ်ခုပိုင်ဆိုင်သည်။ ထိုစိန်တိုက်ကိုတော့ ဒေါ်ခမီမြတ်ကျော်က ဦးစီးသည်။ ခုလည်း ခရီးသွားလုပ်ငန်းထပ်လုပ်ဖို့ Express ကား ဆယ်စီးကို ဂျပန်ကနေ မှာယူပြီးသွားပြီ။ ဒါ့အပြင် ရွှေဆိုင်ကလေးတွေကလည်း ဟိုမြို့နယ်မှာတစ်ဆိုင်၊ ဒီမြို့နယ်မှာတစ်ဆိုင် အားလုံး စုစုပေါင်း ငါးဆိုင်လောက်ရှိသည်။

တောင်ဒဂုံရှိ စက်မှုဇုံမှာလည်း လုပ်ငန်းသုံးစက်ရုံတွေ သုံးလေးခုလောက်ကို လစာကောင်းကောင်းဖြင့် နှစ်ချုပ်တွေ ငှားထားသေးသည်။

ထိုသို့သော လုပ်ငန်းတွေအများကြီး လည်ပတ်နေသော အောင်မြင်သည့် စီးပွားရေးလုပ်ငန်းရှင်တွေအနေဖြင့် ထိုမျှလောက် မာနတက်နေတာလည်း အတွေ့ကြီးသူတွေအဖို့ သိပ်တော့မဆန်း။

နေတံခွန်ကတော့ ပိုင်ဆိုင်ခဲ့တဲ့လူ့ဘဝဟာ တိုတောင်းလှသည်။ ထိုသို့ တိုတောင်းသော အချိန်အတွင်းမှာ ကိုယ်ချစ်တဲ့မိန်းကလေးနှင့်

www.burmeseclassic.com



ဘဝတစ်လျှောက်လုံး ရာသက်ပန်လက်တွဲပြီး သားတွေသမီးတွေနှင့် စိတ်ချမ်းမြေ့စရာကောင်းသော မိသားစုလေးဘဝကို ပိုင်ဆိုင်ချင်သည်။

ဂုဏ်ဂုဏ်ချင်းထပ် ရွှေရွှေချင်းထပ်ဆိုတဲ့ ပကာသနလုပ်ရပ်တွေကို မနှစ်မြို့။ ချမ်းသာသောအရသာကို ငယ်စဉ်ကတည်းက ပိုင်ဆိုင်လာခဲ့ရ၍ ငြီးငွေ့လာသည်ကတော့ အမှန်ပင်။ မွေးကတည်းက လိုလေသေးမရှိ ကြီးပြင်းလာရသဖြင့် ပြည့်စုံခြင်းတွေနှင့်သာ ဘဝကို ခေါက်ရိုးကျိုးခဲ့ရသည်။ တကယ်တော့ နေတံခွန်တဘဝက လက်တွေ့သိပ်မဆန်။ လောကဓံဆိုတာ မသိ။ လိုအပ်ချက်ဆိုတာ ဘာလဲဟု မေးယူရလောက်အောင်ကံကောင်းလွန်းသည့် အခွင့်ထူးခံလူတန်းစားကလေးဖြစ်သည်။

ထို့ကြောင့် ချစ်သူထားခဲ့လျှင် အောက်ခြေလူတန်းစားထဲက မိန်းကလေးကိုသာ ထားမည်ဟု စိတ်ပိုင်းဖြတ်ခဲ့သည်။ ထိုဆန္ဒသည် နေတံခွန်၏ခပ်တိတ်တိတ် ချမှတ်ထားသော ဆန္ဒတစ်ခုဖြစ်သည်။

ဘာဖြစ်လို့လဲဆိုတော့ နေတံခွန် အရူးအမူး စွဲလမ်းခဲ့မိသည့် ကောင်မလေးက အင်မတန် ဆင်းရဲနုံချာလွန်းသော မြဝါးရုံဆိုသော ကောင်မလေးဖြစ်နေ၍ဖြစ်သည်။

■ ■ ■



## အခန်း (၁၄)

"မမ ရုံကိုခေါ်တယ်ဆို"

မန်နေဂျာမမရှေ့မှာရပ်ပြီး ခပ်ရှိန်ရှိန်မေးလိုက်သဖြင့် Laptop ...စ်လုံးဖြင့် စာရင်းဇယားလုပ်နေသော မြတ်ကေသီ မျက်မှန်အောက်မှ ...က်လုံးဝင့်ကြည့်ပြီး

"အေး ဟုတ်တယ် ထိုင်ပါဦး"

"ဟုတ်ကဲ့"

မြဝါး ခပ်ရှိန်ရှိန်ထိုင်လိုက်သည်။ မြတ်ကေသီ Laptop ကိုပိတ်...ိုက်ပြီး အရင်ဆုံး မြဝါးရုံကို ခြေဆုံးခေါင်းဆုံး ဝေ့ကြည့်သည်။

ခြေဖျားမှ ဆံသားအထိ အပြစ်ဆိုစရာမရှိသော မိန်းမချော...လေး။ သို့သော် သူမလေးမှာ အလှချမ်းသာတာပဲရှိသည်။ ဘဝကတော့



www.burmeseclassic.com

ကုန်းကောက်စရာမရှိလောက်အောင်ကို ဆင်းရဲနွံချာလွန်းသည်ဟု ဆိုင်သန့်ရှင်းရေးသမား ကျော်ထူးဆီမှ သိခဲ့ရသည်။

ထို့ကြောင့် အန်တီ ခေမီမြတ်ကျော် ခိုင်းထားသည့်ကိစ္စကို ထိုကောင်မလေးနှင့်ပဲ အကောင်အထည်ဖော်မည်ဟု စိတ်ကူးမိလိုက်ခြင်းဖြစ်သည်။

ထိုကိစ္စသာ အောင်မြင်ခဲ့လျှင် ဒေါ်ခေမီမြတ်ကျော်က အနည်းဆုံး သိန်းငါးဆယ်လောက်တော့ စွန့်ကြဲမှာ သေချာသည်။ မြတ်ကေသီ အတွေးနှင့်ပင် သိန်းငါးဆယ်ကို မျက်စိထဲပြန်၍ မြင်ယောင်လာမိသည်။

မြဝါးရုံ ကိုယ့်ကိုကြည့်ပြီး ပြူးဖန့်ဖန့် ဖြစ်နေသော မန်နေဂျာမမကိုကြည့်ကာ ဘယ်လိုမှ နားမလည်နိုင်။

"မမ ရုံ့ကို ဘာပြောမလို့ ခေါ်တာလဲဟင်"

ဒီတော့မှ လောဘတွေဖြင့် အနားသတ်ထားသော အတွေးကို ခဏဖယ်ကာ

"ဩော် အင်း ဟုတ်တယ်၊ မင်းကို ပြောစရာရှိတယ်၊ မင်းအမေ နေမကောင်းဘူးဆို ဟုတ်လား"

"ဟုတ်ပါတယ် မမ"

"ဆေးကုဖို့ရော ငွေရှိလား"

"မရှိပါဘူး"





"ဒါဆို မင်းငွေအရမ်းလိုနေမှာပေါ့၊ နေတော့ရော သူများအိမ်နောက်ဖေးမှာနေရတာဆို"

"ရှင် ဟုတ် ဟုတ်ပါတယ် မမ"

ကိုယ့်အကြောင်းတွေ အကုန်လုံးနီးပါး သိနေသော အစ်ကအကြောင်းအရင်းမှာ ကိုကျော်ထူး စကားဖွာ၍ဖြစ်မည်ထင်သည်။

ဒီဆိုင်မှာ မြဝါးရုံအကြောင်း အူမချေးခါးသိတဲ့လူက ကိုကျော်ထူးတစ်ယောက်ပဲ ရှိသည်။

"ခုချိန်မှာ မင်းကို သိန်းနှစ်ရာလောက် ပုံအောရမယ့်အလုပ်နဲ့ လုပ်ရမယ်ဆိုရင် မင်းလုပ်မှာလား မြဝါးရုံ"

မြတ်ကေသီ အမေးကြောင့် မြဝါးရုံ မျက်ဝန်းအစုံ ဝိုင်းစက်သွားသည်။

"ဘာအလုပ်လဲ မမ"

မြဝါး အထိတ်တလန့်အမေးကြောင့် မြတ်ကေသီ လှစ်ခနဲပြုံးလိုက်ပြီး

"မစိုးရိမ်ပါနဲ့ တရားဥပဒေနဲ့ လွတ်ကင်းတဲ့အလုပ်ပါ၊ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေက သူတို့ရဲ့မျိုးဆက်အတွက် မြဝါးရုံတို့လို ရိုးသားသန့်ရှင်းပြီး ချစ်စရာကောင်းတဲ့ အမျိုးကောင်းသမီးဆီက အကူအညီကို ဖြစ်မနေ လိုနေလို့ပါ၊ မြဝါးရုံသာ ကူညီပေးနိုင်မယ်ဆိုရင် ဆင်းရဲတွင်း



www.burmeseclassic.com

www.burmeseclassic.com



နက်နေတဲ့ မြဝါးရုံတို့ မိသားစုလေးရဲ့ဘဝ တစ်ဆစ်ချိုးပြောင်းလဲသွား နိုင်တယ်''

''မမပြောတာ ရုံ နားမလည်ဘူး၊ ဟိုလေ ရုံကပဲ ဉာဏ်တိမ် နေတာလားတော့ မသိဘူး''

''မင်း ဉာဏ်နည်းတာမဟုတ်ဘူး၊ မမက မင်းနားရှင်းအောင် လိုရင်းကို မပြောရသေးတာပါ၊ ခု မမပြောမယ်၊ မင်း အသေအချာ နားထောင်၊ စိတ်လည်းမလှုပ်ရှားသွားနဲ့ဦး၊ ခု မမပြောမယ့်စကားက ပထမပိုင်းတော့ ထိတ်လန့်စရာကောင်းချင်ကောင်းလိမ့်မယ်၊ ဒါပေမဲ့ အသေအချာ ခေါင်းအေးအေးစဉ်းစားပြီး ဆုံးဖြတ်မယ်ဆိုရင် အရမ်းကို ကောင်းတဲ့ အခွင့်အရေးတစ်ခုပဲ''

စကားလမ်းကြောင်း အရင်ခင်းနေသဖြင့် ဘယ်လိုအကြောင်း အရာလဲဆိုတာ မြဝါးရုံ သိချင်စိတ်ပြင်းလာသည်။

''ဘယ်လိုအလုပ်မျိုးမို့လဲ မမ၊ ဥပဒေနဲ့လွတ်ကင်းတဲ့အလုပ် ဆိုရင် ရုံ လုပ်ပါ့မယ်''

''အိုကေ ကောင်းပြီ၊ ကဲ မမ ပြောပြီနော်၊ အခု မင်းကို အကူအညီတောင်းရမယ့်ကိစ္စက အငှားကိုယ်ဝန်ဆောင်ရမယ့်အလုပ်ပဲ''

''ရှင်''

မြဝါးရုံ၏မျက်ဝန်းအစုံသည် စက်ဝိုင်းတစ်ခုလို ဝိုင်းစက်သွား၏။





မြဝါးရုံ လုံးဝထင်မထားသော အကြောင်းအရာဖြစ်နေ၍ ဝိဉာဉ်လွှင့်မတတ် ကို အံ့သြတုန်လှုပ်၍သွားရသည့်အဖြစ်။ စိတ်လှုပ်ရှားလွန်းသဖြင့် ရင်တွေ ပင် တဒိန်းဒိန်းခုန်၍နေသည်။

အပျိုစင်စစ်ကနေ ကိုယ်ဝန်ဆောင် ကလေးမွေးရမည့်ကိစ္စကြီး က မြဝါးရုံအတွက်တော့ ဘဝတစ်ခုထဲကနေ တခြားဘဝတစ်ခုထဲကို ခုန်ဝင်ရမလို ဘယ်လိုမှ မဖြစ်နိုင်။ အမေသာသိလျှင်လည်း လက်ခံလိမ့် မည် မဟုတ်။

''ဘယ်လိုလဲ မြဝါးရုံ၊ မင်း အရမ်းထိတ်လန့်သွားလား၊ မမ ပြောသားပဲ၊ ကြားကြားချင်း မင်းရဲ့စိတ်တွေ အရမ်းလှုပ်ရှားသွားလိမ့်မယ် လို့၊ ဒါပေမဲ့ မင်းရမယ့်အခွင့်အရေးက ဘဝတစ်ဆစ်ချိုးသွားစေမယ့် သိန်းနှစ်ရာနော်၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့အလုပ်ပါကွယ်''

''ဟင့် ဟင့်အင်း မ မဖြစ်နိုင်ပါဘူး မမရယ်၊ အိမ်ထောင် တောင် မကျဖူးသေးတဲ့ မိန်းမပျိုတစ်ယောက်က ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးပေးရမယ်ဆိုတာ လူကြားလို့လည်း မသင့်တော်၊ လူမြင်ရင် လည်း မတင့်တယ်တဲ့ကိစ္စကြီးပါ''

''ဟယ် မဟုတ်ဘူးလေ၊ မမ ပြောချင်တာက မြဝါးရုံသာ တစ်ခါတည်း ခေါင်းညိတ်လိုက် ဒီကိစ္စကို လူလည်းမသိစေရဘူး၊ လူလည်း မကြားစေရဘူး၊ ယုတ်စွအဆုံး မြဝါးရုံရဲ့မိသားစုတောင် မသိစေရဘူး၊



www.burmeseclassic.com

www.burmeseclassic.com

ဒီဘက်က မြဝါးရုံ ဂုဏ်သိက္ခာမကျဖို့အရေးကို ဦးစားပေးပြီး စနစ်တကျ စီမံပေးမှာ''

''ကိုယ်ဝန်ဆောင်မယ့်ကိစ္စကြီးကို ရုံနဲ့တစ်အိမ်တည်း အတူနေတဲ့အမေ မသိစေရဘူးဆိုတာ ဖြစ်နိုင်ပါ့မလား မမရယ်''

''ဖြစ်နိုင်တာပေါ့၊ ဖြစ်ကိုဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့မမျိုးဥကိုစစ်ပြီးတာနဲ့ မင်းကို တခြားမြို့ကို ပို့ထားမယ်၊ မင်း အဲဒီမှာ ကိုယ်ဝန်ဆောင်ရမယ်၊ ကလေးမွေးပြီးတာနဲ့ မင်းအမေအိမ်ကို မင်းပြန်လာရမယ်၊ ဒီအတောအတွင်း မင်းမိဘကိုတော့ အလုပ်ကိစ္စနဲ့ တခြားနယ်ခရီး ထွက်ရမယ်လို့ ပြောလိုက်ပေါ့၊ မင်း သွားနေစဉ်တစ်လျှောက်လုံး မင်းအမေရဲ့ကျန်းမာရေးနဲ့ စားဝတ်နေရေးအတွက် မမတို့ဘက်က လိုအပ်ချက်မရှိအောင် စီစဉ်ပေးမယ်၊ အဲ စောစောက သိန်းနှစ်ရာကိုလည်း မင်း အလုပ်စပြီး လက်ခံတာနဲ့ အရင်ဆုံး တစ်ရာပေးထားမယ်၊ ကိစ္စအားလုံး အောင်မြင်ပြီးမြောက်လို့ ပြန်လာရင် သိန်းတစ်ရာပေးမယ်''

အကွက်ကျကျ စီစဉ်ပေးထားသောအလုပ်မို့ မြဝါးရုံ တွေသွားသည်။ အမှန်ပြောရလျှင် သူတို့ပြောသော သိန်းနှစ်ရာကို မြဝါးရုံ မက်မောပါသည်။ ထိုသိန်းနှစ်ရာသာ ရခဲ့လျှင် မြဝါးရုံတို့မိသားစု သူများနောက်ဖေး အိမ်သာတွေကြားမှာ နေရသည့်ဒုက္ခက လွတ်မည်၊ မြဝါးရုံလည်း ကိုယ်





ိုင်စီးပွားရေးလေးတစ်ခု လုပ်လို့ရမည်။

အတွေးတွေဖြင့်ပင် အနာဂတ်သည် လင်းလက်တောက်ပသွားသလို ခံစားလိုက်ရသည်။ ကိုယ်ဝန်ဆောင်ပြီး ကလေးမွေးပေးရမည့်ရာကြီးကို တွေးကြောက်မိတာကလွဲပြီး ကျန်တာအားလုံးသည် မက်ောက်စရာပင်။

သားသမီး မထွန်းကားသော လူကုံထန်သူဌေးတွေ၏ အခက်ခဲကို ဖြေရှင်းပေးရပေမည့်အလုပ်။ လူသားတစ်ယောက်ကို ကိုယ့်ကျအညီနဲ့ လူ့လောကထဲကို ခေါ်ထုတ်ပေးရမယ့် အလုပ်က ကုသိုလ်ပါသည်။ သို့သော် အင်မတန် စွန့်စားရမည့်အလုပ်တစ်ခု။

''ရုံ ချက်ချင်းကြီး အဖြေမပေးပါရစေနဲ့ မမရယ်၊ ဒီကိစ္စကြီးက ဘဝအတွက် အပြောင်းအလဲဖြစ်စေမယ့်ကိစ္စကြီးမို့လို့ လွယ်လွယ်နဲ့ ုံးဖြတ်ပါရစေနဲ့''

မြဝါးရုံအတွက် ဘဝနှင့်ရော အသက်နှင့်ရော ရင်းရမည့်အလုပ်စ္စမို့ မြဝါး လွယ်လွယ်နှင့် မဆုံးဖြတ်ရဲ။ ထို့အတွက်ကြောင့် စဉ်းစား် အချိန်ယူလိုက်သည်။

''အေးပါ စဉ်းစားပါ၊ ဒါပေမဲ့ မင်းဆန္ဒထက် မင်းမိသားစုရဲ့ရေးကို ဦးစားပေးစဉ်းစားပါ၊ မမ မင်းကို သုံးရက်အချိန်ပေးမယ်''

''ဟုတ်ကဲ့ သုံးရက်ပြည့်ရင် ရုံ အကြောင်းပြန်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရှုံ မန်နေဂျာမမကို နှုတ်ဆက်ပြီး ထွက်လာခဲ့လိုက်သည်
အိမ်အပြန်လမ်းတစ်လျှောက်မှာ မြဝါးစိတ်နှင့်လူနှင့်ကပ်မည့်မဟုတ်တော့

ရှည်လျားသော သက်ပြင်းမောတစ်ချက်ကို မှုတ်ထုတ်လိုက်
သည်။ မြဝါး ထိုအလုပ်ကိုလုပ်နိုင်မည်ဟု လုံးဝမထင်။

■ ■ ■



## အခန်း (၁၅)

ကံကြမ္မာ၏စေခိုင်းချက်သည် မြဝါးရှုံတို့မိသားစုအတွက် အင်မတန်ကို အကွက်ကျစွာစေစပ်လွန်းပါသည်။ ထိုအလုပ်ကို လက်ခံဖို့အတွက် အဆင်မပြေခြင်း ဒုက္ခတရားတွေက စိတ်ဓာတ်တွေ ပျက်ပြားရလောက်အောင်ကို ထိုးနှက်နိုင်လွန်း၏။

"သမီး အမေတို့တော့ ဒုက္ခရောက်ပါပြီ သမီးရယ်"

မနက် အိပ်ရာနိုးနိုးချင်း ငိုကြီးချက်မနှင့်ပြောနေသော အမေ့ကိုကြည့်ပြီး မြဝါးရှုံ အထိတ်တလန့် ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ အမေ၊ ရှုံတို့က ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု အမေတို့ ဒီအိမ်ကနေ ပြောင်းရဦးမယ်ကွယ်"

"ဟင်"

နေခြည်တို့လင်းမြနေသော နံနက်ခင်းသည် မြဝါးရုံအတွက် အရမ်းကို အကျည်းတန်လွန်းနေ၏။ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေသည့် သောကထုထည်တို့သည် မဖိတ်ခေါ်ဘဲနှင့် အုံလိုက်ကျင်းလိုက် ချီတက်လာကြပြန်သည်။

မြဝါးရုံမှာ ပြန်လည်ခုခံရန် အင်အားမရှိ။

"မသဇ္ဈာနဲ့ကြီးမေက ဖယ်နိုင်းလို့လား အမေ"

"သူ့ကို မဖယ်နိုင်းပါဘူး။ အမေတို့တင်မဟုတ်ဘူး သူတို့ပါ ဖယ်ပေးရတော့မယ်လေ"

"ဟင် သူတို့ရော ဖယ်ပေးရတော့မယ် ဟုတ်လား"

"ဟုတ်တယ် သူတို့သားအမိ ဒီအိမ်ကြီးကို အကြွေးနဲ့အသိမ်းခံရတာ၊ ခုတော့ သူတို့သားအမိလည်း ရှာပြန်၊ အမေတို့လည်း ဘုံပျောက်ပြီ"

မြဝါး အာရုံတွေ ထွေပြားကာ လူက ဆောက်တည်ရာမရသလို ထူပူသွားသည်။

"ဒါဆို ရုံတို့ ဒီကနေ ပြောင်းရဦးမယ်၊ ဟင်း စိတ်ညစ်ပါတယ် အမေရယ်၊ ရုံတို့မှာ စားဖို့တောင် အနိုင်နိုင်၊ နောက်ထပ် အိမ်ငှားဖို့ဆို





တာ ဘယ်လိုဖြစ်နိုင်မှာလဲ"

"မမရေ ညှော်သည်လာတယ်"

စိတ်ညစ်နေရသည့်အထဲ ညှော်သည်လာသည်ဆို၍ မြဝါးအိမ်ရှေ့ လမ်းကြားလေးကို ကဲကြည့်လိုက်သည်။

"ဟင် ရှင်"

တံပေါက်ဝတွင် ရပ်နေသော နေတံခွန်ကိုမြင်တော့ မြဝါးရုံ မျက်နှာလေးသိမ်ငယ်မှုတွေဖြင့် အနည်းငယ် ပျက်ယွင်းသွားသည်။

"သား လာလေ အိမ်ပေါ်တက်ပါ"

အမေက ခရီးဦးကြိုပြုသဖြင့် နေတံခွန် အိမ်ပေါ်သို့ တက်လာသည်။

"လာ သား ထိုင်"

အမေ ပလပ်စတစ်ဖျာလေး ခင်းပေးသဖြင့် နေတံခွန် ဝင်ထိုင်လိုက်သည်။

"ပီတိလေး ဘယ်လိုနေလဲဆိုတာ လာကြည့်တာပါ"

"သြော် အဟင်း မင်းညီမလေးကတော့ မင်းမြင်တဲ့အတိုင်းပဲကွယ်၊ လမ်းပေါ်တောင် ထွက်ဆော့နေပြီလေ"

"သမီးရေ ညှော်သည်ကို တစ်ခုခုနဲ့ညှော်ခံရအောင်ကွယ်"

"အမေရယ် အမေ့စေတနာက အဝေရာဖြစ်ပါမယ်၊ ရုံးသို့လို



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေနဲ့ ရုံတို့ညည့်ခံတဲ့ အစားအသောက်က ဒီကညေ့်သည်အတွက်
အော်ဂလီဆန်စရာ ဖြစ်နေပါမယ်''

''ဟာ မဖြစ်ပါဘူး၊ လုံးဝမဖြစ်ပါဘူး။ ကျွန်တော့်မှာ အဲဒီ
လူတန်းစားခွဲခြားတတ်တဲ့စိတ် လုံးဝမရှိပါဘူး။ ကျွန်တော် ဒီကိုလာ
ပီတိလေးအခြေအနေ သိချင်လို့ပါ၊ ကျွန်တော့်အတွက်နဲ့ ဝန်ထုပ်ဝန်
ဖြစ်ပါတယ်၊ ဘာမှမစီစဉ်ပါနဲ့''

''အေးကွယ် အန်တီ့သမီးက ဒီလိုပဲ အပြောအဆိုမတတ်လို့
သားရယ်၊ ဒါနဲ့ သားနာမည် ဘယ်လိုခေါ်သလဲ အန်တီက နာမည်မသိ
သားလို့ခေါ်တာ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးတယ်ကွယ်''

''ကျွန်တော့်နာမည် နေတံခွန်ပါ၊ ကျွန်တော့်ကို ကိုယ့်တူကို
သားတစ်ယောက်လို သဘောထားနိုင်ပါတယ်၊ အန်တီတို့အနေနဲ့ လိုအ
တဲ့အကူအညီကို ပြောပါ၊ ကျွန်တော် ကူညီပါရစေ''

''မလိုပါဘူး နေတံခွန်၊ ရုံတို့မိသားစုက ဆင်းရဲပေမယ့် မာ
တော့ရှိတယ်၊ လူတစ်ယောက်ဆီက ဘယ်လိုအကူအညီမျိုးကိုမှ မယ
တတ်ပါဘူး''

''ဟဲ့ သမီး အဲဒီလို မပြောရဘူးလေ''

ဒေါ်သင်းမွန် အားနာလွန်း၍ မြဝါးရုံ၏ဘုဆတ်ဆတ်နိုင်မှုကို
ဝင်ရောက်ဟန့်တား၏။





''နေပါစေ အန်တီ၊ သူ့ရင်ထဲရှိတဲ့အတိုင်းပြောပါစေ၊ ကျွန်တော်
ည်း စကားပြောလောသွားလို့ပါ''

''အမေရေ မေကြီး ကြီးကြီးမေ ခေါ်နေတယ်''

ပီတိလေး ပြုံးရွှင်ရယ်မောစွာ အိမ်ကလေးပေါ် တက်လာပြီး
အဖြင့် ဒေါ်သင်းမွန် နေတံခွန်နှင့် စကားပြောနေရာမှ ထလိုက်ပြီး

''ကဲ မောင်နေတံခွန် ခဏလေးနော်၊ အန်တီ့အစ်မ ခေါ်နေလို့
သွားလိုက်ဦးမယ်၊ သမီးနဲ့ စကားပြောနှင့်ဦး''

ဒေါ်သင်းမွန် အိမ်ကလေးပေါ်က ကပျာကယာဆင်းသွားသည်။
ိုင်ခန့်သော ခနော်ခနဲ့အိမ်ကလေးမှို့ လမ်းလျှောက်လိုက်တိုင်း အိမ်
လေးက ယိုင်နဲ့၍နေသည်။

''ကိုကြီး ကိုကြီးက သူဌေးသားလားဟင်''

ပီတိလေးအမေးကြောင့် နေတံခွန် အပြစ်ကင်းစင်သော ပီတိ
နာလေးကို ပြုံး၍ကြည့်လိုက်ပြီး

''ကိုကြီးက သူဌေးမဟုတ်ပါဘူး''

''ဟင် ဒါဆို အိမ်ရှေ့မှာရပ်ထားတဲ့ကားကြီးကရော အဟင်း
ားကြီးက အလန်းစားထဲကပဲ ကိုကြီး ငှားစီးလာတာလား''

''အင်း ဟုတ်တယ် ကိုကြီးအမေဆီကနေ ငှားစီးလာတာ''

''ဒါဆို ကိုကြီးအမေက သူဌေးပေါ့၊ ကိုကြီးအမေ သူဌေးဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကြီးက သူ့ဖွေးသားပေါ့၊ အတူတူနဲ့ အနူနူကို ကိုကြီးက လာနောက်နေတယ်''

နေတံခွန်နှင့် ပီတိစကားလက်ဆုံကျသွားသည်။ မြဝါးရုံ သံသေတ္တာထဲမှ MP4 လေးနှင့် ကောက်ရထားခဲ့ဖူးသော ဟန်းချိန်းလေးကို ထုတ်ယူလိုက်သည်။

''ဒါ ရှင့်ရဲ့ပစ္စည်းတွေမဟုတ်လား''

''ဘယ်လို''

နေတံခွန် မရှင်းဟန်ဖြင့် အူလည်လည်ဂိုက်ဖမ်းကာ ထပ်မေးလိုက်သည်။

''ဒီပစ္စည်းတွေကို ရုံ ကောက်ရသွားအောင်လို့ ရှင် တမင်ဖန်တီးထားတာမဟုတ်လား။ ရှင် ငြင်းဖို့မကြိုးစားပါနဲ့ ရုံ့စိတ်က အလိုလိုသိနေတဲ့ ကိစ္စမို့လို့ အမှန်အတိုင်း ဝန်ခံပေးပါ''

မြဝါးရုံ၏လိမ္မာပါးနပ်မှုနှင့် ဂိုးဖြောင့်မှုကြောင့် နေတံခွန် ဆက်လိမ်ဖို့ နှုတ်မရဲတော့။

''ကိုယ် အမှန်အတိုင်းဝန်ခံရရင် ရုံက ဒီပစ္စည်းတွေကို အမှတ်တရ သိမ်းထားမှာလား။ အဲဒီလို သိမ်းထားမယ်ဆိုရင်တော့ ကိုယ် အမှန်အတိုင်း ဝန်ခံမယ်''

''ကိုကြီး အဲဒါတွေက မမကောက်ရထားတာတွေပါ''





ပီတိလေး ကလေးပီပီ ဘုမသိဘမသိ ဝင်ပြောဏ်။

''ပီတိ အသာနေစမ်း။ ဘာမှမသိဘဲ ဝင်မပြောနဲ့၊ ကလေးက ကလေးလိုနေ''

မြဝါးရုံ ဝင်ဟန့်လိုက်သဖြင့် ပီတိ ဖက်ကာလေးပုကာ မျက်နှာလေးငယ်သွားဏ်။ ဘာမျှတော့ ဝင်မပြောရဲတော့။

''စပြီး ကောက်ရခဲ့ကတည်းက ဒီပစ္စည်းလေးကို ရုံပိုင်ဆိုင်ရမယ့်ဟာတွေမဟုတ်ဘူးလို့ ကြိုတွေးထားပြီးသားပဲ၊ ရုံက အချောင်ရတဲ့ ပစ္စည်းတွေကို မမက်မောတတ်ဘူး''

''ဒါဆိုရင်တော့ ကိုယ့်ဆီက ရုံလိုချင်တဲ့အဖြေမျိုး လုံးဝ မရဘူး''

''ရှင်နော် လူကို ကလိန်ကကျစ်လာမကျနဲ့၊ ရှေ့ ပြန်ယူ''

''နိုး ကိုယ်ကလည်း ရုံ့လိုပဲ သူများပစ္စည်းကို အချောင်မယူတတ်ဘူး''

''ကောင်းပြီလေ ရှင့်ဟာလည်းမဟုတ်ဘူးဆိုမှတော့ ရုံကလည်း ပိုင်ရှင်ကို ဆက်မစုံစမ်းတော့ပါဘူး။ ကိုယ့်လိပ်ပြာကိုယ်လုံတဲ့အနေနဲ့ အမှိုက်ပုံမှာပဲ သွားလွှင့်ပစ်လိုက်တော့မယ်၊ ထိုက်တဲ့သူ ရပါစေပေါ့''

ရုံ တမင်ပင် ကလိလိုက်သည်။ အမူအရာကလည်း အမှန်ပင် လုပ်မည့်ရုပ်မျိုး။ နေတံခွန် လန့်သွားသည်။ နှမြော၍တော့မဟုတ်။ မြဝါးရုံ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ရည်ရွယ်ထားတဲ့ အမှတ်တရပစ္စည်းလေးတွေကို မြဝါးရုံဆီမှာပဲ ရှိစေချင်သည်။

"ဟာ အဲ အဲဒီလိုတော့ မလုပ်နဲ့လေ၊ ပစ္စည်းရဲ့တန်ကြေးက စုစုပေါင်း ဆယ်သိန်းဝန်းကျင်လောက် ရှိတယ်ကွ"

ရုံစိတ်ထဲ ကြိတ်ပြုံးလိုက်သည်။

"ဒါနဲ့ ရှင့်ပစ္စည်းမဟုတ်ဘူးဆို"

"အဲ ဟုတ် ဟုတ်တယ်"

မြဝါးရုံ မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။

"ရှင် ပိုက်ဆံတွေအရမ်းပေါ်နေရင်လည်း တစ်နေ့ကို ဆယ်သိန်းဖိုးလောက် မိဘမဲ့ဂေဟာမှာ သွားလှူလိုက်ပါလား၊ ဘာဖြစ်လို့ ခုလို အဓိပ္ပာယ်မရှိ အူကြောင်ကြောင်နိုင်တဲ့အလုပ်ကို လုပ်ရတာလဲ၊ တကယ် ရယ်ရတယ်"

"ကိုယ့်ရဲ့စိတ်ကူးယဉ်ဆန်တဲ့စေတနာတွေကို ဟာသမလုပ်လိုက်ပါနဲ့ မြဝါးရုံ၊ ကိုယ့်အနေနဲ့ မင်းရဲ့ဆန္ဒလေးကို ဖြည့်ဆည်းပေးချင်ရုံသက်သက်ပါ"

"ဘာ ရုံ့ဆန္ဒဟုတ်လား၊ ရုံ ဘယ်တုန်းကများ ရှင့်ရှေ့မှာ ရုံ့ဆန္ဒတွေရွှတ်ပြဖူးလို့လဲ၊ နောက်ပြီး ရှင့်ကိုလည်း ရုံမသိဘူး"

"ကိုယ်ကတော့ ရုံ့ကိုသိနေတယ်၊ ရုံကသာ ကိုယ့်ကိုမသိတာပါ"





ပီတိ သူ နားမလည်သောအကြောင်းအရာတွေ ပြောနေကြသဖြင့် ထိုင်ရာမှ ထလိုက်ပြီး အိမ်ရှေ့သို့ထွက်သွားသည်။

"ရုံ မှတ်မိလား၊ ကော်ဖီဆိုင်ရဲ့သန့်စင်ခန်းထဲမှာ ရုံနဲ့ ရုံ့သူငယ်ချင်း စကားတွေပြောနေကြတဲ့အချိန်၊ ရုံတို့ အနောက်မှာ ကိုယ်ရောက်နေတာလေ၊ ကိုယ် သေသေချာချာ ကြားလိုက်ရတာက ရုံလည်း MP4 လေး တစ်လုံးဝယ်ချင်တယ်ဆိုတာလေ"

မြဝါးရုံ မျက်နှာပေါ်မှာ အံ့ဩရိပ်တွေဖြင့် ပန်းရောင်သန်းနေသည့် ပြာလဲ့သော မျက်ဝန်းအစုံသည် အရောင်တစ်မျိုးထပ်ရောကာ မှုန်းလှုံ့၍နေသည်။

"ဒါဆို အဲဒါကြောင့် ရုံ့ဆီကို MP4 လေး ရောက်လာအောင် ရှင် ဖွင်ဆင်ခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်တယ် ရုံ၊ ကိုယ် ရုံ့ကို ချစ်တယ်၊ လိုအပ်တာတွေ ဖြည့်ဆည်းပေးချင်တဲ့စေတနာတွေက ကိုယ့်ရင်ထဲမှာ ချစ်စိတ်နှင့်အတူ ပြည့်နှက်နေတယ်"

"အို ရှင်တော်တော် အတင့်ရဲတာပဲ၊ သူများအိမ်ပေါ်တက်ပြီး ညည်းစားစကားပြောရဲတယ်၊ ဒီလောက် အခြေအနေချင်းကွာခြားနေတာ ရှင်မို့လို့ မီးပုံထဲ ခုန်ချချင်တယ်၊ ရှင့်မိဘတွေသိရင်တော့ ရင်ကျိုးတော့မှာပဲ"



www.burmeseclassic.com

ဆင်းရဲခြင်းတွေနှင့်သာ ခေါက်ရိုးကျိုးနေခဲ့သော ကိုယ့်ဘဝကို ကိုယ့်ဟာကိုယ် သေးနုတ်သိမ်ငယ်နေပါတယ်ဆိုမှ အခွင့်ထူးခံ သူဌေးသား တစ်ယောက်က ချစ်တယ်တဲ့။

မြဝါးရုံ ဟားတိုက်ပြီးတောင် ရယ်လိုက်ချင်သေးရဲ့။

■ ■ ■



## အခန်း (၁၆)

မနက်ဖြန်ခါ မမရွှေရောက်သည်အထိ မြဝါးရုံ၏စိတ်တွေ ချီတုံချတုံဖြစ်နေဆဲ။ မိသားစုအတွက် ကိုယ့်ဘဝကိုစွန့်ပြီး အနစ်နာခံရပေမယ့် အမေသာသိလျှင် မြဝါးကို လုံးဝခွင့်လွှတ်မည်မဟုတ်။

"အလုပ်လက်ခံမှာမို့ ရောက်လာတာလား မြဝါးရုံ"

"ဟုတ် ဟုတ်ကဲ့ မမ"

မြဝါးရုံ၏အသံတွေက တုန်ရီတိမ်ဝင်နေသည်။ မဟာစွန့်စားခန်းကြီးတစ်ရပ်ကို ကိုယ်ကျိုးစွန့်ပြီး ကြိုးစားပေးရမှာမို့ ကြောက်နေတာလည်း ပါသည်။

"အေးကွယ် မမ ဝမ်းသာလိုက်တာ၊ ဒါနဲ့ ဒီအလုပ်ကို အရင်က ခါးသီးသီး ငြင်းပြီး ခုလို လက်ခံလိုက်တာလား၊ မင်းမှာ ကြီးမားတဲ့

www.burmeseclassic.com



အခက်အခဲတစ်ခုရှိနေလို့များလား၊ အဲဒီအခက်အခဲဟာ ဘာလဲဆိုတာ မမကို ပြောပြလို့ရမလား"

"ရုံတို့ အခုနေတဲ့ အိမ်လေးက ဖယ်ရတော့မယ်လေ၊ နောက်ပြီး အမေ့ရောဂါကိုလည်း ကုချင်တယ်၊ ဒါကြောင့် မြဝါးတို့နဲ့သင့်တော်တဲ့ အိမ်လေးတစ်လုံးလောက်ဝယ်ပြီး အမေ့ရောဂါကို ပျောက်ကင်းအောင် ကုချင်လို့"

မြတ်ကေသီ မြဝါးရုံကို ကျေနပ်နှစ်လိုသော အကြည့်ဖြင့်ခေါင်း တဆတ်ဆတ်ညိတ်ပြီး ကြည့်လိုက်သည်။

"မြဝါးရုံရဲ့အနစ်နာခံလိုတဲ့စိတ်ကို မမ လေးစားပါတယ်ကွယ်၊ မြဝါးဘက်က ခုလိုမျိုး မမတောင်းတဲ့အကူအညီကိုပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်၊ ဒါကြောင့် မမဘက်ကလည်း နောင်ဘယ်လိုအကူအညီမျိုးပဲဖြစ်ဖြစ် မမဆီကတောင်းပါ၊ မမအတတ်နိုင်ဆုံး ကူညီပါမယ်"

မြဝါးရုံ ဘာမျှမပြောဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားသည်။ ကြောက်စိတ်တွေကြောင့် ရင်တွေတလှပ်လှပ်တုန်ခါလာသည်။

"မမ ဟိုဘက်ကို အလုပ်ဖြစ်တယ်ဆိုတာ အကြောင်းပြန်လိုက်တော့မယ်နော်"

မြဝါးရုံ ဝေ့ဝဲတက်လာသော မျက်ရည်ကြည်တို့ကို မျက်တောင်တို့ဖြင့် ပုတ်ခတ်သိမ်းသွင်းရင်း ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။





"ရုံ သူတို့နဲ့ မတွေ့လို့ရမလား မမ"

အပျိုလေးတန်မဲ့ ခုလို အရှက်သိက္ခာမဲ့သော အလုပ်ကိုလုပ်သည်ဆိုတာ ငွေကြေးကြောင့်လို့ ဂုဏ်ကြီးရှင်တွေ နားလည်ထားမှတော့ ရှုချင်းတွေ့စရာမှ မလိုတော့တာ။

"အဲဒါကတော့ စိတ်ချ မြဝါးရုံ မမ မြဝါးရုံရဲ့ဓာတ်ပုံလေးကိုပဲ ပြလိုက်မယ်လေ၊ သူတို့ကလည်း ဒီကိစ္စကို လျှို့ဝှက်လုပ်မှာဆိုတော့ မင်းနဲ့တွေ့ချင်မှာမဟုတ်ဘူး။ နောက်ပြီး ခုကိစ္စကို မင်းရဲ့မိသားစုတင် မဟုတ်ဘူး။ မင်းရဲ့လုပ်ဖော်ကိုင်ဖက်တွေပါ မသိအောင် မမ အထူး လျှို့ဝှက်ပေးထားမယ်လို့ မမ လုံးဝ ကတိပေးတယ်ကွယ်"

"မမဘက်က နှုတ်လုံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရုံ ဘာလုပ်ရမလဲဆိုတာကိုပဲ မမ ညွှန်ကြားပေးပါ"

"အဲဒါက ကာယကံရှင်နဲ့တိုင်ပင်ပြီးမှ မမ မင်းကို အသေးစိတ် ပြောမယ်လေ၊ အင်း ခုလောလောဆယ်တော့ မင်းရော မမရော ပြင်ဦး လွင်မှာရှိတဲ့ ကော်ဖီဆိုင်ကို မင်းသွားရမယ်ဆိုတဲ့အကြောင်း အားလုံးသိ အောင် သတင်းလွှင့်ကြတာပေ့ါ"

မြတ်ကေသီ သူ့ဟာသူ ကြိုတင်အကွက်ချစီမံထားသည့်အတိုင်း မြဝါးရုံကို ညွှန်ကြားချက်ပေးပြီး ဟန်းဖုန်းခလုတ်တွေကို နှိပ်လိုက်သည်။

"ဟဲလို အန်တီခေလား၊ ကေသီပါ အန်တီခေ အကူအညီ



www.burmeseclassic.com

www.burmeseclassic.com



တောင်းထားတဲ့ကိစ္စလေး အိုကေတယ် သိလား''

''...''

''ဩော် စိတ်ချပါ အန်တီခေရဲ့ သူလက်ခံတယ်ဆိုတာ လုံးဝ ကျိန်းသေပါတယ်၊ စိတ်ချ လုံးဝစိတ်ပြောင်းမှာမဟုတ်ဘူး။ အဲ အန်တီ တို့ဘက်ကသာ စီစဉ်ထားတဲ့အတိုင်း အကောင်အထည်ဖော်ဖို့ လုပ်တော့ လေ၊ ကေသီကောင်မလေးဘက်က လုံးဝ ကျိန်းသေတယ်၊ အခု အန်တီခေ တို့ဆီက အစီအစဉ်ကိုပဲ စောင့်နေတာ''

''ကောင်းပြီလေ၊ မနက်ဖြန်မနက် အန်တီခေနဲ့ကေသီနဲ့ တွေ့ ကြမယ်၊ အဲဒီကျမှပဲ အန်တီခေ အစီအစဉ်ကို ပြောကြတာပေါ့''

''...''

''ဟုတ်ကဲ့ ခေတ်ပုံယူခဲ့မယ်လေ၊ စိတ်ချပါ အန်တီခေ စိတ် တိုင်းကျမယ့် ရုပ်ရည်မျိုးပါ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါပဲနော် အန်တီခေ''

မြတ်ကေသီ ဖုန်းပိတ်လိုက်ပြီး ပျားရည်ထက်ချိုသော အပြုံး ဖြင့် မြဝါးရုံကိုကြည့်ပြီး

''ကဲ အားလုံး အိုကေပြီ မြဝါးရုံရေ၊ မမ အန်တီခေကို လုံးဝ ကတိပေးထားပြီးသားမို့ ငါ့ညီမဘက်က ကတိပျက်လို့တော့ မဖြစ်ဘူး နော်''

မြဝါးရုံ အသာခေါင်းညိတ်ပြလိုက်သည်။ အားလုံးပြောပြီးဆိုပြီး





မှတော့ မြဝါးရုံ ကတိပျက်၍မဖြစ်။

အမေနှင့်ညီမလေး လူတန်းစေ့ နေနိုင်ဖို့အတွက် မြဝါးရုံ နောက် ဆုတ်၍မဖြစ်နိုင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဘယ်လို သမီး၊ ပြင်ဦးလွင်ကိုသွားရမယ် ဟုတ်လား"

"ဟုတ်တယ် အမေ၊ ဟိုမှာ ကော်ဖီဆိုင်နဲ့ကိုရီးယားအစားအစာဆိုင် ထပ်ဖွင့်ဖို့အတွက် ရန်ကုန်က ဆိုင်ဝန်ထမ်းတချို့ သွားရမယ်"

ဒေါ်သင်းမွန် မျက်နှာလေး ညှိုးလျော်သွားသည်။ အိမ်အတွက် သောကဖြစ်နေသည့်အချိန်ကျမှ သမီးက နယ်ကိုသွားရမယ်ဆိုတော့ သားအမိနှစ်ယောက် ဘယ်လိုနေခဲ့ကြမလဲ။

"မလိုက်သွားလို့ မရဘူးလား သမီးရယ်"

မျက်နှာငယ်လေးဖြင့် တားမြစ်နေသော အမေ့ကိုကြည့်၍ မြဝါး ငိုချင်လာသည်။ မလွှဲသာ၍ ခွဲရပေမယ့် မြဝါး ဘယ်ခွဲချင်ပါ့မလဲ၊ အမှန်ဆို မြဝါး ပြင်ဦးလွင် တကယ်သွားမှာမှ မဟုတ်တာ။ ရန်ကုန်မြို့၏တစ်နေရာ





မှာ ခဏာပုန်းခိုနေရုံလေးပင်။ ဒီကြားထဲ အမေနဲ့ညီမလေးကို အဝေးကနေ တိတ်တဆိတ် လာခိုးကြည့်လို့ ရနေတာပဲလေ။

"အမေရယ် ရုံလည်း ဘယ်သွားချင်ပါ့မလဲ၊ ဒါပေမဲ့ ရုံ အဲဒီလို အလုပ်ပြောင်းလိုက်ရင် အမေတို့အတွက် နေစရာရော၊ စားစရာရော ဘာမှမပူပင်ရတော့ဘူး။ ရုံသာ သူတို့ခိုင်းတဲ့တာဝန်ကို မလုပ်နိုင်ရင် ရုံ နေစရာအိမ်ကို လုံးပန်းရဦးမယ်၊ ခုလောက်လည်း အဆင်ပြေမှာမဟုတ်ဘူး၊ သူတို့ပေးတဲ့အခွင့်အရေးက အရမ်းရက်ရောလွန်းတော့ ရုံအနေနဲ့ အဲဒီအခွင့်အရေးကို လက်မလွှတ်ချင်ဘူး အမေရယ်၊ ဒါကြောင့် ရုံ သွားမယ်လို့ ကတိပေးလိုက်မိတာပါ"

"ဘယ်လိုရက်ရောတဲ့ အခွင့်အရေးတွေ ပေးလို့လဲ သမီး"

"အလုပ်ရှင်က နယ်ကိုသွားရင် မြဝါးတို့ မိသားစုအတွက် နေစရာတစ်ခု စီစဉ်ပေးမယ်၊ နောက်ပြီး အမေတို့အတွက် စားစရိတ် အနေနဲ့ တစ်လ တစ်သိန်းခွဲ ထောက်ပေးပါမယ်တဲ့"

"ဟင် အဲဒီလိုလား"

"ဟုတ်တယ် အမေ၊ ဒါကြောင့် ရုံ ငြင်းရခက်နေတာပေါ့၊ ဒီကြားထဲ ရုံ ကြိုးစားမှုပေါ်မူတည်ပြီးတော့လေ ရုံတို့အတွက် နေဖို့စီစဉ်ပေးမယ့်အိမ်ကိုလည်း ရုံတို့နာမည်နဲ့ လွှဲပေးမယ်၊ ပြီးမှ တရစ်ချင်းပြန်ဆပ်ရမယ်တဲ့၊ ဒါကြောင့် အမေနဲ့ပိုတိနှစ်ယောက်ထဲမဖြစ်ရအောင် နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မသဏ္ဌာ ကြီးမေကိုလည်း ကျေးဇူးဆပ်ရာရောက်အောင် သူတို့သားအမိကို ရှာမပြန်နိုင်းနဲ့တော့လေ၊ အမေတို့နဲ့ပဲ အတူနေနိုင်းလိုက်တော့ပေါ့၊ ဒီကြားထဲ အမေ့ကျန်းမာရေးအတွက်လည်း ဆေးဖိုးဝါးခကအစ တာဝန်ယူပေးမယ်လို့ ပြောတယ်''

''အဲဒီလောက် ကောင်းလွန်းနေရင် သမီးအလုပ်ရှင်က ယောကျ်ားလား မိန်းမလား သမီး''

ဒေါ်သင်းမွန် သံသယဖြစ်စွာဖြင့် မေးလိုက်သည်။ မြဝါးရုံရင်ထဲကအပူတွေကို အမေမသိအောင် ဟန်ဆောင်အပြုံးဖြင့် ဖုံးကွယ်လိုက်ပြီး

''ဩော် အမေရယ် စိုးရိမ်စရာမရှိ ကြဲဖန်စိုးရိမ်နေပြန်ပါပြီ၊ ရုံတို့အလုပ်ရှင်က မိန်းမပါ အမေရဲ့၊ အရှင်းဆုံးပြောရရင် ရုံ မသွားမှာစိုးလို့ မက်လုံးပေးတာပေါ့ အမေရယ်''

ဒီတော့မှ ဒေါ်သင်းမွန် စိတ်အေးသွားရသည်။ သို့သော် သမီးနှင့်ခွဲရမည်ဆိုတော့ စိတ်ထဲမှာ နည်းနည်းလေးမှမကောင်း။

''သမီးက အဲဒီမှာ ဘယ်လောက်ကြာကြာနေရမှာလဲ၊ အမေ့ကို ပြောပါဦး''

''အလွန်အကျွံနေလှ ဆယ်လ တစ်နှစ်ပေါ့ အမေရယ်၊ တစ်နှစ်ဆိုတဲ့အချိန်က ဘယ်လောက်မှကြာတာမှ မဟုတ်တာ''





''အင်းလေ အမေ့သမီးလေးက မိသားစုအတွက် အနစ်နာခံရတာပဲ၊ ဘာလုပ်လုပ် အဆင်ပြေမှာပါ''

အမေ မျက်ရည်တို့ ရစ်ဝိုင်းနေသည်။ မြဝါးရုံ၏ အမေနှင့်အတူ မျက်ဝန်းမှ မျက်ရည်ကြည်တို့ ရစ်သိုင်းလာသဖြင့် အမေ့ရှေ့မှ ထလာလိုက်သည်။ ရုံရင်ထဲမှာ ကြေကွဲလိုက်တာမှ အရမ်းပါပဲ။

အမေရယ် အမေ့သမီးအဖြစ်ကိုသာ အမေသိရင် ရင်ကျိုးမယ်ဆိုတာ ရုံသိတယ်။ ရုံကို ခွင့်လွှတ်ပါ အမေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"သမီးလေးရေ မေမေတို့ အကြံတော့ အောင်မြင်ဖို့ ရာနှုန်းပြည့်နီးပါး ဖြစ်လာပြီကွယ်"

"ကိုယ်ဝန်အငှားဆောင်ဖို့ စိတ်တိုင်းကျတဲ့မိန်းကလေးတွေ့ပြီကွယ်"

ဒေါ်ခေမိမြတ်ကျော် သမီးအတွက် သူ့အစီအစဉ် အထမြောက်တော့မှာမို့ အောင်နိုင်သူတစ်ယောက်လို မျက်နှာတစ်ပြင်လုံး ပြုံးရွှင်ချိုမြသော မျက်နှာဖုံးစွပ်ထား၏။

"ရုပ်ရည်ကရော သန့်ပြန့်ရဲ့လား မာမိ၊ ကျန်းမာရေးလည်း ကောင်းမှဖြစ်မှာနော်"

"အို သမီးရယ် အားလုံးစစ်ဆေးပြီးပြီ၊ ဆင်းရဲတာကလွဲလို့ ကျန်တာအားလုံး အမှတ်ပြည့်ပဲ၊ ရော့ ဟောဒီမှာ ဓာတ်ပုံ"





ဒေါ်ခေမိမြတ်ကျော် လှမ်းပေးသော ဓာတ်ပုံကိုလှမ်းယူပြီး နွေရာလင်း စေ့စပ်သေချာစွာ အကြာကြီး ကြည့်လိုက်သည်။

"ဘယ်လိုလဲ သမီး၊ ရုပ်ကလေးက အပြစ်ပြောစရာမရှိအောင် သူတယ်မဟုတ်လား"

"အင်း မဆိုးပါဘူး၊ သူက ဘာဖြစ်လို့ ဒီအလုပ်ကို လက်ခံရတာတဲ့လဲ မာမီ၊ တော်တော်လေး ဆင်းရဲချို့တဲ့လို့လား"

"ဟုတ်တယ် သမီး၊ နေစရာရော စားစရာပါ အခက်အခဲတွေ့နေလို့တဲ့၊ နောက်ပြီး သူ့အမေကလည်း ကျန်းမာရေးမကောင်းဘူးလို့ မှတ်ကေသီ ပြောသွားတယ်"

"ဒါဆို ဒေါက်တာ မနှင်းပွင့်နဲ့တိုင်ပင်ပြီး စီစဉ်စရာရှိတာ စီစဉ်ထားလိုက်တော့မယ်နော်"

"မနှင်းပွင့်နဲ့တိုင်ပင်တာကနောက်၊ သမီးယောက်ျားကို ဒီကိစ္စ လုံးဝမရိပ်မိအောင် သမီးဘက်က ပြောရမှာနော်"

"မပူပါနဲ့ မာမီ၊ ကိုကိုက လင်းမှာ ကိုယ်ဝန်မဆောင်နိုင်တဲ့ ချို့ယွင်းချက်ရှိနေတာကို သူ လုံးဝမသိသေးပါဘူး၊ သူ့ကိုလည်း ကလေးမရနိုင်တဲ့ချို့ယွင်းချက်ရှိ မရှိ သိရအောင် သူ့ဆီက မျိုးရိုးဗီဇယူပြီး စစ်မယ်လို့ ပြောထားတယ်"

ဒေါ်ခေမိမြတ်ကျော် နွေရာလင်းအား မအေခြေရာနှင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာတွေးပြီး သဘောအကျကြီး ကျနေမိ၏။

"ငါ့သမီးက လိမ္မာပါးနပ်ပြီးသားပါလေ၊ မာမိကတော့ သမီးကို ယုံတယ်၊ လူမှန်းသိတတ်စအရွယ်ကတည်းက သမီးလေးက မာမီ့အပေါ် အလိုက်သိတယ်၊ မာမီ ဘာကြိုက်လဲဆိုတာကို သိပြီး မာမီ့အကြိုက်ကို သမီး လိုက်ပေးတယ်"

"ဒါကတော့ မာမိရယ်၊ လင်းက မာမီ့သမီးပဲ၊ ကိုယ့်မိဘ အကြိုက် မလိုက်လို့ လင်းက ဘယ်သူ့အကြိုက်လိုက်ရမှာလဲ"

သားအမိနှစ်ယောက် စကားကောင်းနေကြတုန်း ခြံရှေ့တက္ကစီ တစ်စီး ထိုးဆိုက်လိုက်သဖြင့် ဧည့်ခန်းထဲမှ ခြံတံခါးအပြင်သို့ လှမ်းကြည့် လိုက်ကြသည်။

"ဟော မြတ်ကေသီ လာပြီ သမီးရေ"

ခြံစောင့် ဦးလူမောင် တံခါးဖွင့်ပေးလိုက်သဖြင့် မြတ်ကေသီ ခြံထဲသို့ လမ်းလျှောက်၍ ဝင်လာသည်။

အိမ်ဖော်မလေး မှန်တံခါးကို ဆွဲဖွင့်ပေးလိုက်သဖြင့် မြတ်ကေသီ အိမ်ထဲ တန်းဝင်လာသည်။

"လာ မြတ်ကေသီရေ၊ ခုပဲ သမီးအကြောင်းကို အန်တီတို့ သားအမိပြောနေကြတာ"

"ဟုတ်မယ် ဒါကြောင့် ကေလည်း တက္ကစီပေါ်မှာ အိပ်ချင်လို့





ထီးဝါးကိုသိမ်းနေတာ"

အရယ်အရွှန်းဖောက်ပြီးပြောကာ မြတ်ကေသီ လက်ကိုင်အိတ် ကို ပေါင်ပေါ်တင်ပြီး ဒေါ်ခေမီမြတ်ကျော်နား ဝင်ထိုင်လိုက်သည်။

"ဘာထူးလို့လဲ မြတ်ကေသီ၊ အစီအစဉ်တော့ မပျက်လောက် ပါဘူးနော်"

ဒေါ်ခေမီမြတ်ကျော် စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

"အို ဘယ်ကလာ ပျက်ရမှာလဲ အန်တီခေရယ်၊ ကေသီ ခု လာတာ အန်တီခေတို့ဘက်က ကိုယ်ဝန်အငှားဆောင်မယ့်အစီအစဉ်ကို ဘယ်တော့စရမှာလဲလို့ ကေသီက လာမေးတာ"

"သြော် ဒါလား မသိပါဘူး၊ အန်တီခေက စိုးရိမ်သွားတာပဲ၊ အဟင်း ဟင်း"

ဒေါ်ခေမီမြတ်ကျော် အရှက်ပြေ ညှင်းသွဲ့သွဲ့ရယ်သည်။

"ဒီနေ့ပဲ ဒေါက်တာနှင်းပွင့်နဲ့တိုင်ပင်ပြီးပြီ၊ မျိုးရိုးဗီဇယူဖို့ သူ့ အမျိုးသားကို ခေါ်သွားတော့မှာလေ၊ တစ်ဖက်က မိန်းကလေးကိုလည်း စီစဉ်စရာရှိတာ စီစဉ်နိုင်းလိုက်တော့၊ လိုအပ်တဲ့ငွေကြေးကိုတော့ အန်တီ ခေ ချက်ခ်ထုတ်ပေးလိုက်မယ်၊ မြတ်ကေသီပဲ အားလုံးစီစဉ်လိုက်ပါ"

"ကိုယ်ဝန်ဆောင်စဉ်တစ်လျှောက်လုံး သူ့ကို ဘယ်မှာပုန်းလျှို ကွယ်လျှိုး ထားမလဲ အန်တီခေ"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီကိစ္စကတော့ အန်တီ့ဘက်က အားလုံးစီစဉ်ပြီးပြီ၊ သူ့အတွက် စောင့်ရှောက်ဖို့ အမျိုးသမီးအဖော်နှစ်ယောက်ကိုခေါ်ပေးထားမယ်၊ သူ ကိုယ်ဝန်ဆောင်ပြီဆိုတာနဲ့ မင်္ဂလာဒုံက အိမ်မှာသွားနေနိုင်းလိုက်မယ်၊ ကိုယ်ဝန်စတင်ပြီးဆောင်တာနဲ့ ကိုယ်ဝန်စောင့်ရှောက်ဖို့အတွက် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာနှင်းပွင့်နဲ့ အပ်ပေးထားမယ်၊ သူ အပတ်တိုင်း လာကြည့်ပေးလိမ့်မယ်''

အကွက်ချ စီမံထားမှုတွေက လုံးဝကို ဟာကွက်မရှိ။

သူ့မိသားစုအတွက် လိုအပ်တာ ဖြည့်ဆည်းပေးဖို့ကိုတော့ အန်တီခေက မြတ်ကေသီကိုပဲ တာဝန်ပေးလိုက်တော့မယ်နော်''

''ဟုတ်ကဲ့ အဲဒီအပိုင်းကတော့ ကေသီ တာဝန်ထားပါ အန်တီခေရယ်''

''အေးကွယ် ဒီကောင်မလေး သန္ဓေသား စတည်တာနဲ့ အန်တီတို့ဘက်က ကိုယ်ဝန်ဆောင်ပေးခ တစ်ဝက်ကိုပေးမယ်၊ မြတ်ကေသီအတွက် အကျိုးဆောင်ခလည်း မနစ်နာစေရပါဘူးကွယ် အဟင်း ဟင်း''

''မမြတ်ကေသီဘက်က ဒီကိစ္စတွေကို နှုတ်လုံပြီး အပြင်ကို မပေါက်ကြားအောင် တာဝန်ယူပေးပါနော်''

နွေရာလင်း စိတ်မချ၍ ဝင်ပြီး သတိပေးလိုက်၏။ ငွေရှိလျှင်





အရာရာ ပြည့်စုံနေနိုင်သော လိုတရဘဝမှာ ကိုယ့်သွေးသားနဲ့ ကိုယ်ဝန်ငှားဆောင်နိုင်းသည့်ကိစ္စဟာ ဘာမျှ အထူးတလည် ဝမ်းနည်းနေရမှာမဟုတ်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မြဝါးရုံ မိုးအရမ်းချုပ်နေပြီ၊ ကားပေါ်တက် လိုက်ပို့ပေး

မှောင်ရိပ်ထဲမှာ ဘွားခနဲ ပေါ်လာသော နေတံခွန်အသံ

အတွေးတွေဖြင့် လမ်းလျှောက်နေသော မြဝါးရုံ ခြေလှမ်းတို့ ရပ်ကာ မော့ကြည့်လိုက်သည်။

အမည်မသိသော အဓိပ္ပါယ်မဖော်နိုင်သော ခံစားမှု ရင်ထဲသို့ ဖျတ်ခနဲ တိုးဝင်ကာ လျှိုက်ခနဲ ဖိသွားပေမယ့် ထူးပြီး စာမဖွဲ့နိုင်။

ကိုယ့်ဘဝပေးအခြေအနေကိုက စိတ်ခံစားမှုကို အလေး ပုံဖော်နေ၍မှမရတာ။ အနာဂတ်မှာ စောင့်နေသည့်ဘဝစာမျက်နှာ

ဗျူ၊၊ ၉၃၆ပ



အညိုအမည်းစွဲနေသော ဒဏ်ရာရ လူတစ်ယောက်လို နာကျင်မှုတွေဖြင့်သာ ပြည့်နှက်၍နေပေလိမ့်မည်။

ဒီတော့ နေတံခွန်၏ချဉ်းကပ်မှုကို ရင်ခုန်ခွင့်မှ မရှိတော့တာ။

"နေပါစေ ရုံ ကိုယ့်ဟာသာကိုယ် လမ်းလျှောက်ပြန်နေကျပဲဟာ"

မြဝါးရုံ တည်တင်းသော မျက်နှာလေးဖြင့် ခပ်တည်တည် ငြင်းဆန်လိုက်သည်။

"ရုံ ခေါင်းမမာပါနဲ့၊ ကိုယ် ရိုးရိုးသားသား လိုက်ပို့ချင်လို့ပါ၊ မင်းကို လက်ဖျားနဲ့တောင် မတို့ဘူး စိတ်ချ"

"ရှင် ဘယ်လိုလူလဲ၊ ရုံ ကိုယ့်ဟာသာကိုယ် အေးအေးဆေးဆေး လမ်းလျှောက်ချင်လို့ လိုင်းကားတောင်စီးတာမဟုတ်ဘူး၊ ရုံကို မနှောင့်ယှက်ပါနဲ့၊ ရုံ တောင်းပန်ပါတယ်"

စိတ်ရှုပ်သောအမူအရာနှင့် ရုံ တောင်းပန်တော့ နေတံခွန် မျက်နှာညှိုးသွားသည်။ ရင်ထဲမှ ရိုးသားစွာချစ်မိသော ချစ်ခြင်းတရားတွေမှလွဲ၍ အရာအားလုံး ရိုးရှင်းနေတာ ကိုယ်ကိုယ်တိုင်သိနေမှတော့ ရုံ့ဘက်က ဘယ်လိုပဲ တုံ့ပြန်တုံ့ပြန် ကျေနပ်စွာ လက်ခံရမှာပဲပေါ့။

"ကောင်းပြီလေ ကိုယ့်ဘက်က အဲဒီလောက်တော့ အလိုက်သိရမှာပေါ့၊ သွားပါ ရုံ လွတ်လွတ်လပ်လပ် လမ်းလျှောက်ပါ၊ ကိုယ်ရုံ့ကို လုံးဝမနှောင့်ယှက်တော့ပါဘူး"

ဗျူ၊၊ ၉၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အကဲ နားလည်သော နေတံခွန်ကို ကျေးဖူးတင်
တစ်ချက်ကြည့်လိုက်ပြီး ရှံ ကိုယ့်လမ်းကိုယ် ဆက်လျှောက်လာခဲ့လိုက်
သည်။

ရှံ စိတ်ထဲမှာ သူ့ကိုနှစ်လိုစွာ လက်ခံချင်ပေမယ့် ဖာတ်သိ
လုမှာမဟုတ်ဘူးဆိုတာ ကြိုသိနေတော့ အစကတည်းက ခပ်ခွာခွာ
နေလိုက်တာက ရှံ အသည်းကွဲခြင်းဒဏ်ရာတွေ သက်သာမှာ။

ရင်ထဲမှာ ဆူဝေတက်နေတဲ့ အပူမြုပ်တွေကို ဘာနဲ့ခြစ်ယူရမ
သောကတွေကို စကားလုံးစီနေတုန်း ချဉ်ရှူးစူးရနံ့တစ်ခု
မြဝါးရှံ့နှာခေါင်းထဲသို့ တိုးဝင်လာသည်။ အနောက်မှ အသက်ရှုသံ
ပြင်းပြင်း တိုးကပ်လာသောကြောင့် အနောက်သို့ အလန့်တကြား လှ
ကြည့်လိုက်သည်။

"ချစ်လေး တစ်ယောက်တည်းလား၊ ဘယ်သွားမှာလဲ လိုက်
ပေးမယ်လေ"

ပြီတီတီ စပ်ဖြဲဖြဲ အမူအရာဖြင့် အဆီတွေဝင်းနေသော မျက်
တစ်ခု။ သူ့လက်ကြမ်းကြီးက ရှံ့ပခုံးကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်လို
သည်။

"ဟင် ရှင် မထိနဲ့နော်၊ ကိုယ့်လမ်းကိုယ်သွား"

ရွံရှာစက်ဆုတ်စရာကောင်းသော အမူးသမား၏လက်ကို





ထိုးဆန့်စွာဖြင့် ပုတ်ထုတ်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး လမ်းမီး
ရောင် ထိန်ထိန်လင်းနေသည်မှအပ လမ်းသွားလမ်းလာများ ရှင်းလင်း
နေသည်။

မြဝါးရှံ့ ခုမှပင် ကြောက်စိတ်တို့ အဆမတန် တိုးဝင်လာပြီး
ကြုံတွေ့နေရသော အခြေအနေဆိုးကြီးထဲမှ ရုန်းထွက်ဖို့ ခက်ခဲလွန်းနေ၏။

"လာပါ ကြိုတုန်း အချစ်စစ်ခင်းလိုက်ကြရအောင်၊ ငါက
ကြင်နာတတ်ပါတယ်၊ နင့်ကိုကောင်းကောင်းပြုစုမယ်"

ထိုအမူးသမား၏လက်တွေက ပို၍သရမ်းလာ၏။ သူ့လက်တွေ
က မြဝါးရှံ့၏အရှက်တရားတွေကို ကိုယ်ထိလက်ရောက် ထိတွေ့ဖို့
အသားစားဘီလူးတစ်ကောင်လို အငမ်းမရဖြစ်နေကြသည်။

မြဝါးရှံ့ အားရှိသလောက် ရုန်းကန်တွန်းထိုးသည်။

"ခွပ်"

ထိုးနှက်သံနှင့်အတူ ထိုလူအနောက်သို့ ယိုင်ဆင်းသွားသည်။

"ဟင် နေတံခွန်"

မြဝါးရှံ့ စိတ်ထဲ ကယ်တင်ရှင်ရောက်လာသဖြင့် နေတံခွန်ကို
ကျေးဖူးတွေတင်သွားမိသည်။

အထိုးခံလိုက်ရသော အရက်သမား လူသွားလမ်းပေါ်မှာ လဲကျ
နေရာမှ အတင်းကုန်းရုန်း၍ ပြန်ထသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် လူကို ဘလိုင်းကြီး ဝင်ထိုးတာ ဘယ်နိုင်ငံရဲ့ ဥပဒေလဲကွ"

ပလုံးပထွေးဖြင့်ပြောကာ နေတံခွန်ကို သူ့လက်သီးဖြင့် ထိုးရန် ရွယ်သည်။ လက်သီးချက်က လေထဲမှာတင် ယိုင်တိယိုင်ထိုး တဝှစ်ဝှစ်ဖြင့် ယိမ်းထိုးနေသည်။

"ခွပ်"

နေတံခွန် မျက်စိထပ်နောက်လာသဖြင့် ဒုတိယအချီ ခွပ်ခနဲ ဆွဲထိုးလိုက်ပြန်သည်။ အရက်မူးသမား ပြန်မထနိုင်တော့။

"ကဲ ဒီတစ်ခါတော့ ကိုယ့်ကားနဲ့လိုက်ဖို့ကို မငြင်းပါနဲ့တော့"

နေတံခွန် ပေကပ်ကပ်ရပ်နေသော မြဝါးရုံ၏လက်ကို ဖျတ်ခနဲ ဆွဲခေါ်ကာ ကားရှိရာသို့ ခပ်သွက်သွက်လျှောက်လာလိုက်သည်။

မြဝါးရုံ မငြင်းချင်တော့။ ငြင်း၍လည်းရမည်မဟုတ်မှန်းသိ၍ ခပ်တိတ်တိတ်သာ လိုက်လာခဲ့လိုက်သည်။

ကားတံခါးကိုဖွင့်ပြီး ခပ်တောင့်တောင့်လေး ပေကပ်ရပ်နေသော မြဝါးရုံ၏လက်ကိုဆွဲပြီး ကားထဲအတင်းတွန်းတင်လိုက်သည်။

ခန့်ညားချောမောလွန်းသော ယောကျာ်းတစ်ယောက်၏ ဂရုစိုက်ပြုမူမှုတွေက တခြားမိန်းကလေးဆိုလျှင် စိတ်မနိုင်၍ ကြွေနေလောက်ပြီ။

မြဝါးရုံကတော့ ဆန္ဒနှင့်ဘဝပေးအခြေအနေကို ဦးစားပေးလုပ်





ာင်ရမည့်အခြေအနေမို့ ရင်ခုန်သံတွေကို ဥပေက္ခာပြုထားလိုက်ရုံပင်။

"နောက်တစ်ခါဆိုရင် ရုံကို အဲဒီလို အဆင့်မရှိတဲ့ အမူးသမား နှောင့်ယှက်တာမျိုး လုံးဝ ထပ်မကြုံစေရတော့ဘူး။ ကိုယ် ရုံ့ကို ကွယ်မယ်၊ ဒါကြောင့် ကိုယ်ပဲ ညတိုင်းလာကြိုမယ်"

"ရှင် လာကြိုလည်း မောရုံပဲရှိမှာပေါ့၊ ရုံက နောက်ရက်ကစပြီး ..မပေါ်ကို လျှောက်တော့မှာမှ မဟုတ်တာ"

"ဒါပေါ့ ဒီလမ်းမပေါ် လုံးဝမလျှောက်ရတော့ဘူး၊ မင်းလျှောက် ..ဆိုလည်း ကိုယ်က လုံးဝအလျှောက်မခံတော့ဘူး။ အဟွန်း"

မြဝါးရုံ အတည်ပြောနေသောအကြောင်းအရာကို နေတံခွန် ..မာပြီး ပြောလိုက်သည်။ မြဝါး ဘာမျှဆက်မပြောတော့ဘဲ နေတံခွန့် ..တွင် ခပ်ငြိမ်ငြိမ် လိုက်လာခဲ့လိုက်သည်။

လွတ်လပ်စွာသော ရင်ခုန်သံတို့သည် ဒီတစ်ညကျော်လွန်ကုန် .. မီးနိုးလုံးတွေလို အငွေ့ပျံထွက်သွားတော့မည်။

ရုံ ရှင့်ကိုချစ်ခွင့်မရှိဘူး နေတံခွန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မြဝါးရုံ ဒီနေ့ပဲ အမေနှင့်ညီမလေးကို ကျောခိုင်းခဲ့ပြီး ဒေါ်ဆ မြတ်ကျော်တို့၏ ဖယားကွက်ချ စီမံပေးမှုကြောင့် မြတ်ကေသီ ခေါ်ဆောင် ခဲ့သော အိမ်ကြီးဆီသို့ စတင်ရောက်ရှိခဲ့သည်။

အိမ်ကြီးသည် ခေတ်မီပြီး လှပသေသပ်လွန်းကာ နေချင်စဖွယ် အတိ။ ဒီလိုအိမ်ကြီးမျိုးထဲမှာ အခြွေအရံနှစ်ယောက်နှင့် လူ့လောကထဲကို မကြာမီရောက်ရှိလာမည့် သန္ဓေသားလေးကို အောင်မြင်ချောမောစွာ မွေးမြူရမည်တဲ့လား။

အိမ်ကြီးကိုလှည့်ပတ်ကြည့်ရှုပြီး ပစ္စုပ္ပန်နှင့်နေသားမကျသလို ရင်ထဲမှာ ဆောက်တည်ရာမရဖြစ်နေချင်သည်။ ဒီအိမ်ကြီးက ဘယ်မြို့ ဘယ်နေရာမှာ တည်ရှိနေသလဲဆိုတာ မြဝါးရုံ မသိ။





ဒီအချိန် ဒီအခြေအနေကိုရောက်မှ ကိုယ့်ဆုံးဖြတ်ချက်ကို မှား သွားပြီလား၊ မှန်သွားပြီလားဟုလည်း မဝေခွဲနိုင်တော့ အရာအားလုံး နောက်ကျသွားပြီ။ ခုဆိုလျှင် မြဝါးရုံ ဗိုက်ထဲမှာ အောင်မြင်တဲ့သန္ဓေသား လေးတစ်ဦး ရောက်ရှိလို့နေပြီ။ အလိုလိုနေရင်းမှ မြဝါးရုံ အငှားကိုယ်ဝန် ဆောင်ဘဝ အငှားမိခင်ဘဝကို ရောက်ခဲ့ရပြီ။

မြဝါးရုံ အိမ်မက်တစ်ခုထဲ ရောက်ရှိသွားသလို ပစ္စုပ္ပန်သည် ဇဝေဇဝါ ဖြစ်နေရသည်။

ကိုယ့်ဗိုက်သားပြင်ကို ကိုယ် မယုံကြည်သောစိတ်ဖြင့် အသာငုံ့ ကြည့်ပြီး ဗိုက်ကလေးကို ခပ်သာသာ ပွတ်လိုက်သည်။

"လက်ရှိ အခြေအနေကို လက်ခံဖို့ စိတ်ထဲမှာ အသားမကျသေး ဘူး မဟုတ်လား မြဝါးရုံ"

အနောက်မှရောက်နေသော မြတ်ကေသီ အသံကြောင့် ဗိုက် ကလေးကို ပတ်သက်ကြည့်နေရင်းမှ ပျက်ယွင်းသော မျက်နှာအမူအရာ ဖြင့် မြတ်ကေသီကို လှည့်ကြည့်လိုက်သည်။

"မမ ရုံဗိုက်ထဲမှာ ကလေးလေးရှိနေပြီပေါ့နော်"

"ဒါပေါ့ ရုံရဲ့၊ ခုချိန်မှာ ရုံ့စိတ်ထဲထည့်ထားရမှာက ဒီဗိုက်ထဲမှာ ရှိနေတဲ့ကလေးဟာ ငါ့ကလေးဆိုတဲ့စိတ်ကလေးထားရမယ်၊ အဲဒီ စိတ်က နောက်တစ်မျိုးလည်း ပြောလို့ရသေးတယ်၊ အဲဒါက ဘာလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မိခင်စိတ်တစ်မျိုးပေါ့၊ မိခင်စိတ်မွေးပြီးတာနဲ့ ဗိုက်ထဲကသန္ဓေသား လေးနဲ့ အပြန်အလှန်စိတ်ချင်းဆက်နေရမယ်၊ အထူးသဖြင့် မင်းရော ကလေးရော ကျန်းကျန်းမာမာဖြစ်အောင် အစားအသောက်အနေအထိုင် အားလုံး ဂရုတစိုက်နဲ့ နေထိုင်စားသောက်ရမယ်၊ သန္ဓေသားကို ထိခိုက် နိုင်တဲ့ အနေအထိုင်အသွားအလာ အစားအသောက် အသေးစိတ်ကို အထူးသတိပြုရတော့မယ်၊ မင်းလွယ်ထားရတဲ့ သန္ဓေသားလေးရဲ့ မျိုးရိုး အဆိုင်းအဝိုင်းက တကယ့် ထိပ်သီးစီးပွားရေးသမား သူဌေးကြီးတွေ အမှားအယွင်းမရှိပါစေနဲ့''

''ဟုတ်ကဲ့ မမ၊ ရှံ့ အတတ်နိုင်ဆုံး ဂရုစိုက်ပါ့မယ်၊ ရှံ့ရဲ့မဆင် ခြင်မှုကြောင့် အထဲက ကလေး ဘာမှမဖြစ်စေရပါဘူးလို့ ရှံ့ ကတိပေးပါ တယ်''

''အေးပါ မမ မင်းကိုယုံပါတယ်၊ ဒါကြောင့်လည်း မမက မင်းကိုရွေးချယ်ခဲ့တာပေါ့၊ နောက်ပြီး မင်းနဲ့အတူအဖော်ထားပေးတဲ့ အကူ နှစ်ယောက်ကိုလည်း ဒီကိုယ်ဝန်ဟာ အငှားကိုယ်ဝန်ပါလို့ ယောင်လို့ တောင် မပြောမိပါစေနဲ့၊ ဒီကိစ္စကို သူတို့ လုံးဝမသိဘူး၊ ဒါကြောင့် မင်း အတတ်နိုင်ဆုံး နှုတ်လုံပါ''

''ဟုတ်ကဲ့ပါ မမ''

''မင်းအတွက် ဗိုက်ဖုံးအင်္ကျီနဲ့ ဂါဝန်တွေ အခန်းထဲက ဗီရိုထဲ





ပြည့်၊ အစားအသောက်ဆိုရင်လည်း စားချင်တာစားရအောင်လို့ သေးမရှိ စီစဉ်ပေးထားတယ်၊ နောက်ပြီး လိုအပ်ရင်သုံးရအောင် ခုတင်ခေါင်းရင်းက မီးခံသေတ္တာလေးထဲမှာ ငွေဆယ့်ငါးသိန်းထည့် ထားတယ်၊ ဒီကြားထဲ လိုအပ်ချက်ဆိုတာ ရှိနေသေးရင် မမကို ဆက်ပါ၊ ကလေးကို လွယ်လွယ်ကူကူနဲ့ ချောချောလျောလျော မွေးနိုင် အောင် ညနေတိုင်း ခြံထဲမှာ နာရီဝက်လောက် ပုံမှန်လမ်းလျှောက်ပေးပါ၊ တမ်း ရတနာသုံးပါးကို မမေ့ပါနဲ့''

အကွက်စေ့ ထောက်စေ့ မှာကြားနေသော မြတ်ကေသီ၏ မှာကြားနေသော အကြောင်းအရာတွေကို မြဝါးရုံ တစ်သွေမတိမ်း နာမည်ဟု ကိုယ့်စိတ်ကိုရော မမမြတ်ကေသီကိုရော အကြိမ်ကြိမ် တိပေးနေမိ၏။

မိခင်လောင်းစိတ်ဓာတ်ဆိုတာ မိန်းမတွေမှာ မွေးကတည်းက တဲ့ မွေးရာပါ စိတ်ဓာတ်ပဲ၊ မြဝါးရုံ သန္ဓေသားလေးအတွက် အထူး လည်း ဂရုစိုက်ရမှာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

မြဝါးရုံ ကော်ဖီဆိုင်မှာ အလုပ်မဆင်းတော့သည်မှာ တစ်ပတ်ခန့်ပင် ရှိနေပြီမို့ နေတံခွန် နေမထိထိုင်မထိ ဖြစ်နေရ၏။ ထို့ကြောင့် သန့်ရှင်းရေးသမားကိုကျော်ထူးကို မေးကြည့်မှ မြဝါးရုံတို့ တခြားအိမ်ပြောင်းသွားကြမှန်းသိပြီး မြဝါးရုံ အလုပ်ကိစ္စကြောင့် နယ်ထွက်သွားရသည်ဟု သိရ၏။

ကော်ဖီဆိုင်မှာ လုပ်နေရင်းနှင့် နယ်ထွက်ပြီး အလုပ်လုပ်သည်ဆိုတော့ ဘယ်လိုအလုပ်မျိုးလဲ၊ သမာအာဇီဝရောကျရဲ့လားဟု တွေးပြီး ပူပန်မိသည်မှာ ညက တစ်ညလုံး အိပ်၍တောင်မပျော်။

ဘယ်လိုအလုပ်မျိုးသွားလုပ်သည်ဆိုတာ အသေအချာသိစေရန် ကိုကျော်ထူးဆီမှ မြဝါးရုံတို့ နောက်ပြောင်းသွားသော အိမ်လိပ်စာကို





တောင်းပြီး နေတံခွန် ထွက်လာလိုက်သည်။

ကိုယ်မကျွမ်းကျင်သောနေရာမို့ နေတံခွန် အတော်လေး ရှာရသည်။ ဖိမ်ခံကားနှင့် လူချောတစ်ယောက် လမ်းထိပ်မှာ ကားရပ်ပြီး အိမ်လာရှာသည်ဆိုတာနှင့် ရပ်ကွက်အထာ ရပ်ကွက်စရိုက်အတိုင်း မျက်လုံးပေါင်းသောင်းခြောက်ထောင်ဖြင့် ဝိုင်းအုံ၍ကြည့်နေကြ၏။

နေတံခွန် ရှက်ပေမယ့်လည်း မြဝါးရုံတို့အိမ်ကိုတွေ့ဖို့ အရေးကြီးနေသည်မို့ မည်သူ့ကိုမှ ဂရုမစိုက်အား။

"ညီလေး ဘယ်အိမ်ကို ရှာတာလဲ"

"ဒေါ်သင်းမွန်တို့အိမ်ကိုပါ"

ရပ်ကွက်ဂိမ်းဆိုင်လေးရှေ့မှာ ထိုင်နေသော လူတစ်ယောက် လှမ်းမေးသဖြင့် သိလိုသိငြား နာမည်ကို ရေရွတ်ပြလိုက်သည်။

"ဒေါ်သင်းမွန် ဟုတ်လား၊ အနှိပ်သည်ကိုပြောတာလား"

"ဗျာ မဟုတ်ပါဘူး၊ ကျွန်တော်ရှာနေတဲ့ ဒေါ်သင်းမွန်က အနှိပ်သည် မဟုတ်ဘူး"

"ဒါနဲ့ လမ်းကရော ဘယ်လမ်းလဲ"

"ဖင်ယော် (၂) လမ်းပါ၊ အိမ်နံပါတ်က ၄၈၆/က"

"ဪ ကိုစိန်ကုလားတို့အိမ်ထင်တယ်"

"ဗျာ ကိုစိန်ကုလား မဟုတ်ဘူး၊ ဒေါ်သင်းမွန်ပါ၊ သူ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သမီးနှစ်ယောက်ရှိတယ်၊ တစ်ယောက်က ကလေးအရွယ်၊ တစ်ယော[က်] က အရွယ်ရောက်ပြီးသား''

''အေး ဟုတ်ပါတယ်၊ စိန်ကုလားတို့အိမ်ကိုပြောတာပါ၊ သူ[တို့] ပြောင်းလာတာ သိပ်မကြာသေးဘူး''

နေတံခွန် ခေါင်းမှဆံပင်တွေကို ထိုးဖွလိုက်သည်၊ ဒီလူကြီ[း] စိန်ကုလားကို ပါးစပ်ဖျားမှ မချ၍ နေတံခွန် အတော်လေး စိတ်ပျက်သွာ[း] သည်။ မြဝါးရုံနဲ့စိန်ကုလားနဲ့ ဘာများပတ်သက်လို့ ဒီလူကြီးက စိန်ကုလာ[း] တို့အိမ်ချည်းပဲ စွတ်ပြောနေရသနည်း။

''အဲဒီအိမ်က စိန်ကုလားတို့အိမ်ဆိုတော့ အခု ကျွန်တေ[ာ်] မေးတဲ့ဒေါ်သင်းမွန်နဲ့စိန်ကုလား ဘာများပတ်သက်နေလို့လဲ''

နေတံခွန် မအောင့်အီးနိုင်စွာဖြင့် မေးလိုက်သည်။ ထိုလူကြီ[း] တဟားဟားဖြင့် အော်ရယ်ပြီး

''ဘယ်က ပတ်သက်ရမှာလဲ၊ စိန်ကုလားတို့အိမ်ကို အဲဒီသာ[း] အမိတွေက ဝယ်လိုက်လို့ စိန်ကုလားအိမ်လို့ ပြောတာပါ ငါ့ညီရဲ့၊ အတွေ[း] မချော်ပါနဲ့ကွာ''

''ဩော် အဲဒီလိုလား''

''ကဲပါ လာ အစ်ကို လိုက်ပို့ပေးမယ်၊ အဟဲ ဒီရပ်ကွက်မှာ အစ်ကိုက ရာအိမ်မှူးကွ၊ တခြားအလုပ်မယ်မယ်ရရ ဘာမှမလုပ်တော့





လည်း ရာအိမ်မှူးရာထူးက နည်းနည်းတော့ စားသာတယ်ကွ''

နေတံခွန် ထိုလူပြောနေတာတွေကို စိတ်မဝင်စားပေမယ့်လည်း လူမှုရေးအရ ခေါင်းတဆတ်ဆတ် ညိတ်ပြီး နားထောင်ပေးရရှာ၏။

ဒေါ်သင်းမွန်အိမ်ကို အဝေးကြီး မလျှောက်လိုက်ရ။ လမ်းချိုးကွေ့တစ်ခု အလွန်တွင် ရှိနေသဖြင့် ခဏလေးနှင့်ရောက်၏။

''အဒေါ်ရေ အဒေါ်''

ရာအိမ်မှူး လှမ်းခေါ်သံကြောင့် အိမ်ထဲမှ ဒေါ်သင်းမွန် ထွက်လာသည်။ ရာအိမ်မှူးနောက်မှာ ရပ်နေသော နေတံခွန်ကိုမြင်တော့ အံ့အားတသင့်ဖြင့်

''ဟယ် မောင်နေတံခွန်၊ ဒီကို ဘယ်လိုလုပ် ရောက်လာတာလဲ''

''ကျွန်တော့်ကို အန်တီတို့ အရင်နေခဲ့တဲ့ ရပ်ကွက်ထဲက ကိုကျော်ထူး လိပ်စာပေးလိုက်တာ''

''ကဲ ငါ့ညီ အစ်ကိုသွားမယ်''

ရာအိမ်မှူး နေတံခွန့်ပခုံးကို ခပ်ဖွဖွပုတ်ကာ နှုတ်ဆက်ပြီး ထွက်သွား၏။

''ဟုတ်ကဲ့ ကျေးဇူးတင်တယ်နော် အစ်ကို''

ရာအိမ်မှူး လက်ကလေးကာပြတော့ ခပ်လှမ်းလှမ်းပင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"လာ အိမ်ပေါ်တက်၊ မောင်နေတံခွန် သမီး ပီတိရေ ဒီမှာ ဘယ်သူလဲ ထွက်ကြည့်ပါဦး"

ဒေါ်သင်းမွှန် အိမ်အတွင်းခန်းဘက်ကို လှမ်းပြီးအသံပြုလိုက်သည်။ ပီတိလေး အိမ်ထဲမှ လှစ်ခနဲ ပြေးထွက်လာသည်။

နေတံခွန့်ကိုမြင်တော့ မျက်နှာလေး ပြုံးသွားသည်။

"ကိုကြီး ပီတိတို့အိမ်ကို ဘယ်လိုသိတာလဲ"

"ဒီလိုပဲ ဟိုမေး ဒီမေးနဲ့ ရှာလာရတာပေါ့"

"ထိုင်ဦး မင်းညီမနဲ့မင်း စကားပြောနှင့်ဦး၊ အန်တီ မင်းအတွက် ကော်ဖီဖျော်လိုက်ဦးမယ်ကွယ်"

ဒေါ်သင်းမွှန် ကော်ဖီဖျော်ဖို့ နောက်ဖေးခန်းဝင်သွားတော့မှ နေတံခွန် ပီတိလေးအား မြဝါးရုံအကြောင်း မေးဖို့ စကားစလိုက်သည်။

"ဒါနဲ့ ညီမလေးရဲ့ မမရော မရှိဘူးလား"

"မမ နယ်မှာအလုပ်သွားလုပ်တယ်"

"ဘယ်နယ်လဲ"

"ပြင်ဦးလွင်လို့ပြောတာပဲ၊ တစ်နှစ်လောက်ကြာမယ်တဲ့၊ မမရဲ့ အလုပ်ရှင်က သဘောကောင်းတယ်၊ နေစရာအိမ်လည်းပေးတယ်၊ အမေ့ကိုလည်း ဆေးဖိုးပေးတယ်၊ ပီတိလေးကိုလည်း ကျောင်းစရိတ်ထောက်





တယ်"

နေတံခွန့်ရင်ထဲ မြဝါးရုံအတွက် သောကပွေ့ရပြန်၏။ နေစရာအိမ်၊ ကုစရာဆေးဖိုး၊ စားသောက်စရိတ်အားလုံး လိုလေသေးမရှိအောင် ထောက်ပံ့တယ်ဆိုမှတော့ ထိုအလုပ်ရှင် ရိုးမှရိုးရဲ့လား။ မြဝါးရုံအပေါ် ထိုရှင်မျက်စိနဲ့ ကောင်းနေတာလားဟုပင် ကြဖန်၍ တွေးတောပူပန်မိ၏။

တံတိုင်းတစ်ခုလို ခိုင်မတ်နေသော မျှော်လင့်ချက်တွေသည် ထိုသံသယတစ်ခုထဲနှင့်တော့ ရိုက်အချိုးမခံနိုင်။

"မမကို ဖုန်းဆက်လို့ရလား"

"မရဘူး မမက ဖုန်းနံပါတ်မှ မပေးခဲ့တာ၊ ပီတိလည်း မမကို သတိရနေတာ ကိုကြီးရဲ့၊ မမက ပီတိနဲ့မေကြီးကို လိုလေသေးမရှိအောင် စီစဉ်ပေးသွားပေမယ့် ပီတိ မပျော်ပါဘူး။ မမကိုပဲပြန်လာစေချင်တယ် သိလား"

ပြောရင်းဖြင့် ပီတိ မျက်ရည်လေး ဝဲခနဲ ဖြစ်လာသည်။ ဒေါ်သင်းမွှန် ကော်ဖီဗန်းကိုင်ပြီး ထွက်လာသဖြင့် ပီတိ ဝဲတက်လာသော မျက်ရည်တို့ကို လက်ဖမိုးဖြင့် ဆွဲသုတ်လိုက်သည်။ ပီတိလေးကိုကြည့်ပြီး နေတံခွန် စိတ်မကောင်းဖြစ်မိသည်။

"မင်းညီမက သူ့အစ်မကို လွမ်းနေတာ မောင်နေတံခွန်ရေ၊ အရင်လို အစ်မနဲ့အဖော်မပြုရတော့ သူလည်း ပျင်းနေတာပေါ့၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒီနေရာကလည်း နေရာသစ်ဆိုတော့ သူ့အတွက် ကစားဖော်အသ
မရသေးတာလည်းပါတာပေါ့ကွယ်"

"မြဝါးရုံက ဒီမှာ လုပ်ရတာ အဆင်မပြေလို့လား အန်တီ"

"ဒီမှာ လုပ်ရတာ အဆင်မပြေလို့ နယ်ကိုဆင်းလုပ်တာတော့ မဟုတ်ဘူး၊ သူ့ကိုအလုပ်ရှင်က နယ်ကိုပို့လိုက်တာ၊ အခွင့်အရေးတွေ ကလည်း အများကြီးပေးထားတော့ မိသားစု အဆင်ပြေရေးကိုကြည့်ပြီး သူ့ခမျာ သွားရရှာတာပါကွယ်၊ သမီးသာ ပြင်ဦးလွင်ကိုမသွားရင် အန်တီ တို့လည်း နေစရာအိမ်ရှိမှာမဟုတ်ဘူး၊ ဒုက္ခအကြီးအကျယ်ကိုရောက်မှာ ခုတော့ သမီးလေး ကယ်လို့ အန်တီတို့ ခုလို သင့်တင့်တဲ့အိမ်လေး နေထိုင်နိုင်တာပါကွယ်"

"ပြင်ဦးလွင်မှာ ဘာသွားလုပ်ရတာလဲ"

"အန်တီ့ကို ဘာသွားလုပ်ရမယ်ဆိုတာတော့ ပြောမပြသွား ဘူးကွယ်၊ တစ်နှစ်ပြည့်ရင်တော့ ပြန်လာမယ်လို့ပဲ ပြောသွားတာ"

"ပြင်ဦးလွင်လိပ်စာကိုရော ပေးသွားလား"

နေတံခွန် ပြင်ဦးလွင်ထိ လိုက်တွေ့ရန် ဆုံးဖြတ်လိုက်သဖြင့် လိပ်စာမေးလိုက်ခြင်း ဖြစ်သည်။

"ပေးမသွားဘူးကွယ်၊ မှာစရာရှိတာ မှာချင်ရင်သူ့အလုပ်ရှင် မန်နေဂျာ တစ်လတစ်ခါ လာမယ်တဲ့၊ မှာစရာရှိတာကို အဲဒီအချိန်ကျ





မှာရမှာ"

နေတံခွန် စိတ်မောသွားရသည်။ မြဝါးရုံ ရှိနေသော ပြင်ဦးလွင် လိပ်စာကို ဘယ်လိုစုံစမ်းရမည်လဲ။

ရင်ထဲမှာ တွေ့ချင်စိတ်တွေဖြင့် မတင်မကျစိတ်တွေရောထွေး ကာ ရင်ပြည့်ရင်ကယ် ဖြစ်နေရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ခွဲသွားရက်သူက ခွဲသွားပေမယ့် မမေ့ရက်သူက ရင်ထဲမှာ တစ်စက္ကန့်လေးတောင် ထုတ်၍မရအောင် သတိရမိနေဆဲ။ ပြတ်သားသော စိတ်ရှိသည်ပဲထားဦးတော့ ခုလောက်ထိတော့-ခြေရာဖျောက်သွားဖို့မှ မလိုတာ။

ခုတော့ ရင်ထဲမှာ အပီအပြင် ချစ်မိသူကိုယ်ကသာ ငေါင်ပြီး ကျန်ရစ်ဖြစ်ခဲ့ရပြီ။

"သား မင်းပုံစံကြည့်ရတာ ခုတစ်လော ဘာဖြစ်နေတာလဲ တမှိုင်မှိုင် တငေးငေးနဲ့"

နေတံခွန်၏အမူအရာကို မာမီပင်ရိပ်မိကုန်ပြီ။

"ဘာမှမဖြစ်ပါဘူး မာမီရာ၊ ညက အင်တာနက်သုံးတာ အရမ်း





ညဉ့်နက်သွားလို့ အိပ်ရေးပျက်ပြီး ခေါင်းမကြည်ဖြစ်နေတာပါ"

"မသိပါဘူး မာမီက သား ရည်းစားပူမိနေတယ်ဆိုရင်လည်း ဖြေဆေးပေးမလို့"

"ဟာ မာမီကလည်း ဘာဖြေဆေးမှမလိုဘူး၊ ဒီကရည်းစား မထား ဘာမထားနဲ့ အမှန်အကန် နေနေတာနော်၊ တကယ်ပြောတာ"

"အမလေး မာမို့သားလေးကို မာမီ ယုံပါတယ်ကွယ်၊ ဒါကြောင့် လည်း မာမီက ငါ့သားလေးကို အဖော်ရှာပေးမလို့ပေါ့ကွယ်"

"ဗျာ"

"ဟုတ်တယ် သားရဲ့၊ သားကို မာမီ အိမ်ထောင်ချပေးတော့ မယ်၊ ခုတော့ သားမှာချစ်သူမရှိသေးဘူးဆိုတော့ မာမီ ဆန်ခါတင်ရွေး ချယ်ထားတဲ့ လေဒီလေး ဆယ်ယောက်ထဲက သားကြိုက်တာ ရွေးပေါ့၊ ရော့ ဒီမှာ ဓာတ်ပုံအယ်လဘမ်"

"ဟာ မာမီကလည်း ကိုယ့်သား လွတ်လွတ်လပ်လပ်နေတာကို မာမီ မကြည့်ချင်ဘူးထင်တယ်"

"အဲဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ လူဆိုတာ သီးချိန် တန်သီး၊ ပွင့်ချိန်တန်ပွင့်ရမယ်လေ၊ မာမီတို့က တဖြည်းဖြည်း ယိုသွား မှာမဟုတ်ဘူး၊ အသက်က ကြီးလာတာ၊ လူ့လောကကြီးထဲက ထွက်ခွာ ပြီး အမိန့်ကျလာရင် သားတို့သမီးတို့နဲ့ ပောဒီစည်းစိမ်ဥစ္စာတွေကို



www.burmeseclassic.com

www.burmeseclassic.com



မာမီတို့က ထားခဲ့ရတော့မှာ၊ ဒါကြောင့် သားကို အိမ်ထောင်ရက်သားချပြီး မိသားစုဘဝပုံစံလေးနဲ့ မြင်ခဲ့ချင်တယ်''

မာမီ၏မဟာစီမံကိန်းကို နားထောင်ပြီး နေတံခွန် ကျွတ်ခနဲ စိတ်ပျက်လက်ပျက် ညည်းညူမိသည်။

ရင်ထဲမှာ မြဝါးရုံရှိပြီးသားဆိုမှတော့ ဘယ်မိန်းကလေးက ဝင်လာခွင့်ရှိရတော့မှာလဲ။

''ခုဆို သား မမအတွက်တော့ စိတ်အေးရသွားပြီကွယ်၊ သား မမမှာ ကိုယ်ဝန်ရှိနေပြီကွယ့်''

''ဟင် တကယ်လား''

''တကယ်ပေါ့''

''ဟာ ဒါဆို ယောက်ဖကြီးရော သိသွားရဲ့လား''

''သဘော်မတက်ခင်ကတော့ မင်းမမမှာ ကိုယ်ဝန်ရှိမှန်း မသိဘူးလေ၊ သဘော်ပေါ်ရောက်ပြီးမှ သိရတော့ မင်းယောက်ဖ ဖတော်တော်လေးကို ပျော်နေရှာတာ''

''သားရော မမကို အားမကျဘူးလား၊ ခုဆို မမမှာ မိသားစုဘဝပုံစံလေးနဲ့ ကြည်နူးစရာပုံစံလေးကို မာမီမြင်ရတော့မယ်၊ သားကိုလည်း မာမီက အဲဒီလို ပုံစံမျိုးမြင်သွားချင်တာကွယ်''

မြားဦးက ကိုယ့်ဘက်ပြန်လှည့်လာပြန်သည်။



''ကဲ ရော့ ဟောဒီထဲက သားကြိုက်တဲ့ တစ်ယောက်ကိုရွေး''

နေတံခွန် ဝတ်ကျေတန်းကျေအနေဖြင့် ဓာတ်ပုံတွေကို တစ်ပုံ ကြည့်လိုက်သည်။ ရင်ကိုလှုပ်ခတ်စေသော ရုပ်ရည်မျိုး တစ်ယောက်မှ ပိုက်ဆံရှိ လူတန်းစားအလွှာထဲကမို့ အပေါ်ယံရွှေမှုန်ကြဲထားမှန်း သာ၏။

နေတံခွန့်ရင်ကို အမှန်တကယ် လှုပ်ခတ်နိုင်ခဲ့သော မိန်းကလေး ည် လောကမှာတစ်ဦးတည်းသာရှိသည်။ ထိုတစ်ဦးသည် မြဝါးရုံကလွဲ ဘယ်သူမှ မဖြစ်နိုင်။

''ကဲ ဘယ်လိုလဲ သား၊ အရမ်းကို အမိုက်စားလေးတွေထဲကမို့ အတော်လေး ခက်နေပြီမဟုတ်လား''

''မာမီ သူ့ကိုယ်သူ အထင်ကြီးလွန်းစွာဖြင့် သူ ဆန်ခါတင် ယ်ထားသော ရွေးမလောင်းတွေအတွက် မာန်တက်စကားဆို၏။ တံခွန် မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့ပြီး ခေါင်းကို တဆတ်ဆတ် ခါလိုက် ည်။ ပြီးနောက် မိခင်ကို အားနာသော အကြည့်ဖြင့်ကြည့်ပြီး ပခုံးကို တ်ခနဲ တွန့်လိုက်သည်။

''သား လုံးဝ ရင်မခုန်ဘူး၊ တစ်ယောက်မှလည်း ပုံမလာဘူး''

''ဘုရားရေ ဒီလောက် ဒိတ်ဒိတ်ကြဲ သူဌေးသမီးတွေကို တစ် ယောက်မှ ပုံမလာဘူး ဟုတ်လား၊ အမလေး ရင်နာစရာကောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ သားရယ်''

''ရင်နာမနေပါနဲ့ မာမီရာ၊ အိမ်ထောင်ပြုတယ်ဆိုတာ ဂုဏ် ဂုဏ်ချင်းထပ်တာနဲ့တင် သာယာပြီး စိတ်ချမ်းမြေ့စရာကောင်းတဲ့ အိမ် ထောင်ရေး ဖြစ်လာတာမှ မဟုတ်တာ၊ အဓိကက ဟော့ဒီရင်ဘတ်ထဲက ခံစားမှုတွေကို နှစ်ဦးသဘောတူ ဖလှယ်ပြီး တစ်ယောက်ကိုတစ်ယောက် မေတ္တာစစ်နဲ့ ချစ်မှသာ သာယာတဲ့အိမ်ထောင်ရေးတစ်ခု ဖြစ်လာမှာပေါ့''

''ဒါဆို သားရင်ခုန်တဲ့ မိန်းကလေး ဟောဒီကမ္ဘာလောကကြီး ထဲမှာ ရှိသေးရဲ့လားကွယ်''

မာမီ ခပ်ရွှဲ့ရွှဲ့မေးခြင်းဖြစ်သည်။

''ဟာ ရှိတာပေါ့ မာမီရ''

''မင်း တကယ်လား။ ဘယ်ကလဲ သားငယ်၊ အင်းလေ ငါ့သား က အရွေးတော်မှာပါ၊ ဒီလောက် ဒိတ်ဒိတ်ကြဲသူဌေးသမီးတွေကိုတောင် စိတ်မဝင်စားတာ ငါ့သားစိတ်ဝင်စားတဲ့သူက တော်ရုံရိုးရိုးတွေထဲကတော့ မဟုတ်လောက်ဘူးနော်''

မာမ့်ထင်ကြေးကြောင့် နေတံခွန် ဟက်ခနဲ တစ်ချက်ရယ်လိုက် သည်။ နေတံခွန် ချစ်နေတဲ့ကောင်မလေးဟာ လုံးဝကို ဆင်းရဲနုံချာလွန်း တဲ့ ကောင်မလေးတစ်ယောက်ဆိုတာ သိခဲ့ရင် မာမီ နေရာမှာတင် ဟတ်အတက်ခံ ရသွားနိုင်သည်။





''အဲဒီကျတော့ ကြည့်ပေါ့ မာမီရာ၊ အရမ်းကို အမေဇင်း ဖြစ်သွားမယ်''

''ခုပြောတော့ ဘာဖြစ်လဲ သားရယ်၊ မာမိတို့ လူကြီးချင်း တွေ့ထားကြပြီး စီစဉ်စရာရှိတာ ကြိုပြီးစီစဉ်ထားရတာပေါ့''

''မဖြစ်နိုင်သေးဘူး မာမီရ၊ သူက မာနအရမ်းကြီးတော့ သူ့ဆီ က အချစ်ကိုရဖို့ သား အနေနဲ့ မနည်းကို ကြိုးစားယူရဦးမှာ''

''ဟင် ဒါဆို ချစ်သူအဆင့်တောင် မရောက်သေးဘူးပေါ့ ဟုတ် လား''

''ဟုတ်တယ် မာမီ၊ ခုမှ ကြိုးစားတုန်း''

''ဒါဆိုလည်း မြန်မြန်ကြိုးစား သားရယ်၊ မာမီ ချွေးမလေး လိုချင်နေပြီကွဲ့''

မှန်းချက်နှင့်နှမ်းထွက် မကိုက်သည့် ဖမ့်ချွေးမဆိုတာ မသိသေး ၍ ဒေါ်ခေမီမြွတ်ကျော် အတော်လေးကို ချွေးမ ခရေဇီဖြစ်၍နေ၏။

နေတံခွန် အဖြစ်မှန်ကို ဖွင့်ပြော၍ မဖြစ်နိုင်သေး။ မာမ့်စိတ်ကို သူ သိသည်။ မြဝါးရုံလို အောက်တန်းလွှာထဲက မိန်းကလေးကို နေတံခွန် စိတ်ဝင်စားနေတယ်ဆိုတာသာသိရင် မြဝါးရုံတို့ မိသားစုကို ဒုက္ခလှလှ ကြီး ပေးနိုင်၏။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၃)

"ဩော် မမကိုတွေ့ချင်တယ်လို့ လာပြောနိုင်းတဲ့သူက ဘယ်သူများလဲလို့ အပင်း ပြော ဘာတွေအရေးတော်ပုံဖိုက်သွားလို့ မြန်းစားကြီးတွေ့ချင်ရတာလဲ"

မြတ်ကေသီ နေတံခွန် ထိုင်နေသော ဆိုဖာခုံနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ရင်း ခပ်ပြုံးပြုံး မေးလိုက်သည်။

နေတံခွန် ကော်ဖီခွက်ကို အရသာမခံဘဲ ကောက်မော့လိုက်သည်၊

"ကျွန်တော် မမဆီက လူတစ်ယောက်အကြောင်း စုံစမ်းချင်လို့"

"လူတစ်ယောက်အကြောင်း ဟုတ်လား၊ ငါ့မောင်စကားက



...ယ်ထူးဆန်းပါလား၊ ကဲ ပြော မင်းသိချင်တဲ့သူက ဘယ်သူလဲ"

"မမတို့ကော်ဖီဆိုင်က ကောင်မလေးတစ်ယောက်အကြောင်း"

မြတ်ကေသီ နေတံခွန့်ထံမှ ကောင်မလေးတစ်ယောက်အ...ကြောင်းဟု ပြောထွက်ရက်သောကြောင့် မျက်စိမျက်နှာပျက်သွားရ၏။

ဒီလောက် မိခင်ဖြစ်သူက အဆင့်အတန်းခွဲခြားတတ်ခဲ့ရသည့်...ထဲ ကိုယ့်အမေအကြောင်းကိုယ်မသိသူလို ကော်ဖီဆိုင်က ဝန်ထမ်း...ကလေးကို ကြိုက်သတဲ့။

"နေနေရယ် အန်တီခေသီရင်တော့ ပြဿနာတွေအကြီးအ...ယ်တက်ပြီး မိုးမီးနဲ့ရှို့တော့မှာပဲ"

ထိတ်ထိတ်ပျာပျာဖြင့် မျက်ကလူးဆန်ပြာ သတိပေးနေသော...ကေသီကိုကြည့်ပြီး နေတံခွန် မခိုးမခန့် ရယ်လိုက်၏။

"ဟဲ့ ဘာရယ်တာလဲ၊ ဒီက အကောင်းပြောနေတာ"

"ဩော် ကျွန်တော်ကလည်း အတည်ကို သိချင်တာပါဆို...ကရာ"

"ဩော် ငါ့နှယ် ခက်တော့တာပါပဲဟယ်၊ ကဲ ပြောစမ်းပါဦး...ချင်တဲ့ကောင်မလေးက ဘယ်လိုပုံစံလေးလဲ"

"မမကေတို့ဆိုင်မှာ အလန်းဆုံးနဲ့အလှဆုံး ကောင်မလေး...သူ မမကေတို့ဆိုင်မှာ မရှိတော့ဘူး၊ ဘယ်ကိုပို့လိုက်တာလဲ၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် သိသလောက်တော့ သူက ဆင်းတော့ ဆင်းရဲတယ်''

''အေးပါ ဟုတ်ပါပြီ၊ ကျုပ်ဆိုင်ကို လာလုပ်တဲ့သူမှန်သမျှ ဆင်းရဲမှန်းသိတယ်၊ ချမ်းသာရင် ခုလိုမျိုး စားပွဲထိုးလာလုပ်မလာ နေနေရဲ့၊ ခု မင်းကြိုက်နေတဲ့ကောင်မလေးက နာမည်ဘယ်လိုခေါ်သလဲ''

''မြဝါးရုံ''

''ဟင်''

မြတ်ကေသီ အံ့သြလွန်း၍ မျက်လုံးအစုံ ကျွတ်ထွက်မတတ် ပြူးကျယ်သွားကာ

''ဘုရားရေ မြ မြဝါးရုံ ဟုတ် ဟုတ်လား''

''ဟုတ်တယ်လေ ဘာဖြစ်လို့လဲ''

''မဖြစ်နိုင်ဘူး မြဝါးရုံကို မင်းလုံးဝ စိတ်ဝင်စားလို့မဖြစ်ဘူး အားလုံး ပြဿနာတွေတက်ကုန်တော့မှာပဲ၊ အဲဒီကောင်မလေးကိုကြိုက် ရင် ဒီဆိုင်က တခြားကောင်မလေးတွေထက်ကို ပိုပြီးရှော့ခ်ရှိသွားနိုင် တယ်နော် နေနေ''

''အဟုတ် အဲဒီရှော့ခ်ရှိတဲ့အချက်ကိုမှ ကျွန်တော်ကလည်း သိ ချင်တာ၊ ပြောစမ်းပါဗျာ အခု သူ ဘယ်ကိုရောက်သွားပြီလဲ''

မြတ်ကေသီ ခေါင်းရှောင်မှဖြစ်တော့မည့်အဖြစ်မို့

''သူ သူဆိုင်က ထွက်သွားပြီ''





''ဟာ မဖြစ်နိုင်တာ မမပဲ သူ့ကို အိမ်တစ်လုံးဝယ်ပေးထားပြီး သူ့အမေနဲ့ညီမကိုတောင် အစစအရာရာ ထောက်ပံ့ပေးနေတာ မဟုတ် လား''

''မင်းကို ဘယ်သူပြောလဲ''

''သူ့အမေပြောတာပေါ့၊ မမက ပြင်ဦးလွင်ကို ဆိုင်ခွဲဖွင့်မှာမို့ လို့ လွှတ်လိုက်တာလို့ ကျွန်တော့်ကို ပြောတယ်၊ မမ ဆိုင်ခွဲဖွင့်မယ်ဆို တာ ကျွန်တော်တောင် မသိဘူး၊ ကြိတ်ပြီး လုပ်နေတယ်ပေါ့ ဟုတ်လား''

''ဟယ် မဟုတ်ပါဘူးဟယ်''

''ကဲပါဗျာ လျှို့မနေပါနဲ့၊ မမကော ဆိုင်ခွဲဖွင့်တာကို မာမီတို့ မသိစေရဘူး စိတ်ချ၊ အကြွေးတောင်းမခံရအောင် ကျွန်တော် အတတ် နိုင်ဆုံး နှုတ်လုံမယ် ပရောမစ်''

''ဒု ဒုက္ခပါပဲ နေနေရယ်၊ မမ ဘာဆိုင်ခွဲမှ မဖွင့်ဘူး''

''မမကော မညစ်ပါနဲ့ဗျာ၊ ကျွန်တော့်ကို ပြင်ဦးလွင်လိပ်စာလေးပဲ ပေးလိုက်၊ မမ ဘာရှော့ခ်မှ မဝင်စေရဘူး''

''ဟဲ့ နေနေ မမက သူ့ကိုပြင်ဦးလွင်ကို တကယ်နိုင်းရင် မင်းကိုပြောမှာပေါ့၊ လျှို့ထားစရာလား။ ခုဟာက သူ့သဘောနဲ့သူ အလုပ် ထွက်သွားပြီး တခြားအလုပ်ကိုပြောင်းသွားတာ၊ မမကောက ဘယ်လိုလုပ် ပြီး သိမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကေသီ. အတည်ပေါက်နှင့် နေတံခွန်ယုံအောင် ထ…
ကြောင်းလွှဲလိုက်ရသည်။

"ဒါဆို မြဝါးရုံကို ပြင်ဦးလွင်ကိုလွှတ်လိုက်တဲ့ အလုပ်ရှင်…
မမ တကယ်မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူးကွယ်၊ မမဆိုင်မှာ သူ အလုပ်မလုပ်တော့ဘဲ
တခြားအလုပ်ကို ပြောင်းသွားတာပါကွယ်"

နေတံခွန် မျက်စိမျက်နှာတွေ ပို၍ ပျက်ယွင်းကာ စိတ်ပျက်
လက်ပျက်ဖြင့် ဆံပင်တွေထဲသို့ လက်ချောင်းတွေကို ထိုးဖွလျက်

"ဟာဗျာ လိုက်လေ ဝေးလေကို ဖြစ်နေတော့တာပဲ၊ သူ့ကို
ကျွန်တော် အပြတ်ကြွေနေမှန်းသိရက်နဲ့ လုံးဝကို ခြေရာဖျောက်သွားတာ"

နေတံခွန် စိတ်ပျက်စွာဖြင့် ခပ်ညည်းညည်းဆိုလိုက်၏။ မြတ်
ကေသီ သက်ပြင်းမော့ကို မသိမသာ ခိုးချလိုက်သည်။

မင်းကောင်မလေးက ဘဝပေးအခြေအနေအရ အငှားကိုယ်ဝန်
သည်လေး ဖြစ်နေရပြီလို့ ပြောလိုက်ချင်ပေမယ့် မြတ်ကေသီ မြဝါးရုံ၏
ဂုဏ်သိက္ခာအတွက် လုံးဝပြော၍မဖြစ်။

■ ■ ■



## အခန်း (၂၄)

အဆက်မပြတ်မြည်နေသော ဖုန်းမြည်သံကြောင့် နေတံခွန်
အိပ်နေရင်းမှ မျက်လုံးကို မဖွင့်ချင်ဖွင့်ချင်နှင့် အတင်းဖြဲဖွင့်လိုက်ပြီး
ခုတင်ခေါင်းရင်းမှ ဖုန်းကို လှမ်းယူလိုက်သည်။

"ဟဲလို"

ဖုန်းခလုပ်နှိပ်ပြီး ဖုန်းထူးချိန်အထိ ဖုန်းသံက မြည်နေဆဲ။

"ဟာ ငါ့ဖုန်းက မြည်နေတာမှမဟုတ်ဟာ"

နေတံခွန် မှောက်ခုံကြီးလှဲအိပ်နေရာမှ ဝေါက်ခနဲ ထထိုင်လိုက်
ပြီး

"ဟင် ဒါ မာမီ့အခန်းက ဖုန်းသံပဲ"

နေတံခွန် ခုတင်ပေါ်မှဆင်းကာ မာမီ့အခန်းဘက်သို့ ထွက်ခဲ့
လိုက်သည်။ မာမီ့အခန်းတံခါးက ပွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေတံခွန် အခန်းထဲရောက်တော့ ဖုန်းသံတိတ်သွားသည်။ ဖုန်းက ဘယ်နေရာက မြည်နေမှန်းမသိ၍ မှန်တင်ခုံပေါ်တွေ ခုတင်ပေါ်တွေ လိုက်ရှာကြည့်သည် မတွေ့။

"ကျွတ် ဖုန်းက ဘယ်ကမြည်နေမှန်းလည်း မသိဘူး"

နေတံခွန် မှန်တင်ခုံအံဆွဲကိုဖွင့်၍ ဖုန်းရှာလိုက်သည်။ ရုတ်တရက် အညိုရောင်မှတ်စုစာအုပ်ထဲတွင် ညှပ်ထားသော ဓာတ်ပုံတစ်ပုံက အစွန်းထွက်၍နေသဖြင့် နေတံခွန် ဖျတ်ခနဲ ဆွဲယူကြည့်လိုက်သည်။

ထင်မှတ်မထားသော ဓာတ်ပုံရှင်မို့ နေတံခွန် ပါးစပ်အဟောင်းသားဖြင့် နောက်သို့ ခြေတစ်လှမ်းပင် တွန့်ဆုတ်၍သွားသည်။

"ရှံ ရှံပုံပဲ၊ ဒီဓာတ်ပုံက မာမီ့အခန်းထဲက မှတ်စုစာအုပ်ထဲကို ဘယ်လိုရောက်နေတာလဲ"

မြဝါးရုံ ပြင်ဦးလွင်ကို အလုပ်သွားလုပ်တယ်ဆိုသည့်ကိစ္စဟာ မာမီ့စနက်များလား။ သူ့ မြဝါးရုံကို ကြိုက်နေမှန်းသိလို့ ငွေပေးပြီး တမင်များ အဝေးကိုပို့လိုက်တာများ ဖြစ်နေမလားဟု နေတံခွန် အမြေးအလွှား စဉ်းစားနေမိ၏။

"ဟော့ သား ဒီနေ့တော့ စောစောစီးစီး မာမီ့အခန်းထဲ ရောက်နေပါလား"

မာမီ အခန်းထဲဝင်လာသဖြင့် နေတံခွန် လက်ထဲက ဓာတ်ပုံကို





...နေရာသို့ ပြန်ထားချိန်မရလိုက်။ ကြည့်နေရင်းတန်းလန်းဖြစ်ပင် မာမီ့ကို အမှုအရာပျက်ယွင်းစွာဖြင့် အထိတ်တလန့် လှည့်ကြည့်လိုက်သည်။

"မာမီ ဒီပုံက ဘယ်သူ့ပုံလဲ"

တမင်ပင် မသိချင်ဟန်ဆောင်ပြီး မေးလိုက်ခြင်းဖြစ်သည်။ မာမီ နေတံခွန့်လက်ထဲက ဓာတ်ပုံကို ဖျတ်ခနဲ လှမ်းယူကြည့်လိုက်သည်။ ပျက်ယွင်းသွားသော မျက်နှာကို နေတံခွန် သတိထားပြီးကြည့်လိုက်သည်။

မာမီ့မျက်နှာပေါ်မှာ လျှို့ဝှက်မှုတွေ ထွေးလိပ်သွားကာ နေတံခွန်ကို မလုံမလဲ ပြန်ကြည့်၏။

"အဲဒါ မင်းအစ်မ အိမ်မှာခေါ်ခိုင်းမယ့် အိမ်ဖော်မိန်းကလေးရဲ့ပုံ"

"ဟင်"

မာမီ လိမ်နေမှန်း မာမီ့မျက်လုံးတွေက သိသာစွာ ပေါ်လွင်နေသည်။

"ဒါဆို အခု အဲဒီမိန်းကလေးက မမလင်းအိမ်မှာပေါ့"

ပျာပျာသလဲဖြင့် အလောတကြီး မေးလိုက်သော သားဖြစ်သူကို ကြည့်ပြီး ဒေါ်ခေမီမြတ်ကျော် ပူပန်စိတ်တို့က နားထင်သွေးကြောထဲက ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

"သားက မာမီ့ကို ဘာဖြစ်လို့ အဲဒီကောင်မလေးအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

မေးနေရတာလဲ၊ သား သိလို့လား''

''ဟင် ဟို သား မသိပါဘူး။ ဒီကောင်မလေးပုံက အိမ်ဖော်ရုပ် မပေါက်လို့ အံ့သြပြီး မေးလိုက်တာပါ၊ တခြား ဘာအကြောင်းမှ ထွေထွေ ထူးထူး မရှိပါဘူး''

''အဲဒီ ကောင်မလေးက သား မမအိမ်မှာ အိမ်ဖော်လုပ်မယ် ဆိုပြီး အိမ်ဖော်ပွဲစားက ခေါ်လာပြလို့ မာမီလည်း ဘာရယ်မဟုတ် ဘူး ယူထားလိုက်တာ၊ မင်းမမကလည်း အိမ်ဖော်က အရမ်းချောနေရင် မဖြစ်ဘူးဆိုပြီးငြင်းလိုက်တာနဲ့ မခိုင်းဖြစ်လိုက်ဘူး''

''သူ့ သူက သားသူငယ်ချင်းရဲ့ကောင်မလေးနဲ့ ရုပ်ချင်းတော် တော်ဆင်တာ၊ ဒါပေမဲ့ မဟုတ်ပါဘူး။ သားစိတ်က ထင်နေတာပါ၊ ဘြော် စောစောက မာမီ့ဖုန်းသံကြားတယ်၊ အဲဒီအသံကြားလို့ မာမီ့အခန်းထဲ ဝင်လာတာ၊ ကဲ သားလစ်ပြီ''

နေတံခွန် မာမီ့အခန်းထဲမှ သံသယစိတ်တွေ ထမ်းပိုးပြီး ခြေ လှမ်းလေးလေးဖြင့် ထွက်ခဲ့လိုက်၏။ မာမီနှင့်ရုံ ဘာတွေပတ်သက်နေတာ လဲ၊ မာမီ့အမူအရာတွေက တစ်ခုခုကို ဖုံးကွယ်ထားသလိုပုံပေါက်နေတာ သေချာနေသည်။

နေတံခွန် အကြောင်းအရင်းမှန်ကို သိအောင် ဘယ်လိုစုံစမ်း ရမည်ဆိုတာ တွေးပင်မတွေးတတ်တော့။



## အခန်း (၂၅)

''မောင်တိုး မင်းကို ဒီနေ့ မာမီ ဘယ်ကိုခိုင်းထားတာရှိလဲ''

''ကိုနေ ကျွန်တော့်ကို ဘာခိုင်းမလို့လဲ''

''ငါ့ကားကို အောက်ပိုင်းသွားစစ်ခိုင်းမလို့''

''ကျွန်တော် နေ့ခင်းလောက် ပြန်ရောက်မှာပဲ''

''မင်းက အခုဘယ်ကိုသွားမလို့လဲ''

'မင်္ဂလာဒုံက အိမ်ကို ရှိကွာသွားပို့မလို့''

''ဘာ မင်္ဂလာဒုံကအိမ်ကို ဟုတ်လား''

''ဟုတ်တယ် ကိုနေ''

''နေစမ်းပါဦး။ လူမနေတဲ့မင်္ဂလာဒုံအိမ်ကို ရိက္ခာသွားပို့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဘယ်သူနေနေလို့လဲ''

နေတံခွန်၏အမေးကြောင့် ကိုတိုး သူ့စကားကျွံသွားမှန်း သ

ထားမိသွားကာ မနည်းဘာရိတ်အုပ်လိုက်ပြီး

''အဲ မ မဟုတ်ပါဘူး၊ ကျွန်တော်ကလည်းလေ ဘာတွေပြေ

နေမိမှန်းကို မသိပါဘူး၊ မင်္ဂလာဒုံအိမ်မဟုတ်ဘူး၊ ရွှေတောင်ကြားကအိ

ကို ပြောတာပါ၊ မမလင်းက သူ စားချင်တာတွေ လာပို့ပေးဖို့ အန

ခေ့ကို ဖုန်းနဲ့လှမ်းမှာလို့ပါ''

''ဟာ မင်္ဂလာဒုံနဲ့ရွှေတောင်ကြား မှားစရာမှ မရှိတာကွ

မင်းဟာက ငါ့ကိုတစ်ခုခုဖုံးကွယ်ထားတဲ့ သူခိုးလူမိပုံစံမျိုး၊ ပြောစ

မင်း ငါ့ကို ရှိုးဖို့မကြိုးစားနဲ့၊ မင်္ဂလာဒုံအိမ်မှာ ဘာတွေဖြစ်နေလို့လဲ

မပြောရင် မင်းဆီကို ဘာအခွင့်အရေးမှ ရောက်လာမှာမဟုတ်ဘူးနော်

ကိုတိုး နေတံခွန့်ကို ဆက်လိမ်၍မရတော့မှန်း သိ၍ ခေါင်းရေ

တဗျင်းဗျင်းကုတ်ကာ

''ကျွန်တော် တကယ်ကို ဘာမှမသိပါဘူး၊ မင်္ဂလာဒုံအိမ်

ပစ္စည်းပို့နိုင်းတယ်ဆိုတာလည်း ကားကိုခြံရှေ့မှာရပ်ပြီး အထဲက မိန်

ကြီးတစ်ယောက် ခြံအပြင်ကိုထွက်ပြီးယူတယ်၊ ပြီးရင် ကျွန်တော်

ကားကို ပြန်မောင်းလာရတယ်၊ ဒီလောက်ပဲ ကျွန်တော် သိတယ်၊ အ

ထက်ပိုပြီး ကျွန်တော် ဘာမှမသိတာ အမှန်ပါ ကိုနေရယ်၊ တကယ်ပြေ





ဘာပါ၊ ဘုရားပေးပေး ကျမ်းပေးပေး ရောက်လေ့ရှာ မိန်းမရရပါစေရဲ့''

''ကဲပါ တော်ပါပြီ၊ ငါ သဘောပေါက်ပြီ၊ ငါသားအရင်းတောင်

အမိတာတွေလုပ်နေလဲဆိုတာ မသိနိုင်တာ၊ မင်းလိုကောင်ကရော ဘယ်လို

လုပ် သိနိုင်မှာလဲ၊ ဒီတော့ ငါ ခုလိုမေးတာကို မာမိကို သွားမမေးနဲ့၊

မင်းဖာသာမင်း သွားမြဲတိုင်းသွား၊ ဘာလုပ်ခိုင်းခိုင်း တာဝန်ကျေကျေသာ

လုပ်ပေးလိုက်''

''ဟုတ်ကဲ့ ကိုနေ ပြောသလိုပဲ လုပ်ပါမယ်၊ ကိုနေသာ ဘာမှ

မသိသလိုနေပေးပါ၊ ကျွန်တော့်ခေါင်း ဆင်နှင်းမှာစိုးလို့ပါ''

ကိုတိုး သူအလုပ်ပြုတ်မည်စိုး၍ နေတံခွန်ကို ပြန်၍ပင် နှုတ်

ပိတ်နေ၏။

''ဒါ ငါ့ကိစ္စပါ၊ အမိကက မင်းနာမည်မပါရင် ပြီးတာပဲမဟုတ်

လား၊ ကဲ သွားတော့၊ ကားအောက်ပိုင်းလည်း ငါ့ဟာငါပဲ သွားစစ်လိုက်

တော့မယ်''

''ဟုတ်ကဲ့ ကိုနေ''

ကိုတိုး နေတံခွန်ရှေ့မှ ခပ်သုတ်သုတ်ထွက်သွား၏။ နေတံခွန်

မာမီ လျှို့ဝှက်ချက်ကို ဖော်ထုတ်ဖို့ လမ်းကြောင်းစတင်မှုဖြစ်တော့မည်။

မာမီ ဘာတွေလုပ်နေသနည်း။

''သားရေ ဒီနေ့ ဘယ်မှသွားဖို့ အစီအစဉ်မရှိဘူးထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



အနားသို့ မာမီရောက်လာသဖြင့် နေတံခွန် အတွေးစတို… သိမ်းကာ မာမီရှေ့မှာ ဟန်မပျက် နေလိုက်ပြီး

"ဒီနေ့ သွားစရာကိစ္စတော့ မပေါ်သေးဘူး မာမီ၊ နေ့ခင်… လောက်မှ ကားအောက်ပိုင်းသွားစစ်မလားလို့"

မာမီ နေတံခွန့်ဘေးမှာ ဝင်ထိုင်လိုက်သည်။

"ကားအောက်ပိုင်းများ အလုပ်ရှုပ်ခံပြီး သွားစစ်နေရလား… သားရယ်၊ ကားတစ်ခုခု ချို့ယွင်းနေတယ်လို့ စိတ်က ထင်ရင် ကိုယ်… ကြိုက်တဲ့ကားအမျိုးအစားကို အလိုက်ပေးပြီးလဲလိုက်ပေါ့"

"အဟား သားက ဒယ်ဒီပြန်အလာကို စောင့်နေတာ၊ ဒယ်ဒီ… ပါလာတာတဲ့ကားက သားစိတ်ကြိုက်ဆိုရင် ဒယ်ဒီ့ဆီကနေမ'ရမှာ"

"ဟွန်း ဒါဆိုရင်တော့ မင်းအဖေပြန်လာရင် သားအဖနှစ်… ယောက် ကားလုကြတဲ့အသံ ကြားရဦးတော့မှာပေါ့"

"မာမို့နားထဲ ဂွမ်းဆို့ထားလိုက်လေ"

နေတံခွန် ရွှတ်နောက်နောက် ပြောလိုက်သောစကားကြောင့် မာမီ ခပ်တိုးတိုးရယ်သည်။

"မာမီ သားကို ဘာခိုင်းစရာရှိသေးလဲ"

"ထွေထွေထူးထူးတော့ မရှိပါဘူး။ မင်း မမလင်းက ဆိတ်သား… အကြွပ်ကြော်လေး စားချင်တယ်ဆိုဟာနဲ့ မာမီ လုပ်ပေးထားတယ်လေ၊





… သားကြုံရင် သွားပို့ပေးပါလို့ ပြောမလို့"

"ဩော် ဒါများ မာမီရာ ကြုံမှမဟုတ်ဘူး၊ တကူးတကကို …ပို့ပေးဦးမှာ၊ ကိုယ့်အစ်မက တူလေးလား၊ တူမ လေးလား လွယ် …ရတာ၊ သားက ဒီလောက်တော့ ဂရုစိုက်ရမှာပေါ့ မာမီရာ"

"အမလေး ငါ့သားလေး ဒီနေ့ တယ်လည်း စိတ်ကောင်းတွေ …နေပါလား။ မမလင်းသာသိရင် ငါ့မောင်လေး အရမ်းသိတတ်နေပါ …ဆိုပြီး သဘောတွေကျနေမှာ"

ဒေါ်ခေမီမြတ်ကျော် နေတံခွန့်ခေါင်းမှ ဆံပင်တွေကို ချစ်စနိုး …၍ တဟင်းဟင်းဖြင့် သဘောတွေအကျကြီး ကျနေလေ၏။

နေတံခွန် တမင်အချိုသတ်နေသည်ဆိုတာကိုတော့ ဘယ်သိ …မလဲ

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

''ဟယ် မောင်လေး အမလေး မမအိမ်ကို မလာစဖူး လာ[illegible]
ပါလား''

ပေါက်ကိုအောက် ကားရပ်လိုက်သည်နှင့် နွေရာလင်း အိမ်ထဲ[illegible] သွက်လက်ပေါ့ပါးစွာ ထွက်ကြို၏။

''ဘာလဲ လာတာ မကြိုက်ဘူးလား၊ ကျွန်တော်က ယောက်[illegible] သဘော်ပြန်တက်သွားပြီးကတည်းက မမအိမ်ကိုလာဖို့ သိပ်ပြီး ဓာတ်[illegible] တော့တာမဟုတ်ဘူး''

''အေးပါ ခုတော့ ဓာတ်ကျပြီမဟုတ်လား''

''မာမီခိုင်းလို့ လာတာ၊ ရော့ ဒီမှာ ဟင်း၊လာပို့တာ''





မယ်လမင်းသုံးဆင့်ချိုင့်ကို မမထံသို့ နေတံခွန် လှမ်းပေးလိုက်သည်။ နွေရာလင်း လှမ်းယူပြီး

''မဆင့်ရေ မဆင့်''

''ရှင် လာပါပြီ မမလေး''

ညိုညိုတုတ်တုတ်နှင့် ကောင်မလေးထွက်လာပြီး နွေရာလင်း ကမ်းပေးသော ချိုင့်ကို တရိုတသေ လှမ်းယူပြီး အိမ်ထဲပြန်ဝင်သွားသည်။

''ဒါနဲ့ မမ ဟိုတလောက အိမ်ဖော်ကောင်မလေးတစ်ယောက် ထပ်ခေါ်ဖို့ စီစဉ်သေးတယ်မဟုတ်လား၊ ဓာတ်ပုံကြည့်ပြီး ရုပ်အရမ်းချော လို့ မခေါ်တာဆို''

''ဟင် မဟုတ်ပါဘူး၊ ဘယ်က ဓာတ်ပုံကြည့်ရမှာလဲ၊ မမမှာ မဆင့်ရှိနေတာပဲ၊ ဘယ်အိမ်ဖော်မှ မခေါ်ဘူး၊ ဒီကလေး ဘာတွေလာမေး နေမှန်းကို မသိဘူး''

''သိဘူးလေ ကျွန်တော်ထင်တာ ကျွန်တော်ပြောတာပဲ၊ မဟုတ် ဘူးဆိုတော့လည်း မဟုတ်ဘူးပေါ့''

နေတံခွန် ချော်လဲရောထိုင်လိုက်သည်။

''ဒါနဲ့ ကျွန်တော်တောင် ဒီရက်ထဲ မင်္ဂလာဒုံအိမ်ကိုသွားရင် ကောင်းမလားလို့ စဉ်းစားနေတာ''

နေတံခွန် အစ်မဖြစ်သူထံမှ ဘာစကားများ ထွက်လာမလဲဟု



www.burmeseclassic.com

www.burmeseclassic.com



သော သိချင်စိတ်ဖြင့် တမင်ပင် အစ်လိုက်သည်။

ထိုစကားကြောင့် နွေရာလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ဟင် မင်းက မဂ်လာဒုံအိမ်ကို ဘာကိစ္စနဲ့ သွားမှာလဲ"

"ကျွဲကောသီးတွေ သွားခူးမလို့လေ၊ ပြီးရင် မိတ်ဆွေသူငယ်ချင်းတွေကို လက်ဆောင်လိုက်ပေးမယ်"

"အို မင်းနောက်ကျသွားပြီ၊ မမက ဟိုနေ့ကပဲ ယောက္ခမအိမ်က ဒရိုင်ဘာကို လမ်းကြုံရင်ဝင်ခူးခဲ့လို့ မှာလိုက်လို့ သူ ဝင်ခူးခဲ့ပေးပြီး သွားပြီ"

"ဒါဆို အဲဒီ ကျွဲကောသီးတွေရော အိမ်ကိုလည်း တစ်လုံးမှ ရောက်မလာဘူး"

"မာမီက ချဉ်လို့ မလိုချင်ဘူးလို့ပြောတာနဲ့ မမလည်း သူများတွေ လျှောက်ပေးပစ်လိုက်တာပေါ့"

နွေရာလင်း တမင်ပင် လိမ်ညာပြီး ပြောလိုက်၏။ ခုလို အခြေအနေမျိုးမှာ နေတံခွန် မဂ်လာဒုံအိမ်ကို လုံးဝသွား၍မဖြစ်။

"အင်းလေ ဒါဆိုလည်း မသွားတော့ပါဘူး၊ ဒါနဲ့ မမဗိုက်ထဲက ကလေးရော ဘယ်လိုနေလဲ၊ နေကောင်းရဲ့လား"

နွေရာလင်း နေတံခွန့်အမေးကြောင့် ခစ်ခနဲ ရယ်လျက်

"နေကောင်းလို့ ဒေါင်ဒေါင်မြည်နေတာပဲ၊ မနက်ကပဲ ဗိုက်ထဲမှာ





ဘောလုံးဆော့ကန်သေးတယ် အဟင်း"

"ဟာ မမကလည်း ဒီက တကယ်မှတ်လို့ ဗိုက်ထဲက ကလေးက ဘောလုံးဆော့ကန်မလား"

"သိတူးလေ မင်းက နေကောင်းလားလို့မေးတော့ မမကလည်း မင်းရဲ့မေးခွန်းအတိုင်း အလျဉ်းသင့်သလို ဖြေလိုက်တာပေါ့"

နေတံခွန် အစ်မဖြစ်သူ၏နောက်ပြောင်ကျီစယ်သော စကားတွေကြောင့် ပေါ့ပါးစွာ ရယ်လိုက်သည်။

"ဒါပဲနော် မမ၊ ကျွန်တော်နဲ့တူအောင် မွေးရမယ်၊ တူလေးဆိုရင်တော့ ယောက်ဖနဲ့ကျွန်တော် ဂေါက်ကွင်းသွားရင် အဖော်ရတယ်၊ တူမလေးဆိုရင်တော့ အရွယ်ရောက်တာနဲ့ တစ်ခါတည်း မယ်သီလရှင်ဝတ်ပေးလိုက်တော့မယ်"

"ဟယ် ဘာဖြစ်လို့လဲ"

"ဒီခေတ် မိန်းကလေးတွေက ဖလမ်းဖလမ်းထပြီး မိဘတွေနောက်က လိုက်ပြီး ထိန်းလို့မနိုင်လို့"

"အမလေး ကိုယ့်တူမကျတော့ ကိုယ်တိုတောင်းတယ်ပေါ့ ဟုတ်လား"

"တိုတောင်းတာမဟုတ်ဘူး ကြိုထိန်းတာ မမရေ၊ ကြိုထိန်းတာ ကဲ ကျွန်တော် သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နေတံခွန် ပြောပြောဆိုဆိုဖြင့် နွေရာလင်းကို နှုတ်ဆက်ပြီး ကားပေါ်ပြန်တက်လိုက်သည်။ ကားစက်နှိုးနေရင်းမှ

"မမ ညနေ မာမီလာမယ်လို့ပြောတယ်၊ ဘယ်မှမသွားနဲ့ အိမ်မှာနေဦး၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်ဝန်ဆောင်ဖြစ်နေပြီဆိုတာလည်း သတိထားဦး"

"အေးပါ မမ သတိထားပါတယ်ကွယ်"

"ဒါဆို သွားပြီ"

နေတံခွန့်ကားလေး အိမ်ရှေ့ပေါ်တီကိုအောက်မှ ခပ်ဖြည်းဖြည်း မောင်းထွက်သွား၏။

နွေရာလင်း ခမှပင် ဟင်းချနိုင်ပြီး ကလေးမရှိသော ကိုယ့်ဗိုက်အတုကို စိတ်မောစွာ ငုံ့ကြည့်ပြီး သက်ပြင်းကို ဟင်းခနဲ ချလိုက်သည်။

အားလုံးကတော့ နွေရာလင်းဟာ ကိုယ်ဝန်ဆောင်မိခင်လောင်း တစ်ယောက်ပေါ့။

နိုင်ငံခြားသင်္ဘောပြန်တက်သွားသော ခင်ပွန်းကအစ ဒီကလေး အတွက် နှစ်နာရီခြားတစ်ခါ ဖုန်းဆက်၏။

မာမီ့အစီအစဉ်အတိုင်းသာ ကိုယ်ဝန်ရှိဟန်ဆောင်ထားရတာ တကယ်တမ်း အလိမ်ပေါ်မှာကိုတော့ နွေရာလင်း အရမ်းကြောက်ပါသည်။

■ ■ ■



## အခန်း (၂၇)

နေတံခွန် မာမီ့လှူဖွဲ့ဝက်ချက်ကို သိချင်သဖြင့် မင်္ဂလာဒုံအိမ်ကို ဘယ်သူမှမသိအောင် ခပ်တိတ်တိတ် ထွက်လာခဲ့လိုက်သည်။

ကားမောင်းရင်း သီချင်းနားထောင်ချင်လာသဖြင့် ကားကက်ဆက်ခလုတ်ကလေးကို နှိပ်လိုက်သည်။ ခပ်မြူးမြူး ဂီတသံလေး ကားထဲမှာ ထွက်ပေါ်လာသည်။

သီချင်းနားထောင်ရင်းဖြင့် ကားမောင်းတော့ ရောက်မှန်းမသိ ရောက်သွား၏။ ကားကို အိမ်ရှေ့မှ ခပ်ဖြည်းဖြည်းမောင်းရင်း အိမ်၏ အခြေအနေကို မသိမသာ အကဲခတ်လိုက်သည်။

အိမ်ကြီးက လူမနေသည့်ပုံစံဖြင့် ယခင်ကလို ခြောက်ကပ်တိတ်ဆိတ်နေဆဲ။ သို့သော် အိမ်ကြီး၏အပေါ်ထပ် အခန်းတံခါးတစ်ချပ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ ပွင့်နေ၏။

အိမ်ထဲမှာ လူရိပ်လိုလို ဘာလိုလိုတွေ့လိုက်သဖြင့် အိမ်ထဲမှာ လူရှိနေသည်ဆိုတာကတော့ လုံးဝကို ကျိန်းသေနေ၏။

မာမီ ဘာတွေလုပ်နေတာလဲ၊ ဘယ်သူ့ကိုများ ဒီအိမ်ကြီးထဲမှာ တိတ်တဆိတ် နေခိုင်းထားသလဲ၊ သံသယအတွေးတွေက သိချင်စိတ်တွေကို ဆင့်ကဲ၍ ဖြစ်ပေါ်လာစေသည်။

ကားကို လူရှင်းသော လမ်းချိုးကွေ့တစ်နေရာတွင် ရပ်ခဲ့လိုက်ပြီး အိမ်ကြီးဆီသို့ ခြေလျင်လျှောက်လာခဲ့လိုက်သည်။

နေတံခွန်အဖို့ ခြံထဲဝင်ဖို့ဆိုသည်မှာ ခက်ခဲသောအလုပ်မဟုတ်။ ခြံသော့နှင့်အိမ်သော့အပိုက နေတံခွန့်ဆီမှာ ရှိနေသည်။

တစ်ခါတစ်ရံ သူငယ်ချင်းတွေနှင့်ချိန်းပြီး ဒီအိမ်မှာ သောက်ကြစားကြ အော်ကြဟစ်ကြနှင့် မနက်မိုးလင်းလို့ လင်းမှန်းပင်မသိအောင်လာ၍ သောင်းကျန်းနေကြ။

ခုနောက်ပိုင်း ဒယ်ဒီ အလုပ်ကိစ္စတွေကို ဝင်လုပ်နေရ၍သာ အချိန်မပေးနိုင်တော့ခြင်းဖြစ်သည်။

နေတံခွန် ခြံတံခါးသော့ကိုဖွင့်ပြီး ခြံကြီးထဲ ခပ်တည်တည်ဖြင့် ဝင်လာလိုက်သည်။ ကိုယ့်အိမ်ကိုယ့်ယာမို့ ဘာကိုမှလည်း စိုးရွံ့မနေ။ ခြံထဲတွင် ကျွဲကောပင်တွေက အစီအရီ။ ကျွဲကောသီးတွေကလည်း ဖွေး





ဖွေးလှုပ်အောင် သီး၍နေသည်။

ထိုကျွဲကောပင်တွေကိုကြည့်ပြီး နေတံခွန် ပြုံးလိုက်သည်။ တစ်နေ့က မမနွေရာလင်း ပြောခဲ့တုန်းကတော့ မင်္ဂလာဒုံခြံထဲက ကျွဲကောသီးတွေ အကုန်လုံး ချူးခိုင်းလိုက်သည်တဲ့။

ထိုအခြေအနေကိုကြည့်ခြင်းအားဖြင့် မာမီနှင့် မမလင်း၊ သူ မသိအောင် တစ်ခုခုကို လျှို့ဝှက်ထားမှန်း သေချာနေ၏။

ခုတော့ ထိုလျှို့ဝှက်ချက်သည် ဘာလဲဆိုတာကို ရှင်းရှင်းလင်းလင်းသိရတော့မည်။ နေတံခွန် အိမ်မကြီးတံခါးသော့ခ်ကို ကိုယ့်သော့နှင့်ကိုယ်ဖွင့်ပြီး ဝင်လိုက်သည်။

အိမ်ကြီးသည် ယခင် နေတံခွန် လာစဉ်အခါတုန်းကလို လူမနေသည့်ဟန်မပေါက်။ ဆက်တီစားပွဲပေါ်သို့ လက်ဖြင့်သပ်ကြည့်လိုက်သည်။ ဖုန်တစ်စက်မရှိ။

အားလုံးက သူ့နေရာနှင့်သူ နေသားတကျဖြင့် သန့်ရှင်းသပ်ရပ်နေသည်။ အလှပန်းအိုးထဲမှ နှင်းဆီပွင့်အဖြူလေးတွေသည်ပင်လျှင် လောလောလတ်လတ် လဲထားသလို လန်းဆန်း၍နေသည်။

သေချာပြီ။ ဒီအိမ်ထဲမှာ တစ်ယောက်ယောက် ရှိနေမှာ။ ထိုလူက ယောကျ်ားလား မိန်းမလား။

နေတံခွန် ဧည့်ခန်းထဲမှထွက်ကာ ထမင်းစားခန်းဘက်သို့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လိုက်သည်။

စုံလည်စားပွဲဝိုင်းပေါ်တွင် တင်ထားသော ပန်းသီးပန်းကန်နှင့် ခွာလက်စ ပန်းသီးတစ်လုံး။ ဂတ်စ်မီးဖိုပေါ်တင်ထားသော စတီးဒယ်အိုး ပြားကို ဖွင့်ကြည့်တော့ တစ်ခုခုကြော်ထားပုံရသည့် ဆီတွေ။

နေတံခွန် ထမင်းစားခန်းထဲမှထွက်ပြီး တခြားအခန်းတွေကို တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ကြည့်သည်။ ခုချိန်ထိ လူရိပ်လူယောင် တောင် မတွေ့ရခြင်းသည် ထိုလူများ အပြင်ထွက်သွားလို့လား။

နေတံခွန် အောက်ထပ်တစ်ခန်းလုံးနှံ့နေပြီမို့ အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။ အရင်ဆုံး အပြင်မှ လှမ်းကြည့်စဉ်က ပွင့်နေသော အခန်းဆီသို့ လျှောက်လာခဲ့လိုက်၏။

အခန်းဝရောက်တော့ အတွင်းမှ ဂီတသံ ခပ်ငြိမ့်ငြိမ့်ကို ကြား လိုက်ရသည်။ အသာရပ်၍ နားစွင့်လိုက်သည်။

တော်တော်လေးကြာသည်အထိ ဂီတသံမှအပ တခြားလှုပ်ရှား မှုမျိုးကို မကြားရသဖြင့် နေတံခွန် တံခါးလက်ကိုင်ဘုကို ဆွဲလှည့်၍ အခန်းထဲသို့ ဝင်ခဲ့သည်။

အိပ်ခန်းသည် လူနေသည့် အနေအထားမျိုးရှိပေမယ့် မည်သူမျှ ရှိမနေ။

"ခွပ်"





"အာ့"

ရုတ်တရက် အနောက်မှ ခပ်ပြင်းပြင်းရိုက်လိုက်သော အထိ အတွေ့နှင့်အတူ နေတံခွန် အရှေ့သို့ ယိုင်သွားသည်။ ပူခနဲဖြစ်သွားသော ခေါင်းကို လက်ဖြင့်အသာစမ်းရင်း အနောက်သို့ အလန့်တကြား လှည့် ကြည့်လိုက်သည်။

"ဟင် ရှင် ရှင်"

"ဟာ ရုံ ရုံလေး"

နှစ်ဦးသား တစ်ယောက်နာမည်ကို တစ်ယောက် တအံ့တသြ ခေါ်ရင်း အံ့သြမှုတွေက ရင်ထဲမှာ ဖြည်ချ၍ပင် ကုန်နိုင်မည်မထင်။

"ရှင် ရုံ ဒီမှာရှိနေတာကို ဘယ်လိုလုပ်သိလဲ"

မြဝါးရုံ၏ မျက်နှာပြင်တစ်ခုလုံး အံ့သြရိပ်တွေနှင့်အတူ သွေး ဆုတ်ဖြူလျော်နေသည်။ မျက်နှာတစ်ပြင်လုံး လျှို့ဝှက်မှုတွေဖြင့် ထွေးလိပ် နေသည်။

နေတံခွန် မြဝါးရုံ မေးတာကို မဖြေဘဲ မြဝါးရုံကို အသေအချာ စိုက်ကြည့်လိုက်သည်။ အကြည့်ချင်းဆုံသည့်ထိုတစ်ခဏသည် ဒြပ်မဲ့ငို ကြွေးခြင်းတွေဖြင့် ပြည့်နှက်၍နေ၏။

ထင်မြင်ချက်အမျိုးမျိုးဖြင့် အတွေးလှိုင်းတွေကို အရုပ်ဆိုး အကျည်းတန်စေသော နေတံခွန် ခုလို မြဝါးရုံကို ဖြုန်းခနဲ တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့ အိပ်မက်များလားဟုပင် ပစ္စုပ္ပန်အချိန်ကို သံသယဝင်မိသ

"မင်း ဒီအိမ်ကို ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ ရှံ၊ အ

ကိုယ် အရင်ဆုံးသိချင်တယ်၊ ဘာလျှို့ဝှက်မှုမှမပါတဲ့ အဖြေစကာ

ကြားချင်တယ်"

အခြေအနေမှန်ကို လုံးဝရိပ်မိခြင်းမရှိသော မြဝါးရှံ အ

အားလုံးကို သမားရိုးကျ တွေးထားပုံပင်။

"ဒါ ရှံရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ နေတံခွန်၊ ရှင်သိဖို့ မ

ပါဘူး"

"ဟာ လိုတာပေါ့၊ အရမ်းကို လိုအပ်တာပေါ့ ရှံရယ်၊ ကို

သိထားတဲ့ ရှံဟာ သူဌေးတစ်ယောက်ရဲ့အထောက်အပံ့ကိုယူ မိသား

အဆင်ပြေအောင်ချန်ထားခဲ့ပြီး တစ်နယ်တစ်ကျေးဖြစ်တဲ့ ပြင်ဦးလွင်

ထွက်သွားတယ်လို့ သိခဲ့ရတာ၊ အခုကျတော့ ရှံကို ဒီနေရာမှာ မထင်မှ

ဘဲ တွေ့ရတယ်၊ ကိုယ့်အံ့ဩမှုတွေဟာ ရှံနဲ့ပတ်သက်ပြီး ဘယ်လော

အတိုင်းအတာအထိ နက်ရှိုင်းနေသလဲဆိုတာ ရှံ သိဖို့ကောင်းတယ်"

"ဘယ်လို ရှင်က ရှံကို မထင်မှတ်ဘဲ တွေ့ခဲ့ရတာ ဟုတ်လာ

ဒါဆို ရှံ ဒီမှာရှိမှန်းသိလို့ တမင်လိုက်လာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး ရှံ တကယ်ပဲ ပြင်ဦးလွင်မှာရှိတယ်ဆိုတာ

ယုံပြီး မမြတ်ကေသီဆီက ရှံ ရှိနိုင်မယ့်လိပ်စာကိုတောင်းတော့ ရှ





အလုပ်ကထွက်သွားပြီဆိုတာပဲ သိတယ်၊ ရှံ့အမေကိုမေးတော့လည်း မင်း ရှိနိုင်မယ့်လိပ်စာကို ရေရေရာရာ မပေးနိုင်ဘူး၊ ဒီအတောအတွင်း မင်း အတွက်ကြောင့် ရှံ ဘယ်လောက်ထိ ရူးသွပ်ခဲ့ရလဲသိလား မြဝါးရှံ"

"ဒါကတော့ ရှင့်အပိုင်းပဲ ရှံနဲ့ဘာဆိုင်လဲ"

"ဆိုင်တယ် ကိုယ်ကတော့ ရှံကို ချစ်နေတဲ့သူမို့လို့ ရှံနဲ့ပတ်သက်တဲ့အရာမှန်သမျှဟာ ကိုယ့်ကိစ္စတွေချည်းပဲ၊ ဒါကို ရှံ ယုံယုံ မယုံယုံ ကိုယ်ကျေနပ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်သိပ်ကို မျှော်လင့်တောင့်တရတဲ့ ကိုယ့်ချစ်သူလေးကို ကိုယ့်ပိုင်နက်ထဲမှာ ပြန်တွေ့လိုက်ရလို့ အရမ်းပျော်သွားပြီ"

"ဘယ်လို ဒါ ရှင့် ရှင့်ပိုင်နက်၊ ဟုတ်လား နေတံခွန်"

မြဝါးရှံ၏ အထိတ်တလန့် မေးသံသည် အခန်းတွင်းမှာ အနည်းငယ် ဟိန်းသွားသည်။

"ဟုတ်တယ် ဒါ ကိုယ့်အိမ်ပဲ"

"ဟင် ဒါဆို ဒီနေရာက ဘယ်နေရာလဲ"

"မင်္ဂလာဒုံက ခြံတစ်ခြံပေါ့"

"ဟင်"

မြဝါးရှံ နှတ်ဆိုးတစ်ကောင်ရဲ့ခြောက်လှန့်ခြင်းခံလိုက်ရသလို သွေးပျက်ချောက်ချားသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရုံအတွက် လောကကြီးက ဒီလောက်တောင် ကျဉ်းမြောင်း[illegible] သတဲ့လား။

ကိုယ် ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတဲ့ယောကျ်ားတစ်ယောက်ရဲ့ရှေ့မှာ ကိုယ့်ရဲ့သိက္ခာတွေ အရှက်တရားတွေ ဘာတစ်ခုမှ သုံးစားလို့မ[illegible] အောင် ကိုယ့်အထုပ်ကိုယ်ဖြည်ပြခဲ့ရတဲ့ မိန်းမလောက် ကံဆိုး[illegible] မိန်းမ ရှိနိုင်ပါဦးမလား။

လောကကြီးက ရိုက်ချက်ပြင်းပြင်းနဲ့ မြဝါးရုံကို ရှင်လျက်နှ[illegible] သေသွားအောင် အဆုံးတိုင် စီရင်ချက်ချလိုက်ပြီပေါ့။

ရပ်နေသော ခြေအစုံသည် အမှုးသမားတစ်ယောက်လို ဒယ်[illegible] ဒယိုင် ဖြစ်ကာ နေတံခွန်ရှေ့မှာ ပုံလျက်သားလေး လဲကျသွားရ[illegible]

■ ■ ■



## အခန်း (၂၈)

"စိတ်လှုပ်ရှားသွားလို့ ရှော့ခ်ရသွားတာပါ၊ ဘာမှမစိုးရိမ်ပါနဲ့၊ ငါ အခု ဆေးထိုးပေးခဲ့တာပဲ၊ သိပ်မကြာခင် သတိရလာလိမ့်မယ်"

ဒေါက်တာ နိုင်လင်းသာ နေတံခွန်ပခုံးကို ဖြေသိမ့်ပုတ်ပုတ်ကာ ပြောတော့မှ နေတံခွန် ရင်ထဲမှ သောကတွေ အနည်းငယ်ပြေလျော့သွားသည်။

"တော်ပါသေးရဲ့ကွာ ငါ့မှာလန့်သွားတာပဲ"

"ဒါနဲ့ သူက မင်းနဲ့ဘာပတ်သက်လဲ"

နေတံခွန် ဒေါက်တာနိုင်လင်းသာ၏အမေးကို မဖြေသေးဘဲ မြဝါးရုံ၏လက်တစ်ဖက်ကို ဆွဲယူဖျစ်ညှစ်ပြီး သူ့ပါးမှာအပ်လိုက်သည်။

"သူက ငါ သိပ်ချစ်ရတဲ့ မိန်းကလေးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



နေတံခွန်အဖြေကြောင့် ဒေါက်တာ နိုင်လင်းသာ ခပ်ဖော့ဖော့လေး ရယ်ကာ

"အဟွန်း ဒါဆို မင်းကို သတင်းကောင်းပေးရဦးမှာပေါ့၊ မင်းလည်း ကြားပြီးသား ဖြစ်ချင်ဖြစ်နေမှာပါ"

"ဘာကိုလဲ"

"လာ ငါတို့ ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

နိုင်လင်းသာ နေတံခွန့်ပခုံးကိုဖက်ကာ ဧည့်ခန်းရှိရာသို့ ထွက်လာကြသည်။ ဧည့်ခန်းထဲရှိ ဆိုဖာခုံတွေပေါ် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ကဲ ပြော မင်းက ငါ့ကို ဘာသတင်းကောင်းပေးမှာလဲ"

"မင်းတို့ချစ်သူချင်း အချစ်နယ်ကျွံထားကြတယ်မဟုတ်လား။ အခု မင်းကောင်မလေးမှာ ကိုယ်ဝန်နှစ်လရှိနေပြီ"

"ဘာ"

နေတံခွန် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။ တစ်ကိုယ်လုံး နတ်ဝင်သည့်တစ်ယောက်လို ဆွေ့ဆွေ့ခုန်နေ၏။ ဒါဟာ ဘယ်လိုမှမဖြစ်နိုင်သည့်ကိစ္စ။ ချစ်သူပါလို့ ပြီးစလွယ် ပြောလိုက်ပေမယ့် တကယ်တမ်း ချစ်သူအဆင့်ရောက်သေးတာမှမဟုတ်တာ။ ခုချိန်ထိတောင် မြဝါးရုံ၏





က်ကိုတောင် ကိုင်ဖူးခြင်းမရှိသေးဘဲနှင့် ကိုယ်ဝန်က ဘယ့်လိုက ယ်လို့။

နေတံခွန့်အဖို့ကမ္ဘာပျက်သလို ခံစားနေရ၏။

"နေ မင်း ဘာဖြစ်သွားတာလဲ၊ ဘာလဲ ဒီကိုယ်ဝန်က မင်းနဲ့ တ်ဘူးလား"

နိုင်လင်းသာ ဒွဲ့မေးလိုက်သဖြင့် နေတံခွန် အမူအရာ ပျက်နေ မြဝါးရုံ၏အရှက်သိက္ခာတရားကို ကာကွယ်ရန် ဟန်ဆောင်ပြုံးတစ်ခု အားမရှိစွာ ပြုံးလိုက်သည်။ ထိုအပြုံးသည် နိုင်လင်းသာအတွက် င်သော အပြုံးတစ်ခုတော့ မဟုတ်နိုင်။

"ဟုတ် ဟုတ်ပါတယ်၊ မျှော်လင့်မထားတဲ့အချိန်မှာ ဖြုန်းခနဲ လိုက်ရတော့ ငါ နည်းနည်းစိတ်လှုပ်ရှားသွားတာပါကွာ"

"ဩော် ဒါက ဖြစ်တတ်ပါတယ်၊ နိုးစားတာ့ပေါ်သွားလို့ သူခိုး ဖြစ်သွားတာ မဟုတ်လား။ ဒါပဲနော် တခြားကောင်တွေကို မပေါက် စေချင်ရင် ငါ့ကို ဟိုတယ်တစ်ခုခုမှာ အကောင်းစား အရက်နဲ့ ည့်ခံရမယ်"

နိုင်လင်းသာ၏တောင်းဆိုမှုကို ရင်နာနာနှင့်ပင် မချိမဆံ့ ခေါင်း တ်လိုက်ရလေပြီ။

"အေးပါကွာ မင်းစိတ်တိုင်းကျပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်းသာ မှာစရာရှိတာမှာကြားပြီး ပြန်သွားသည်။ နေတံခွန်
ညည်ခန်းထဲတွင် ထိုင်နေရာမှ ခပ်လေးလေး ထလိုက်ပြီး မြဝါးရုံ အခန်းထဲ
သို့ ပြန်ဝင်လာခဲ့လိုက်၏။

နေတံခွန် အခန်းထဲရောက်တော့ မြဝါးရုံ သတိရနေပြီ။ အခန်း
ထဲ ဝင်လာသော နေတံခွန်ကို ရီဝေဖျော့တော့သော အကြည့်ဖြင့် လှမ်း
ကြည့်သည်။

''မင်း သတိရလာပြီလား ရုံ''

ရင်ထဲမှာ တဆစ်ဆစ်နာကျင်ခံစားရပါသော ဝေဒနာထုကို
ဟန်ဆောင်မျိုသိပ်ရင်း မြဝါးရုံကို လှမ်းမေးလိုက်သည်။

''အင်း သတိရပြီ နေတံခွန်''

''ဒီအိမ်မှာ မင်းတစ်ယောက်တည်း နေတာလား''

''ဟင့်အင်း မဟုတ်ဘူး၊ အဖော်နှစ်ယောက်နဲ့နေတာ၊ သူတို့
ကိစ္စရှိလို့ အပြင်ခဏသွားကြတယ်၊ ညနေလောက်မှ ပြန်ရောက်ကြမယ်''

''ဩော် အဲဒီအဖော်ဆိုတာက မင်းနဲ့ဘယ်လိုပတ်သက်လဲ''

''ရုံ့ကိုစောင့်ရှောက်ဖို့ ခေါ်ပေးထားတဲ့ အဖော်နှစ်ယောက်ပါ''

မြဝါးရုံစိတ်တွေ အလိုလို နူးညံ့နေပြီး အပြစ်ကျူးလွန်ထားသူ
တစ်ယောက်လို တစ်ခုခုကို စိုးရွံ့ထိတ်လန့်နေပုံရ၏။ နေတံခွန့်ကို ရန်လို
သောအကြည့်တွေဖြင့် လုံးဝမကြည့်တော့။





''မင်း ဒီအိမ်ကို ဘာကြောင့်ရောက်နေရသလဲဆိုတာ ကိုယ်
အရမ်းသိချင်တယ် ရုံ၊ ကိုယ့်ကိုဘာမှမဖုံးကွယ်ဘဲ အမှန်အတိုင်းပြောပြ
ပါ''

''ရုံ ဒီအိမ်ကို ဘာကြောင့်ရောက်လာတာလဲဆိုတဲ့အကြောင်း
အရင်းကိုသိတော့ရော ရှင့်အတွက် ဘာများအကျိုးထူးရသွားမှာမို့လဲ၊
ဒီအိမ်က ရှင့်ပိုင်နက်ဆိုတာ သိသွားရုံနဲ့ ရုံ့ကိုယ်ရေးကိုယ်တာကိစ္စကို
ရှင့်ကိုပြောပြလို့ မဖြစ်ဘူး၊ ရုံ ပြောပြခွင့်မရှိဘူး''

''ဒါဆို ရုံ မပြောပြရင် ကိုယ်ပြောပြမယ်၊ ပြီးရင်တော့ ကိုယ်
မေးတာကို ဖြေရမယ်၊ ရုံ ဖြေပြီးတာနဲ့ ကိုယ် ဘယ်သူဆိုတာ ရုံကို
ပြောပြမယ်''

''ရှင်က ရုံကို ဘာပြောမှာမို့လဲ''

''ရုံ့ဘဝအတွက် အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခုပေါ့၊ ပြဿနာ
တစ်ခုဆိုရင် ပိုမှန်လိမ့်မယ်၊ ပြီးတော့ အဲဒီပြဿနာဖန်တီးတဲ့သူကို ရုံ
သိနေရမယ်၊ အဲဒါက ဘာလဲဆိုတော့ အခု ရုံ့မှာ ကိုယ်ဝန်ရှိနေပြီ''

နေတံခွန့်စကားသံတွေက အဖျားခတ် တုန်ယင်သွားပြီး မျက်
လုံးအိမ်တစ်ခုလုံးနီရဲကာ မျက်ရည်ကြည်တို့ စို့တက်လာသည်။ ယောကျ်ား
တစ်ယောက်က ရုံ့အတွက်နဲ့ မျက်ရည်ကျနေသည့်မြင်ကွင်းမျိုး။ ရုံ့အ
တစ်ခါ ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ရုံရင်ထဲ လှိုက်ခနဲတုန်အောင် ခံစားသွားခဲ့ရသည်။ သူ ရုံ့ကို တကယ်ချစ်နေတာပါလား။

"ဒီကိစ္စက ရုံကိုယ်တိုင် ကျေကျေနပ်နပ် လက်ခံထားတဲ့ အခြေအနေတစ်ခုပါ"

မြဝါးရုံထံမှ တည်ငြိမ်အေးစက်သော တုန့်ပြန်စကားကြောင့် နေတံခွန် အတော်လေး တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

"ဟင် ဒါ ဒါဆို ဒီကိုယ်ဝန်ရဲ့ပိုင်ရှင်ဟာ ဘယ်သူလဲ"

"ကျွတ် ဘာလို့ ဒါကို သိချင်နေရတာလဲ"

နေတံခွန် ပေါက်ကွဲစွာဖြင့် ဖုန်းခနဲ ထရပ်လိုက်ပြီး မြဝါးရုံအား နာကျင်စွာ စူးစိုက်ကြည့်လိုက်ပြီး

"ငါ မသိချင်လို့ရမလား မြဝါးရုံ၊ မင်းမှာကိုယ်ဝန်ရှိနေပြီး ငါတို့အိမ်ပေါ်ကို ရောက်နေတဲ့ကိစ္စက ငါတို့မိသားစုလေးထဲက ယောကျ်ားတွေနဲ့ပတ်သက်နေတယ်၊ ဒါကို မင်းစဉ်းစားမိရဲ့လား။ မင်း ဒီအိမ်ရောက်နေတာ ငါ့မာမီရဲ့စနက်လည်း ပါတယ်ဆိုတာ ငါသိနေတယ်၊ ကဲ ပြောစမ်း။ ဒီဗိုက်က ဘယ်သူ့ဗိုက်လဲ၊ ငါ့ဗိုက်မဟုတ်ရင် ငါ့အဖေနဲ့ပတ်သက်လို့ရတဲ့ဗိုက်လား။ အမှန်အတိုင်းဖြေစမ်း။ မင်း ငါ့ကိုလိမ်ဖို့မကြိုးစားနဲ့တော့၊ အဲဒီလို လိမ်ခဲ့မယ်ဆိုရင် ငါ မာမ့ီကို ပြဿနာသွားရှာမယ်၊ ဒီပြဿနာရဲ့တရားခံကို ရအောင်မေးမယ်"





နေတံခွန် မြဝါးရုံ၏ပခုံးကို ခပ်ကြမ်းကြမ်း ဆွဲကိုင်လှုပ်ရင်း အသံကြီး လေသံဖြင့် မေး၏။ မြဝါးရုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"ရှင် ရှင် အဲဒီလို တဖွတ်ဖွတ်မလုပ်ပါနဲ့ ရှင့်အတွက်က ဒီပြဿနာကို ဖော်ထုတ်လိုက်လို့ ဘာမှဖြစ်မသွားပေမယ့် ရုံ့အတွက်ကတော့ နာမ်းကို အရေးကြီးတယ်၊ ဘဝနဲ့ရင်းပြီးတော့ကို အရေးကြီးတယ် နေတံခွန်"

"ဒါဆို မင်း ငါ့ကိုပြောပြလေ၊ အဲဒီလိုဆိုရင် မင်းရဲ့ကာရိုက်တာ မင်းကိုယ့်ကြည့်ပေးမယ်၊ ငါ ဝိုင်းဝန်းဖြေရှင်းပေးလို့ရရင် ဖြေရှင်းပေးမယ် ငါ မသိရဘူးဆိုရင်တော့ ဒီကိစ္စကို မာမ့ီဆီက သိရအောင် ကြိုးစားမယ်"

မြဝါးရုံ မျက်ရည်ကြည်တို့ တွင်တွင်စီးကျကာ တသိမ့်သိမ့် ငိုလိုက်သည်။

"ရုံကိုယုံပါ နေတံခွန်၊ ရုံဟာ ကာရိုက်တာပျက်ပြားတဲ့မိန်းမ တစ်ယောက် မဟုတ်ပါဘူး၊ ဘဝကပေးတဲ့ ကြမ်းတမ်းတဲ့လောကခံကို ခံစားနိုင်လို့ ဘဝနဲ့ရင်းပြီး စွန့်စားခဲ့ရပေမယ့် ရုံ့ကိုယ်ကျိုးတစ်ခုတည်း အတွက် မဟုတ်ပါဘူး၊ မိသားစုအတွက်ပါ၊ ဆင်းရဲနွံ့ချာလွန်းတဲ့ဘဝထဲက ထွက်နိုင်မယ့် အခွင့်အရေးတစ်ခုကို ဘဝနဲ့လဲလှယ်ပြီး ယူခဲ့ရတဲ့သူပါ"

"ဒါဆို ဒီကိုယ်ဝန်က ဘယ်သူနဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဟင့်အင်း အဲဒါကို ရုံ မသိဘူး၊ ရုံ့ကို ဒီလိုအလုပ်မျိုး ခိုင်းတဲ့သူကို ရုံသိလည်းမသိဘူး၊ မြင်လည်းမမြင်ဖူးဘူး၊ ဒီကိုယ်ဝန်ကလည်း ယောက်ျားတစ်ယောက်နဲ့ ငြိစွန်းပြီး ရခဲ့တဲ့ကိုယ်ဝန် မဟုတ်ပါဘူး''

''ဘာ အဲဒီလို မငြိစွန်းဘဲနဲ့ မင်းဗိုက်ထဲက ဒီကလေးက ဘယ်လိုရောက်နေသလဲ၊ မှော်အတတ်နဲ့သွင်းထားတာလား''

နေတံခွန် အသည်းယားလွန်းသဖြင့် ခပ်ရွဲ့ရွဲ့မေးလိုက်သည်။

ရုံ ငိုသံနှောသောအသံဖြင့်

''ဒီ ဒီကိုယ်ဝန်က အငှားကိုယ်ဝန်ပါ နေတံခွန်''

''ဘာ''

■ ■ ■



## အခန်း (၂၉)

မာမီရက်စက်တယ်။ ကိုယ့်လောဘရမ္မက်တစ်ခုအတွက်ကြောင့် သူများသားပျိုသမီးပျိုကို ခုလို လုပ်ရပ်မျိုး လုပ်ခိုင်းရက်တယ်။ မာမီ့မှာ မိခင်စိတ်ဆိုတာရော ရှိသေးရဲ့လား။

မာမီရက်စက်စွာ ခိုင်းခဲ့တဲ့ မိန်းကလေးဟာ သားဘဝမှာ အလေးအနက်ထားပြီး ချစ်ရတဲ့ မိန်းကလေးဖြစ်နေတယ်ဆိုတာကို မာမီ လုံးဝ ထင်မထားမိဘူးမဟုတ်လား။

လောကကြီးက မာမီ့ကို ကိုယ့်အတတ်နဲ့ကိုယ်စူးစေတော့မယ် မာမီ။ သားကတော့ မြဝါးရဲ့ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ လုံးဝကို နောက်ဆုတ်မှာ မဟုတ်ဘူး။

သားတွယ်တာမက်မောခဲ့ရတဲ့ မြဝါးရုံဟာ အငှားကိုယ်ဝန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရုံမကလို့ အိမ်ထောင်တွေ အကြိမ်ကြိမ်ကျနေတဲ့ မိန်းမတစ်ယောက် ဖြစ်စေဦးတော့ သူ့အပေါ်မှာ ချစ်တဲ့ သားရဲ့အချစ်တွေဟာ မြူတစ်မှုန် စာတောင် လျော့ပါးသွားမှာမဟုတ်ဘူး။

ရင်ထဲက အခိုင်မာအပြတ်သားဆုံး ဆုံးဖြတ်ချက်တစ်ခုကို မာမီ ရှေ့မှာ ဖွင့်ဟဝန်ခံချင်ပေမယ့် ချစ်သူအတွက် အချိန်ကာလတစ် လိုအပ် နေသေးသည်။ ထို့ကြောင့် နေတံခွန် မာမီ့လုပ်ရပ်ကို တမင်ပင် မသိချင်ဟန်ဆောင်၍ နေရဦးမည်။

မြဝါးရုံ မမွေးဖွားမီ ကြားအချိန်ကာလတစ်ခုသည် နေတံခွန် အတွက် လုံလောက်သော ကြိုတင်ပြင်ဆင်မှုတွေကိုလည်း လုပ်နိုင်လိမ့် မည်ဟု ယုံကြည်သည်။

"ကိုနေ အန်တီကြီးခေါ်နေတယ်"

"ဘာကိစ္စလဲ"

အခန်းဝမှာ ရပ်၍ လာခေါ်သော ကိုတိုးကို နေတံခွန် ဘုတော လိုက်သည်။

"အဲဒါတော့မသိဘူး၊ ခေါ်ခဲ့ဆိုလို့ လာခေါ်တာ၊ ကျွန်တော် အထင်တော့ အန်တီကြီး သူရွေးထားတဲ့ ချွေးမလောင်းနဲ့ မိတ်ဆက်ပေး မလို့ထင်တယ်၊ ပုံစံကတော့ အလန်းစားထဲကပဲ"

ကိုတိုး မသိဘူးသာဆိုတယ် သူပြောပြသွားတာတွေက လိုတော





ထက်ပင် ပို၍အကြောင်းအရာစုံနေသေးသည်။

"ဒါနဲ့ မင်း မသိဘူးဆို"

"ဟုတ်တယ်လေ အန်တီကြီးက ဘာကြောင့် ခေါ်ခိုင်းတယ်ဆို တာ ကျွန်တော် တကယ်မသိတာ၊ ခုဟာက ကျွန်တော့်ထင်ကြေးနဲ့မှန်း ပြီးပြောတာ အဟဲ ဒါပေမဲ့ ကျွန်တော်ပြောရင် လွဲခဲတယ်နော် ကိုနေ"

ပြောင်ချော်ချော် ပြောနေသော ကိုတိုးကိုကြည့်ပြီး နေတံခွန် မကျေမနပ်ကြည့်လိုက်သည်။ ကိုတိုး မျက်နှာပိုးသပ်ကာ အခန်းရှေ့မှ ခပ်သုတ်သုတ်ထွက်သွား၏။

နေတံခွန် အခန်းထဲမှ ထွက်ကာ ဧည့်ခန်းရှိရာသို့ စိတ်မပါစွာ ဖြင့် ဆင်းလာလိုက်သည်။

ကိုတိုးပြောတာ မှန်ပါသည်၊ မျက်နှာမှာ ဖြူနီပြာဝါ ကာလာ အစုံတင်ထားသည့် ခပ်လန်းလန်း ကောင်မလေးတစ်ယောက်နှင့် သူမ အမေဟုထင်ရသော ခပ်ဝဝ မိန်းမကြီးတစ်ယောက်။ မျက်နှာတွေက ပြားချည်နှင့်မျက်နှာသစ်လာသလားဟု ထင်ရလောက်အောင်ကို ချိုလွန်း နေသည်။

"ဟော သားနေ လာကွယ်၊ ဒီမှာ မိုးကုတ်က မာမီ့သူငယ်ချင်း လေ၊ သားနဲ့မိတ်ဆက်ပေးချင်လို့ ခေါ်လိုက်တာကွယ်"

နေတံခွန် လူမှုရေးအရ ပြုံးပြနှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် နေတံခွန်ပါ အန်တီ"

"ခေခေ့သားက ဖော်ရွေလိုက်တာကွယ်၊ အန်တီ့နာမည်က ရည်း မှတ်ထားနော် ဒေါ်သူဇာမောင်ပါ၊ ဟောဒီက သမီးလေးကတော့ အန်တီရဲ့တစ်ဦးတည်းသောသမီး အရွယ်တုန်လေးလေ၊ နာမည်က နှင်းပွင့် ဖြူတဲ့"

နာမည်ကသာ အေးချမ်းတဲ့နာမည်လေး ဝတ်စားဆင်ယင်ပုံ နှင့် မိတ်ကပ်လိမ်းခြယ်ထားပုံကမအေးချမ်း။ မျက်နှာမှ မိတ်ကပ်တွေကို ဓားနှင့်ခြစ်ယူထားလျှင်တောင် မိတ်ကပ်တစ်ဘူးစာ ပြန်ရမလားမသိ။

ရွှေဝါရောင် ဆံပင်ခွေခွေတွေကို ကြည့်ရသည့်မှာလည်း သဲကန္တာရထဲရောက်နေသလို ပူလောင်လွန်းလှ၏။

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

မာမီ မိတ်ဆက်ပေးတာတောင် မစောင့်နိုင်တော့ဘဲ သူတို့ကိုယ် သူတို့ မိတ်ပြန်ဆက်နေသဖြင့် နေတံခွန် အလိုက်အထိုက်ပင် ပြန်၍ မိတ်ဆက်လိုက်သည်။

နှင်းပွင့်ဖြူ မပွင့်တပွင့်လေးပြုံးပြပြီး

"ပွင့်ကလည်း တွေ့ရတာ ဝမ်းသာပါတယ် ကိုကို၊ အန်တီခေကလေ ပွင့်တို့ကို သားကအရမ်းချောတယ်လို့ပြောတုန်းက ပွင့် ကိုကိုကို ဒီလောက်ချောပြီး ယောကျ်ားပီသတဲ့ရုပ်ရည်ရှိမှန်း တွေးမထားမိဘူး၊ အခုတော့ အန်တီခေ ပြောတာ လိုတောင်လိုနေသေးတယ် သိလား ကိုကို"

ခုမှ စတွေ့ဖူးသော သူစိမ်းယောကျ်ားတစ်ယောက်ကို ချောကြောင်းခန့်ကြောင်း ချီးမွမ်းနေသော နှင်းပွင့်ဖြူ၏ရဲတင်းမှုကြောင့် နေတံခွန် စိတ်ထဲမှ အပြတ်ရှုတ်ချမိသည်။

မိန်းမတစ်ယောက်၏တန်ဖိုးကို သူတို့ပြောဟန်ဆိုဟန်နှင့် တည်ကြည်သိမ်မွေ့မှုအပေါ်မှာ မူတည်ပြီး အကဲခတ်၍ရသည်ဟု နေတံခွန် သိထားသည်။

ထိုနည်းတူစွာ နှင်းပွင့်ဖြူ၏တန်ဖိုးသည်လည်း သူမပြောဟန်ဆိုဟန်နှင့် ရဲတင်းသောအကြည့် အပြောတွေကို စောင့်ကြည့်အကဲခတ်ပြီး တစ်ထိုင်တည်း တန်ဖိုးဖြတ်လိုက်သည်။

"အမလေး သမီးရယ်၊ အန်တီခေ သားလေးကလေ ရုပ်ပါချောတာမဟုတ်ဘူး၊ သဘောကလည်း အရမ်းကောင်းတာ သမီးရဲ့"

"ဟုတ်လား ကိုကို၊ ဒါဆိုရင်တော့ သဘောကောင်းတဲ့ ကိုကိုကို ရန်ကုန်မြို့ထဲ လျှောက်လည်ဖို့ အပူကပ်ရတော့မှာပေါ့"

"အို ဒါများ အပူကပ်စရာလားကွယ်၊ သမီးလျှောက်လည်ချင်တဲ့နေရာကို သမီးကိုကို လိုက်ပို့ပေးလိုက်မယ် စိတ်ချ သိလား"

ကာယကံရှင်၏ခွင့်ပြုချက်ကို မတောင်းခံဘဲ ကိုယ့်သဘောနှင့်ကိုယ် အပိုင်ပြောနေသော မာမီ့ကြောင့် နေတံခွန် စိတ်ရှုပ်သွား၏။






www.burmeseclassic.com

www.burmeseclassic.com



သို့သော် ညွှသည်ရှေ့မှာမို့ ဘာမျှလည်း စောဒက မတက်ချင်။ ထို့
ကြောင့် အားနာပါးနာနှင့်ပင် ခေါင်းညိတ်လိုက်ရသည်။

"ရပါတယ် နှင်းပွင့်ဖြူ သွားချင်တဲ့နေရာကို လိုက်ပို့ဖို့အတွက်
အချိန်နှစ်နာရီလောက်တော့ ရပါတယ်"

"သားရယ် ဒီနေ့ပဲ လိုက်ပို့လိုက်ပါလား"

"ဒီနေ့တော့ သား မအားဘူး မာမီ၊ လုပ်ငန်းအတွက် ရုံးက
ဦးစီးမှူးနဲ့သွားတွေ့စရာရှိတယ်၊ ပြီးရင် ခရီးသွားကားတွေကို သွားစစ်
ဦးမယ်"

တမင်ပင် အလုပ်ကိစ္စကို အကြောင်းပြလိုက်သည်။ နှင်းပွင့်ဖြူ
မျက်နှာပေါ်မှာ အလိုမကျသော အရိပ်ကလေး ဖြတ်ပြေးသွားသည်ကို
သတိထားမိလိုက်၏။

သို့သော် ဒီလောက်လေးကို အာရုံထဲ မထည့်နိုင်။ စိတ်ထဲ၌
မကလို့ ခုချက်ချင်း ဘုန်းခနဲပဲ လဲသေသွားပါစေ နေတံခွန် မမှု။

နေတံခွန် အလေးအနက်ထားရမည့် မိန်းကလေးက လောကမှာ
တစ်ဦးတည်းပဲ ရှိရမည်။

ထိုမိန်းကလေးဟာလည်း မြဝါးရုံကလွဲပြီး ဘယ်သူမှမဖြစ်နိုင်။

■ ■ ■



## အခန်း (၃၀)

"မြဝါးရုံ ထမင်းစားတော့မလား။ မလုံးစီ ပြင်ထားလိုက်တော့
မယ်လေ၊ မိခင်လောင်း ဂါဝန်လေးဖြင့် တစ်မျိုးလေး ကြည့်၍ကောင်းနေ
သည့် မြဝါးရုံသည် သူမ၏တစ်နေ့တာ အချိန်တွေကို အတွေးတို့ဖြင့်
ကုန်ဆုံးစေတုန်း မလုံးစီအသံကြောင့် အတွေးစကို ဖြတ်တောက်ပြီး
ခေါင်းကို ခပ်လေးလေးညိတ်ပြလိုက်သည်။

ဘာမှစားချင်စိတ်မရှိပေမယ့် ဗိုက်ထဲက ကလေး အာဟာရ
ပြည့်ဖို့အတွက် မစားချင်လည်း စားရဦးမှာပင်။ မြဝါးရုံ၏တစ်နေ့တာ
လှုပ်ရှားမှုများသည် ကိုယ့်စိတ်နှင့်ကိုယ် တစ်ထပ်တည်းမကျဘဲ စက်ရုပ်
တစ်ရုပ်လို အဝေးထိန်းခလုပ်နှင့် အနိုင်းခံနေရသော အခြေအနေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မလှူးသာ မလွန့်သာ နေနေရသည်။

ဆယ်လဆိုသော အချိန်သည် တခြားသူတွေအတွက်တော့ ကုန်လွယ်လွန်းပေမယ့် မြဝါးရုံအတွက်တော့ အင်မတန် ကုန်ခဲလှသော အချိန်တွေပင်။

ထမင်းစားရန် ထမင်းစားခန်းထဲ ဝင်လိုက်သည်နှင့် ဟင်းနံ့တွေက ကြိုင်လှိုင်နေသည်။ မြဝါးရုံအတွက်တော့ အလိုလိုနေရင်း ရင်တွေပြည့်လာကာ အော်ဂလီတွေဆန်လွန်းနေသည်။

"မလုံးစီ ရုံ ဒီဟင်းတွေနဲ့ မစားချင်ဘူး။ ရုံ့ကိုလေ လက်ဖက်သုပ်ကလေး တစ်ပွဲလောက် လုပ်ပေးပါလား"

ရုံ တောင်းဆိုမှုကို မလုံးစီ ပျာပျာသလဲဖြင့် ငြင်းသည်။

"အို မဟုတ်တာ ရုံရယ်၊ မမလေး မြတ်ကေသီက ဒီဟင်းတွေကလွဲပြီး တခြား ဘာနဲ့မှ စားလို့မရဘူးလို့ အမိန့်ထုတ်ထားတယ်လေ။ တော်ကြာနေ ရုံ စားပြီးတစ်ခုခုဖြစ်ရင် မလုံးစီတို့ပါ ပြဿနာတက်မှာ"

"ရုံ ဒီဟင်းတွေစားရင် အန်ချင်လွန်းလို့ပါ မလုံးစီရယ်"

"ရုံရယ် မလုံးစီ ေဟာင်းပန်ပါတယ်၊ ဒီဟင်းလေးတွေနဲ့ပဲ စားလိုက်ပါနော်၊ မလုံးစီကလေ ရုံကလေး စားကောင်းအောင် ပုစွန်ထုပ်ကို အရသာရှိရှိလေး ချက်ပေးထားတယ်၊ ဟောဒီမှာ ကြက်မွကြော်လေးနဲ့ပဲ ဟင်းချိုလေးနဲ့ ဘယ်လောက်စားကောင်းလိုက်မလဲ၊ ဟောဒီ ဟင်း





လေးက ဆိတ်သားကြော်ချက်ကလေး၊ ဒါက ငါးရံ့ခြောက်ဆီစိမ်၊ ဒါတောင် ငါးရံ့ခြောက်က မလုံးစီတို့စားဖို့ဆိုပြီး ပို့ထားတာ၊ ရုံလေးကို ပေးမစားနိုင်ဘူး။ ငါးခြောက်ကို ယမ်းစိမ်းတွေနဲ့စိမ်လို့ မစားသင့်ဘူးတဲ့"

မလုံးစီ စိတ်ရှည်လက်ရှည်ရှင်းပြနေပေမယ့် မြဝါးရုံ စိတ်မဝင်စား။ သို့သော် ကိုယ့်ကြောင့် သူတို့ကိုပါ အခက်မတွေ့စေချင်၍ မစားချင်ပေမယ့်လည်း ကြိတ်မှိတ်မျိုသိပ်ပြီး စားရမှာပင်။

"ကဲပါလေ အဲဒီလောက်ထိ လေကုန်ခံမနေကြပါနဲ့တော့ ရုံ စားပါတော့မယ်"

ရုံဘက်မှ အလျှော့ပေးလိုက်သဖြင့် မလုံးစီ ကျေကျေနပ်နပ်လေး ပြုံးလိုက်ပြီး ရုံရှေ့မှာ မှောက်ထားသော ကြွေပန်းကန်ပြားထဲသို့ ထမင်းတွေထည့်ပေးလိုက်သည်။

ရုံ တို့ဆိတ်တို့ကနန်း စားလိုက်၏။ အစိကက ဗိုက်ပြည့်ဖို့ပဲ မဟုတ်လား။

ရုံ စားလို့မှမပြီးသေး မသီတာ အားဆေးဘူးနှင့် ရေပုလင်း ယူပြီး အနားမှာ အဆင်သင့်လာချပေး၏။

"ရုံလေး ငှက်ပျောသီးစားရဦးမယ်နော်၊ ဒါမှ ကလေးက ထွားကြိုင်းပြီး ကျန်းကျန်းမာမာနဲ့မွေးနိုင်မှာ"

မသီတာကလည်း မြတ်ကေသီ၏ညွှန်ကြားချက်ဖြင့် ဘေးနားနေ



www.burmeseclassic.com

www.burmeseclassic.com



လူမမာတစ်ယောက်လို စောင့်ရှောက်၏။

"ရှံ စားပြီးရင် ခြံထဲမှာ နာရီဝက်လမ်းလျှောက်ရမယ်နော်၊ ညနေ ဆရာဝန်လာရင် ရှံ့ဗိုက်ကလေး ချောင်နေမှဖြစ်မှာ"

"ရှံ အားလုံးသိပါတယ် မသီတာရယ် စိတ်ချ၊ ရှံ စားပြီးတာနဲ့ ခြံထဲလမ်းဆင်းလျှောက်မှာ၊ ရှံ့ကိစ္စ ရှံ သိပါတယ်"

မသီတာ ဘာမှဆက်မပြောတော့ဘဲ ရှံ့ပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေး၏။ ရှံ အားတင်းပြီး စားလိုက်သည်။

ထမင်းစားပြီးတော့ ရွှေငှက်ပျောသီးတစ်လုံးကို မစားချင်စားချင်နှင့် အတင်းကို မျိုချလိုက်၏။

"ကဲ ရှံတစ်ယောက်တည်း ခြံထဲဆင်းမယ်၊ တစ်ယောက်မှ လိုက်မလာကြနဲ့"

ရှံ ဘုဆတ်ဆတ်ပြောပြီး ထမင်းဝိုင်းမှ ခပ်လေးလေး ထကာ ခြံထဲသို့ ဆင်းလာလိုက်သည်။

ညနေခင်း နေခြည်နွေးနွေးက ရှံ ထိုင်နေကြ၊ ခရေပင်အောက်က ခုံတန်းလေးပေါ်သို့ ဖြာဆင်းကျနေသည်။ ရှံ အနွေးဓာတ်လေးရစေရန် ထိုခုံတန်းမှာပင် ဝင်ထိုင်လိုက်သည်။

ခုချိန်မှာ ရှံ စိတ်ထဲ တမ်းတနေမိတာက အမေနှင့်ညီမလေးရယ် ပြီးတော့ ရှံ သိပ်ကိုချစ်မိသွားတဲ့ နေတံခွန်ရယ်ပေါ့။





အတွေးနှင့်အတူ နေတံခွန် လာနိုင်မည့်လမ်းကို လှမ်းမျှော်ကြည့်လိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ရုံ အိပ်ခါနီးကျမှ ဖုန်းမြည်လာသဖြင့် ခုတင်ထက်မှ လေးယံသော လှုပ်ရှားမှုဖြင့်ထကာ ဖုန်းရှိရာသို့ ထွက်လာခဲ့လိုက်သည်။

မလုံးစီနှင့်မသီတာကတော့ ထိုဖုန်းမြည်သံကိုပင် မကြားနိုင်ရလောက်အောင်ကို အိပ်မောကျနေကြလောက်ပြီ။

ရုံ ဖုန်းခွက်ကလေးကို ကောက်ကိုင်ပြီး အသံခပ်တိုးတိုး ပြောလိုက်သည်။

"ဟဲလို"

"ရုံလား"

တစ်ဖက်ဖုန်းထဲမှ သဲ့ဩသံပါသော အသံရှင်ကြောင့် ရုံ ရင်တွေ ဖျက်ခနဲ လှုပ်ခါသွားသည်။





"နေတံခွန်"

"ဟုတ်တယ် ဒီအချိန်ကြီး ဖုန်းဆက်မိလို့ ကိုယ့်ကိုအပြစ်မတင်နဲ့နော်၊ ဒီအချိန်ကျမှ ရုံ့အနားမှာ ဟိုမိန်းမနှစ်ယောက် မရှိမှာလေ"

သူ့အကြောင်းပြချက်က နိုင်လုံနေသဖြင့် ရုံ ပြုံးလိုက်သည်။ ရုံ့အပြုံးကို သူတော့ တွေ့နိုင်မည်မဟုတ်။

"ဘာကိစ္စရှိလို့ ဖုန်းဆက်လိုက်တာလဲ နေတံခွန်"

"အရမ်းကိုလွမ်းလို့ပေါ့၊ ကိုယ့်ချစ်သူရှိနေဟဲ့နေရာကို သိနေရဲ့သားနဲ့ အမြဲလာမတွေ့နိုင်တာ ဘယ်လောက် ရင်နာစရာကောင်းလိုက်လဲ"

"ဘာ ကိုယ့်ချစ်သူလဲ၊ ရှင်နဲ့ရုံနဲ့ ဘာမှမပတ်သက်ဘူးလေ"

"ခုချိန်မှာ ဒါတွေပြောနေလို့ တရားမဝင်တော့ဘူး ရုံ၊ ကိုယ်ကတော့ ရုံကို ကိုယ့်ချစ်သူလေးအဖြစ် နှလုံးသား၄ ၁ ထာဝရ ကမ္ဗည်းတင်လိုက်ပြီးသား၊ အခု ကိုယ် ရုံ့အနားမှာ ရောက်နေတယ်"

"ဟင် ရုံ့အနားမှာ ဟုတ်လား"

ရုံ မျက်ဝန်းအဝိုင်းသားလေးနှင့် အိမ်ကြီးထဲကို မျက်လုံးဝေ့ပြီး ရှာလိုက်သည်။

"ဟုတ်တယ် မယုံရင် ရုံ ပြတင်းပေါက်နားကို ထွက်ကြည့်လိုက်၊ ဒီခြံကြီးရှေ့မှာ ကိုယ်ရောက်နေတယ်"

ရုံ အံ့ဩလွန်းသော ခြေလှမ်းတွေဖြင့် ပြတင်းပေါက်ခါးနားသို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းသွက်သွက် လှမ်းခဲ့လိုက်သည်။ ပိတ်ထားသော မှန်တံခါးကိုဖွင့်နေသော ရှုံ့လက်အစုံသည် ရင်ခုန်စိတ်လှုပ်ရှားခြင်းတွေဖြင့် တုန်ယင်နေသည်။

မှန်တံခါးချပ်ဖွင့်လိုက်သည်နှင့် ညည်ုလေပြည်က မြဝါးရှုံ၏ မျက်နှာပြင်ကို လာရောက်တိုးဝှေ့၏။

''ရှင် ပြန်တော့လေ၊ အရမ်းမိုးချုပ်နေပြီ''

ရှုံ့ ဖုန်းခွက်ကိုင်ကာ ပြတင်းပေါက်မှာရပ်၍ ဖုန်းလှမ်းပြောလိုက်သည်။

''ကိုယ် ရှုံ့ဆီကိုလာတာ ပြန်ဖို့မှမဟုတ်တာ၊ ရှုံနဲ့စကားတွေအများကြီးပြောပြီး ရှုံဘေးမှာ အဖော်လုပ်မယ်''

''အို မဖြစ်နိုင်တာ၊ ရှင် ရူးနေလား နေတံခွန်''

''ကိုယ် မရူးပါဘူး။ တကယ်လို့ မင်းကိုချစ်နေရလို့ ရူးသွားမယ်ဆိုရင်လည်း အဲဒီအရူးဘဝကို ကျေကျေနပ်နပ်ကို ခံယူလိုက်မယ်''

''ကျွတ် ရှင် တော်တော်ပြောရခက်တဲ့လူပါလား နေတံခွန်ရယ်''

''ပြောရခက်တဲ့လူလို့ မပြောနဲ့၊ ချစ်တတ်လိုက်တဲ့လူလို့ပြော၊ ကဲပါ ခြံသော့ယူပြီး တံခါးလာဖွင့်၊ ရှုံ့ မဖွင့်ပေးဘူးဆိုရင် ကိုယ် ခြံထဲက ကျော်ပြီး ရှုံ့အခန်းထဲကို ရအောင်ဝင်လာမှာနော်''

''ဟာ အဲဒီလို မလုပ်နဲ့''





''ဒါဆို လာဖွင့်ပေး''

ရှုံ့ မတတ်သာသည့်အဆုံး ဖုန်းကိုချပြီး အခန်းထဲမှ ခြေသံဖွဖွနင်း၍ ထွက်လာခဲ့လိုက်၏။ ရှုံ့တစ်ကိုယ်လုံး စိုးရိမ်စိတ်ကြောင့် ချွေးပင်အနည်းငယ်စို့ချင်လာသည်။

နေတံခွန့်ကို အိမ်ထဲဝင်ဖို့အတွက် ရှုံ့ လက်ခံမှုသည် သင့်၏ မသင့်၏ဆိုတာကို ရှုံ့ မတွေးချင်တော့။

ရှုံ့အနားမှာ သူရှိနေရင် ရှုံ့အတွက် အင်အားတစ်ခုအဖြစ် စိတ်ဓာတ်တွေ ခိုင်မာလာသလို ခံစားရ၏။

သေချာပါပြီ ရှုံ့လည်း သူ့ကိုအရမ်းချစ်မိနေပြီဆိုတာကိုလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကိုယ့်ဘဝကို ကိုယ်ရွံရှာစက်ဆုတ်ပြီး စိတ်ကုန်နေတဲ့ ရုံလို မိန်းမတစ်ယောက်ကို ချစ်တဲ့ယောကျ်ားတစ်ယောက် ရှိပါသေးလားလို့ တွေးမိတိုင်း ရုံ့စိတ်ထဲမှာ နေအစင်းပေါင်းများစွာ သာနေသလို ဘဝတစ်ခုလုံး လင်းထိန်သွားတယ် သိလား နေ"

"ဒါပေါ့ အဲဒီလို စောစောစီးစီး အမြင်မှန်ရပြီး ချစ်တတ်သွားတဲ့ ရုံကို ကိုယ်ကလည်း ဘယ်တော့မှမလျှော့တဲ့အချစ်မျိုးနဲ့ အမြဲတမ်းချစ်သွားမှာ၊ ကိုယ့်ဘဝမှာ အရေးကြီးဆုံးအရာတွေထက်ပိုပြီး အရေးကြီးတာ ရုံကိုချစ်နေဖို့ပဲ၊ ပြီးတော့ ကိုယ့်ဘေးမှာ ရုံကို အမြဲတမ်းရှိနေစေရမယ်၊ အဲဒါဟာ ကိုယ့်ဘဝရဲ့ပန်းတိုင်ပဲ"





တည်ငြိမ်သော အမူအရာနှင့် အလေးအနက်ပြောနေသော နေတံခွန်၏နှုတ်ထွက်စကားတို့သည် မြဝါးရုံအတွက်တော့ ဘဝကို အကြီးမားဆုံး ပြောင်းလဲပေးနိုင်သော အခိုင်မာဆုံး အင်အားတစ်ရပ်ပဲဖြစ်သည်။

နေတံခွန် ရုံ့လက်ကလေးကို ကြင်နာစွာ ထွေးဆုပ်လိုက်ပြီး

"ကိုယ် ရုံကိုအရမ်းချစ်တယ်၊ ရုံ့ဗိုက်ထဲက ကလေးလေး မွေးပြီးတာနဲ့ ကိုယ်တို့ လက်ထပ်ကြမယ်"

မြဝါးရုံ ရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားသလို တစ်စုံတစ်ရာ၏ တွန်းအားတစ်ရပ်က ထိုဝမ်းသာကြည်နူးခြင်း စိတ်ခံစားမှုတွေကို အပိုင်းပိုင်းပြတ်အောင် ရိုက်ချိုးပစ်ဖို့ တာဆူနေကြပြန်သည်။

"ဟင့်အင်း၊ ရုံ့ဘဝက ဒီလောက်တောင် ကြမ်းတမ်းစုတ်ပြတ်နေတာ နေ့ဘဝနဲ့ ဘယ်လိုထိုက်တန်ပါ့မလဲ၊ ခုချိန်မှာ ရုံ တွေးထားတာ ချစ်သူတွေအဆင့်အထိပဲ၊ လက်ထပ်ဖို့အထိကို လုံးဝမမျှော်လင့်ရဲဘူး။ ဂုဏ်သိက္ခာတွေ ငွေကြေးပြည့်စုံခြင်းတွေနဲ့ လိုတရပြီး ပြည့်စုံနေတဲ့ နေ့ဘဝကို ရုံကြောင့် အမှောင်မဖုံးစေချင်ဘူး၊ ပျော်စရာကောင်းတဲ့ နေ့ဘဝကို ရုံကြောင့် အပျက်အစီးမခံပါနဲ့"

ရုံ ထိုစကားပြောဖို့အတွက် ရင်ထဲမှာ တဆစ်ဆစ် နာကျင်စူးရှ[illegible]ပါသည်။ သို့သော် ရုံ တစ်ကိုယ်ကောင်းမဆန်ချင်ဘူး။ ရုံတို့နှစ်ယောက်က မတူတဲ့[illegible]ကမ္ဘာနှစ်ခုမှာ နေကြသလို ဘဝရှင်သန်ပုံတွေက [illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ကွာဟလွန်းနေသည် မဟုတ်လား။

"ရုံရယ် ဂုဏ်သိက္ခာရှိ ငွေရေးကြေးရေး ပြီးပြည့်စုံတာနဲ့ ဘဝမှာ နေပျော်စရာလား၊ ကိုယ်ကတော့ အဲဒီအရာတွေကို ဘာတစ်ခုမှ မမက်မောဘူး။ ကိုယ် အမက်မောဆုံးအရာက ရုံဆီက အချစ်နဲ့သတ္တိခွန်အားတွေပဲ၊ ကိုယ်နဲ့ရုံ့ဘဝ ပေါင်းစပ်ဖို့အတွက် ရုံ့ဘက်က သတ္တိမွေးပြီး ကိုယ်ကမ်းပေးနေတဲ့လက်ကို ခပ်ရဲရဲ ဆုပ်ကိုင်လိုက်ပါ ရုံရယ်၊ အရာအားလုံးဟာ သူ့အလိုလို နေသားတကျနဲ့ ပြီးပြည့်စုံသွားပါလိမ့်မယ်"

နေတံခွန် ရုံ့ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းဖက်တွယ်လိုက်သည်။ ကြယ်ရောင်ထွန်းပနေသော ညဦးယံသည် ည၏အလင်းရောင်ကြောင့် ရွှန်းစက်တောက်ပလို့နေ၏။

ချစ်သူနှစ်ဦး၏ရင်ခုန်သံတို့သည်လည်း ည၏တိတ်ဆိတ်ခြင်းတို့နှင့်အတူ ရက်သွေးဖြာခဲ့ရသည်။ ရုံတို့ တစ်ယောက်ကိုတစ်ယောက် တင်းကြပ်စွာဖက်တွယ်ပြီး အနမ်းတို့ ပြိုင်တူဖလှယ်ကြသည်။

ရုံ့ စိတ်ရင်းအမှန်ဆိုလျှင် ထိုညလေးကို ကုန်ဆုံးသွားမှာ ကြောက်မိပါသည်။ အဘယ်ကြောင့်ဆိုသော် ယခု ရုံရရှိလိုက်သော ခံစားမှုတို့သည် ဘဝနှင့်မျှ နှိုင်း၍မရလောက်အောင် နက်ရှိုင်းလေးနက်သော ချစ်ခြင်းတရားများသာ ဖြစ်သည်။

"နေ မနက်မိုးလင်းတော့မယ် ပြန်တော့လေ"





ရုံ ရင်ခွင်ထဲမှာ မှိတ်တွယ်အိပ်စက်နေသော ချစ်သူကို ခပ်တိုးတိုး လှုပ်နှိုးလိုက်သည်။

"အင်း နေပါဦးကွာ၊ ရုံ့ရင်ဘတ်ကလေးနဲ့ထိပြီး အိပ်ရတာ အရမ်းဖိမ်ရှိလို့ပါကွာ"

"ဖိမ်ခံနေလို့မရဘူး။ တော်ကြာ မလုံးစိတ်တို့ မသိတာတို့ နိုးသွားရင် အားလုံးသိကုန်မှာ၊ အဲဒီကျမှ ကွိုင်အကြီးကြီးတက်မှာ၊ နေရယ် ထပါနော် နေက လိမ္မာပါတယ်"

နေတံခွန် မထချင်ထချင်နှင့် ထလိုက်ပြီး

"ညကျရင်လည်း ကိုယ်လာခဲ့မှာနော် ရုံ"

"အင်းပါ ကို မလာရင်လည်း ရုံက မျှော်နေမှာပါ"

ရုံကိုယ်တိုင် ချစ်သူကိုလာဖို့ လိုလိုချင်ချင် ဖိတ်ခေါ်တော့ နေတံခွန် အတော်လေး စိတ်ကျေနပ်မှုရသွားကာ ကားသော့ကိုယူပြီး အခန်းထဲမှ ထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ညကျရင် ရုံ ခြံတံခါးဖွင့်မထားနဲ့တော့၊ ကိုယ့်သော့နဲ့ကိုယ် ဖွင့်ပြီး ဝင်လာခဲ့မယ် သိလား ရုံ"

နေတံခွန် ရုံ့ပါးလေးကို ခပ်ဖွဖွနမ်းပြီး အခန်းထဲမှ ထွက်သွား၏။ ရုံ ပြတင်းပေါက်မှရပ်၍ ခြံထဲရောက်သွားသော ချစ်သူကို မငြီးနိုင် မခွာရက် ငေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးသွားခဲ့သော ညအချိန်တွေကို ရှုံ ပြန်လည်တမ်းတ မက်မောရှုံနေပါ၏။

■ ■ ■



အခန်း (၃၃)

"သားနေ မင်းခုတလော အိမ်မှာပြန်မအိပ်ဘူး၊ ဘယ်မှာ သွားအိပ်နေလဲ"

"ဘော်ဒါတစ်ယောက် နိုင်ငံခြားက ပြန်လာလို့ သူနဲ့အဖော် သွားအိပ်ပေးနေတာ မာမီ၊ သူလည်း ခရီးသွားပို့ဆောင်ရေးလုပ်ငန်း တစ်ခု ထောင်ချင်တယ်ဆိုလို့ သူ့ကိုလည်း ကူညီရင်းနဲ့ပေါ့"

နေတံခွန် မာမီယုံလောက်သော အကြောင်းအရာတစ်ခုကို အကြောင်းပြလိုက်သည်။

"အိပ် အိပ်ပါဦး သားနေရယ်၊ ဒါပေမဲ့ အိမ်မှာက မာမီတစ် ယောက်ပဲရှိတာ၊ အစ်မလုပ်တဲ့သူက မပေါ့မပါးနဲ့၊ အိမ်မှာ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



သားတစ်ယောက်တော့ ရှိသင့်တယ် မဟုတ်လားကွယ်''

နေတံခွန် မချိုမချဉ် ပြုံးလိုက်သည်။

တက်လည်းတတ်နိုင်သည့် မာမီနဲ့မမ ဗိုက်အတ္တကို ဟန်ဆေ...
နေလိုက်ကြတာ။ အမှန်တကယ် ကိုယ်ဝန်ဆောင်ပေးနေရရှာတဲ့ မြ...
ကိုကျတော့ တစ်စက်ကလေးမှကို သွားကြည့်ဖော်မရဘူး။ ဘယ်တော့...
မမွေးတဲ့ဗိုက်ကို သူက ဘာစောင့်ကြည့်စရာလိုလဲ။ တကယ်တမ်းမွေး...
ဖွားရမယ့် ရုံဘေးမှာသာ သူ ရှိနေသင့်သည် မဟုတ်လား။

''မမက သူ့အိမ်သူနေတာပဲ၊ သားက ဘာတတ်နိုင်မှာမို့...
မာမီရာ''

''ဩော် သားရယ် ဘယ်လောက်ပဲ သူ့အိမ်သူနေလေ တကယ်...
တမ်း အရေးရယ်အကြောင်းရယ်ကျတော့ သားမရှိရင် မာမီ ကားမောင်း...
ရမှာ မာမီက အရင်လို မျက်စိကကောင်းတာမဟုတ်ဘူး''

''အင်းပါ သား ဒီည ဘယ်မှမသွားဘူး၊ အိမ်မှာနေမှာ''

''ဒီနေ့ညနေ သား သွားစရာရှိလည်း ဘယ်မှမသွားရပါဘူး
ဒီနေ့ညနေ သူဇာတို့သားအမိ လာကြမယ်၊ သားနဲ့ပွင့်လေးကို လက်ထပ်...
ပေးဖို့အတွက် မာမီတို့လူကြီးချင်း ပြောထားဆိုထားကြပြီ၊ ဒီညနေ ပွင့်...
လေးနဲ့ လူငယ်ချင်းလွတ်လွတ်လပ်လပ် သွားတွေ့ကြ''

''ဟာ မာမီကလည်း အဓိပ္ပါယ်မှမရှိတာ၊ သူ့ကို စိတ်ဝင်စား...





ဘယ်လို့ မာမီ့ကို ဘယ်နှစ်ခါပြောဖူးလို့လဲ''

''သားအပြောကိုစောင့်နေရင် ဒီတစ်သက် မာမီ မြေးမရတော့...
မှာ မဟုတ်ဘူး။ ဒါကြောင့် မာမီ ဖွတ်အတင်း စီစဉ်ရတာ၊ ဒီတော့
မာမီ လက်နဲ့ရေးတာကို သားက ခြေနဲ့မဖျက်နဲ့''

ဘဝတစ်ခုကို လိုချင်သောပုံစံရအောင် အတင်းပုံသွင်းနေသော
မာမီ့ကို နေတံခွန် စိတ်ပျက်သောအကြည့်ဖြင့်ကြည့်ပြီး ကျွတ်ခနဲ စုတ်
သတ်လိုက်သည်။

''သားမှာ ချစ်သူရှိနေပြီ မာမီ၊ ဒါကြောင့် သားကို မာမီ
မြေးမလိုချင်တိုင်း တွေ့ကရာမိန်းမနဲ့ မပေးစားပါနဲ့၊ သား လက်ခံမှာ
မဟုတ်ဘူး''

နေတံခွန် ချစ်သူရှိနေပြီဟု ပြောလိုက်သည်နှင့် ဒေါ်ခေမီမြတ်
ကျော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

''ဘာ မင်းမှာချစ်သူရှိနေပြီ ဟုတ်လား သား၊ ဘယ်သူလဲ၊
ဘယ်ကလဲ၊ ဘယ်သူ့သမီးလဲ၊ လူချမ်းသာထဲကရော ဟုတ်ရဲ့လား''

သားတစ်ယောက်၏ရင်ထဲက စစ်မှန်သော မေတ္တာတရားကို
သုံးသပ်တဲ့ ဘယ်သူလဲ ဘယ်ကလဲ ဘယ်သူ့သမီးလဲဆိုတာကို အမိက
မေးနေသဖြင့် နေတံခွန် မာမီ့ကို အရွဲ့တိုက်ချင်စိတ်ဖြင့် တမင်ညာပြော...
ဖို့ စကားလုံးရှာလိုက်သည်။



www.burmeseclassic.com

"သူ့မိတ်တွေက အင်္ဂလန်မှာနေတယ်၊ သားနဲ့က ဝင်ဆိုက်
မှာ တွေ့ကြတာ၊ နောက်ငါးလလောက်ကြာရင်တော့ သူ မြန်မာပြည်
လာလိမ့်မယ်၊ အဲဒီကျရင် မာမီ့ကို သူနဲ့မိတ်ဆက်ပေးမယ်"

မိဘတွေ အင်္ဂလန်မှာနေသည်ဆို၍ ဒေါ်ခေမီမြတ်ကျော်၏
မာနနေသော မျက်နှာထား အနည်းငယ်ပြေလျော့သွားသည်။

"အင်္ဂလန်မှာတောင် နေကြတယ်ဆိုတော့ တော်ရုံတ
မျိုးရိုးအဆင့်အတန်းတော့ မဟုတ်လောက်ပါဘူး၊ အင်းလေ တွေ့ကြ
တော့မှပဲ မာမီ့ချွေးမ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို မာမီ ဆုံးဖြတ်မှာ
သူ့ဇာတ်ကို မာမီ ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းတောင် မသိတော့ပါ
အဲ တစ်ခုတော့ရှိတယ်နော်၊ မင်းကောင်မလေးမိသားစုက အင်္ဂလန်မှာ
ပြီး အကြွေးတွေနဲ့တိုင်ပတ်ပြီး ဆင်းရဲနေသေးတယ်ဆိုရင်တောင်
ဘက်က စဉ်းစားမှာမဟုတ်ဘူးနော်"

"ဩော် မာမီကလည်း အင်္ဂလန်မှာ ကားကုမ္ပဏီကြီးတစ်
ပိုင်တဲ့ မိဘပျံနာတွေက အကြွေးတွေနဲ့ တိုင်ပတ်မလား မာမီရာ"

ဒေါ်ခေမီမြတ်ကျော် ရမ္မက်တို့ဖြင့် ထိန်ထိန်ငြီးသွား

"ဟယ် အဲဒီလောက်ဆိုရင်တော့ မာမီ လက်ခံနိုင်တယ်၊
မာမီတို့မိသားစုမှာ နောက်ထပ် စီးပွားရေးလုပ်ငန်းတစ်ခု ထပ်တိုး
ပေါ့"





ရွှန်းရွှန်းဝေနေသော မာမီ့ကိုကြည့်ပြီး နေတံခွန် မိုက်နိုပ်ပြီး
…ာင် အော်ရယ်လိုက်ချင်၏။ ကိုယ့်မာမီ အတော်လေးကို ငွေမက်တာပဲ၊
…လောက် ငွေမက်တဲ့မာမီ့ကို နေတံခွန် ပြန်ပြီးပညာပြရတော့မှာပေါ့။

"အခု သား သွားနေတဲ့ ဘော်ဒါဆိုတာကလည်း သူ့ရဲ့အစ်ကို
…ကြွဲ မြန်မာပြည်မှာ လုပ်ငန်းတစ်ခုကို အခြေတကျ လုပ်ချင်တယ်ဆို
…ဲ့ သူ့မျက်နှာကြောင့် လိုက်ပြီး ကူညီနေတာ၊ ဒါကြောင့် သား ညဘက်
…မအိပ်ဖြစ်လည်း မာမီ နားလည်ပေးပါ မာမီရာ"

"အို ဒါပေါ့ မာမီ နားလည်ပေးရမှာပေါ့ အဟင်း ဟင်း၊
…မ့်သားလေးက မာမီတောင် ရှာပေးစရာမလိုဘူး၊ အိမ်ထောင်ဘက်ကို
…ာတတ်သားပဲ"

ဒေါ်ခေမီမြတ်ကျော် ဟန်မဆောင်နိုင်တော့ဘဲ နေတံခွန့်ကို
…မ်းခန်းဖွင့်နေ၏။

"ဒီညနေ ဟိုသားအမိလာရင် သား မတွေ့တော့ဘူးနော် မာမီ"

"အေး အေး မတွေ့နဲ့တော့ မာမီကြည့်ပြီး ပြောထားလိုက်မယ်၊
…တို့ကို ခုတစ်ခါတည်း ယတိပြတ်ပြတ်လို့တော့ မရဘူးနော်၊ ကြိုးရှည်
…ည်နဲ့တော့ လှန်ထားရမှာပဲ၊ အဟင်း ဟင်း ဘာဖြစ်လို့လဲဆိုတော့
…မိုကို လက်ဆောင်ပေးထားတဲ့ ကျောက်စိမ်းလက်ကောက်တန်ဖိုးက
…ည်း မနည်းဘူးမဟုတ်လား အဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



''ဒါတော့ မာမှီသဘောပဲ''

ဟိုကိုလည်း လက်မလွှတ်ချင်။ ဒီကိုလည်း လက်မလွှတ်ချင်သော မာမှီအဖြစ်က လောဘဇောတိုက်နေသော အပူမီးတွေ ဝိုင်းကြီးပတ်ပတ်လည်နေ၏။ ဘယ်တော့မှ တရားရမှာလည်းမဟုတ်။

■ ■ ■



## အခန်း (၃၄)

''ဟာ ကိုကြီး ပီတိကျောင်းကို လာတယ် ဟုတ်လား''

ကျောင်းဆင်းချိန်မို့ ကျောင်းသားတွေ စုပြုံတိုးဝှေ့နေသော လေးများထဲမှ ပီတိလေးကို ရှာနေရင်းမှ ဘေးတွင်ရောက်နေသော ထိလေးအသံကြောင့် နေတံခွန် ပီတိလေးကို ပြုံးကြည့်လိုက်သည်။

''ဟာ ကိုကြီးက ပီတိကို ရှာနေတာကွ၊ ကျောင်းသားတွေက ရွယ်တူလေးတွေမို့ မနည်းကို ရှာရတယ်''

နေတံခွန် ပီတိလက်ကလေးကိုဆွဲကာ အရိပ်ကောင်းသော စ်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်လာလိုက်သည်။

ကားနှင့်သိပ်မဝေးတာမို့ ကားထဲတွင် ထိုင်နေသော မြဝါးရဲ့ ထိကို ကားထဲကနေ မြင်နေရသည်။ မတွေ့ရတာကြာပြီဖြစ်သော ညီမ သားကို ရင်ထဲမှာရှိသည့်ဆန္ဒအတိုင်း ပြေးပွေ့နမ်းရှုံ့လိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြဝါးရှုံ ဝမ်းနည်းလွန်း၍ ကားထဲကနေ မျက်ရည်ကျမိသည်။ မတွေ့ရသည့် ငါးလအတွင်းမှာ ပီတိလေးအရပ်ကြီးရှည်၍ ကြီးကောင်ဝင်လာသည်။

အရင်လို ရွှင်မြူးတက်ကြွနေ၍ မြဝါးရှုံစိတ်ထဲ တစ်မျိုးတော့ အေးရ၏။ အမေကရော ဘယ်လိုနေနေမလဲ။ ခုချိန် ဘာလုပ်နေမလဲ။ အမေ့ကို တွေ့ချင်စိတ်တွေကလည်း ရင်ထဲမှာ ပြင်းပြမိသည်။

ခုချိန်မှာ ဆန္ဒနှင့်နေထိုင်နေရသော ပုံစံက တစ်ထပ်တည်းမကျ ဖြစ်နေရတော့ အမေ့ကို သွားတွေ့၍လည်း မဖြစ်ပြန်။ ကိုယ်ဝန်ငါးလကျော်မို့ ဗိုက်ကလေးက ဆူထွက်စဖြစ်နေပြီ။ မြဝါး၏ကိုယ်ဝန်ဆောင်သည့်ပုံစံကိုသာ အမေမြင်သွားလျှင် ရှော့ခ်ရပြီး အသက်တောင် ပါသွားနိုင်၏။

ကားတံခါးဖွင့်လိုက်သဖြင့် အပြင်မှ လေပူတို့ ဝှေခနဲ တိုးဝင်လာပြီး နေတံခွန် ကားမောင်းသနေရာမှာ ဝင်ထိုင်လိုက်သည်။

''ပီတိလေးကို တွေ့ရပြီမို့လို့ ရှုံ စိတ်ထဲကျေနပ်သွားပြီ မဟုတ်လား''

မျက်ရည်စက်လက်ဖြစ်နေသော မြဝါးရှုံကိုကြည့်ပြီး နေတံခွန် အပြုံးဖြင့် မေးလိုက်သည်။

''ရှုံဆန္ဒတွေကို ဖြည့်ဆည်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နော်၊ ပီတိလေးက ရှုံကိုရော မေးရဲ့လားဟင်၊ သူနဲ့အမေ ရှုံကို သတိရ





နေတယ်တဲ့လား။ နေ့ကို ဘာတွေပြောလိုက်သေးလဲ၊ ရှုံ့ကိုပြောပြပါ နေရယ်''

ငိုသံခပ်အက်အက်လေးဖြင့် မေးလိုက်သောကြောင့် နေတံခွန် စိတ်မကောင်းသော အကြည့်ဖြင့် ကြည့်လိုက်ပြီး သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်သည်။

''ရှုံရယ် ဒီလမ်းကို သင့်မယ်ထင်လို့ ရှုံကိုယ်တိုင် လျှောက်ခဲ့ပြီးမှ ဘာဖြစ်လို့ နောက်ကိုလှည့်ကြည့်ပြီး ခြေလှမ်းတွေ တွန့်ဆုတ်နေရတာလဲကွာ၊ ခုချိန်မှာ ကိုယ့်အနေနဲ့ တခြားဘယ်လို အကြံဉာဏ်မျိုးမှ မပေးနိုင်ပေမယ့် ရှုံ့စိတ်တွေ ဖြေသိမ့်နိုင်မယ့် နည်းလမ်းတွေလောက်ကို ရှာဖွေပေးနေတာပဲမဟုတ်လား၊ ခုချိန်မှာ ဒီလောက်လေးနဲ့ပဲ ကိုယ့်စိတ်ကို ကိုယ် ဖြေပါရှုံရယ်''

ပါးပြင်မှ စီးကျလာသော မျက်ရည်တို့ကို တယုတယ သုတ်ပေးရင်း နေတံခွန် ဖြေသိမ့်စကားဆို၏။ ကိုယ့်မာမီ မွေးခဲ့သည့်ပြဿနာမို့ ရှုံဘေးမှာ ခုလိုဖြေသိမ့်ပေးတာလောက်တော့ နေတံခွန့်အနေနှင့် မဖြစ်မနေ လုပ်ပေးရမှာပင်။ ရှုံ လွယ်ထားရသော ကလေးလေးကလည်း ကိုယ့်အစ်မရဲ့သွေးသားမို့ ကိုယ်နှင့် တိုက်ရိုက်ပတ်သက်နေရသည့်အဖြစ်။

ခုချိန်မှာ ရှုံနှင့်ပတ်သက်ပြီး နေတံခွန်အပေါ်မှာ ဘယ်လိုဆိုးကျိုးတွေပဲ ကျရောက်လာပါစေ နေတံခွန် ရှေ့က မားမားရပ်ပြီး ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ အသင့်ပါပဲ။

ခုဆိုရင် ရုံသည် ဗိုက်ထဲက သန္ဓေသားလေးကို သူ့သွေးသားနှင့် ဖြစ်တည်သော ရင်သွေးလေးလို ရင်ထဲမှာ ကြည်ကြည်နူးနူးနှင့် ချစ်တတ်နေပြီ။ ဂရုစိုက်တတ်နေပြီ။ သူကိုယ်တိုင်ပင် သူ့ရင်သွေးလေး တစ်ယောက်လို ဂရုစိုက်တတ်ပြီး အနေအထိုင် အစားအသောက်ကအစ ဆင်ခြင်တတ်လာသည်။

ထိုသို့သော မေတ္တာတရားတွေ ပြည့်နှက်နေသော မိခင်စိတ် အပြည့်ရှိသော ရုံကို ချစ်မိတာ နေတံခွန်အတွက် ဘယ်လိုမှ အဖိုးမဖြတ်နိုင်သော ရွှေစင်ရုပ်တုလေးကို ပိုင်ဆိုင်ရသလို ရင်မှာမြတ်နိုးစွာ ကျေနပ်မိ၏။ ဒါ့အပြင် ကိုယ့်ရဲ့တူလေးလား တူမလေးလား အသေအချာ မသိရသေးသော သန္ဓေသားလေးကို လွယ်ပေးထားသော ရုံ့ကို နေတံခွန် ပြောမပြတတ်အောင်ကို ကျေးဇူးတွေတင်နေမိသေးသည်။

■ ■ ■



## အခန်း (၃၅)

"ဒါ ဘာလုပ်တာလဲ"

ရုံ့ရှေ့ကို ချပေးသော ငွေစက္ကူအထပ်လိုက်ကို ကြည့်ပြီး မြဝါးရုံ အလောတကြီး မေးလိုက်သည်။

"ကိုယ့်မာမီကို ပြန်ပေးဖို့လေ"

"ရှင် ဘာဖြစ်လို့လဲ"

"ဒီအလုပ်ကို ရုံ့ဘက်က မေတ္တာနဲ့ကူညီတာမျိုးပဲ ဖြစ်စေချင်လို့ပေါ့၊ ရုံ့ဘက်ကသာ အခကြေးငွေနဲ့ ကိုယ်ဝန်အငှားလွယ်ပေးတယ်ဆိုရင် မာမီက ရုံ့ရင်ထဲက မေတ္တာတရားကို သူ ရှာဖွေတွေ့ရှိမှာမဟုတ်ဘူး"

"သူ သူတို့ လက်မခံရင်ရော"

"လက်မခံရင် ရုံ့ရယ် ကိုယ်ရယ် ဟောဒီ ဗိုက်ထဲက ကလေးလေးရယ် ဟိုးအဝေးကြီးကို ထွက်သွားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှုံ့ရင်ထဲမှာ ဖော်မပြနိုင်သော အံ့ဩမှုတွေက အစုလိုက်အပြုံလိုက် တိုးဝင်လာသည်။ မိန်းမတစ်ယောက်၏မွေးရာပါ ဗီဇထဲမှာ မိခင်စိတ်တစ်မျိုးလည်း ပါနေတာမို့ ရှုံ့ ဗိုက်ထဲက ကလေးကို သူ့မိခင်အရင်းဆီကို ပြန်မပို့ချင်သော ဆန္ဒတွေ အလိုလိုဖြစ်ပေါ်၍လာနေသည်။ ထိုစိတ်မျိုး ဝင်မလာသင့်မှန်း ရှုံ့ သိပေမယ့် ဒီကလေးလေးကို ချစ်မိသောစိတ် ပိုင်ဆိုင်ချင်သော ဆန္ဒကိုတော့ ဘယ်အရာနှင့်မှ တားဆီး၍ရမည်မထင်။

"နေ နေ တကယ်ပြောတာလားဟင်၊ နေ ပြောသလို လုပ်လိုက်လို့ နေ့မာမီက လက်မခံရင် ဒီကလေးကို ရှုံ့ အမှန်တကယ် ပိုင်ဆိုင်ရမှာလား"

မြဝါးရှုံ့ ဝမ်းသာလှိုက်ဖိုသံကြီးဖြင့် အငမ်းမရ မေးလိုက်သည်။

"ကိုယ့်ဘက်က ရှုံ့နဲ့ အန္တရာယ်ကင်းကင်း လက်ထပ်နိုင်ဖို့အတွက် ဒီနည်းလမ်းတစ်ခုပဲ ရှိတယ် ရှုံ့"

"အဲဒီနည်းလမ်းက နေ့မာမီကို အကျပ်ကိုင်သလိုဖြစ်မနေဘူးလား"

"ရှုံ့နဲ့ဘဝတစ်ခု ထူထောင်ဖို့အတွက် ဘယ်လိုနည်းလမ်းကိုပဲဖြစ်ဖြစ် သုံးရမှာပဲ၊ မာမီ့ရဲ့အတ္တနဲ့မာနကို ချိုးနိုင်တာ ဒီတစ်နည်းပဲရှိတယ်"

"နေ မာမီက ရှုံ့ကို ပိုမုန်းသွားမှာပေါ့ နေရယ်"





"သူ့သား ရှုံးမတတ်ချစ်နေတဲ့မိန်းမတစ်ယောက်ကို ဘယ်လောက်ကြာကြာ မုန်းနိုင်မှာတဲ့လဲ ရှုံ့ရယ်၊ မာမီက ဂုဏ်တွေငွေတွေကို မက်မောပေမယ့် လူတစ်ယောက်ကိုတော့ အကြာကြီး မမုန်းတတ်ဘူး"

မြဝါးရှုံ့ တွေဝေနေသည်။ နေနှင့်နီးစပ်နိုင်ဖို့အတွက် ဒီငွေတွေကိုယူပြီး သနွေသားပိုင်ရှင်တွေကို ပြန်ပေးလိုက်ရမှာလား။ အဲဒီလိုဆိုရင် ရရှိလာမယ့် အကျိုးရလဒ်က အကောင်းဘက်ကို ဦးတည်နေလား အဆိုးဘက်ကို ဦးတည်နေလား၊ မြဝါးရှုံ့ အာရုံတွေ နှစ်ခွဖြစ်ကာ တစ်စုံတစ်ခုသော ပြဿနာတက်မှာကို စိုးရိမ်နေသည်။

နောက်ပြီး ဗိုက်ထဲက ကလေးလေးကိုလည်း ရှုံ့ ပိုင်ဆိုင်ချင်သည်။ ရှုံ့ တွေးရင်းဖြင့်ပင် လစေ့ခါနီးပြီဖြစ်သော လုံးဝန်းဆူဖြိုးနေသော ဗိုက်ကလေးကို ညင်သာစွာဖြင့် တယုတယ ပွတ်သပ်လိုက်သည်။

"ရှုံ့က သူ့ရဲ့မိခင်ပဲ၊ သူလေး မွေးလာပြီး စကားတွေပြောတတ်ရင် ရှုံ့ကို မေမေလို့ ခေါ်မှာပေါ့နော်၊ ရှုံ့ကလည်း သူ့ကို သမီးလေးလို့ အားရပါးရ ခေါ်ချင်လိုက်တာ"

ပီတိတွေဖြင့် မျက်နှာလေးပြုံးနေတာမြင်တော့ နေတံခွန်ပါ ရှုံ့နှင့်အတူ ရှုံ့ဗိုက်ကလေးကို ခပ်ဖြည်းဖြည်း ပွတ်သပ်၏။

ရှုံ့ မိခင်တစ်ယောက်စိတ်မျိုးဝင်နေသလို နေတံခွန် စိတ်ထဲမှာ ဖခင်တစ်ယောက်စိတ်မျိုး မဝင်ပေမယ့် တူမလေးတစ်ယောက်ကိုချစ်သော

www.burmeseclassic.com



ဦးလေးတစ်ယောက်၏စိတ်မျိုးတော့ အပြည့်အဝ ပျော်ဝင်နေသည်။

"ရှံ့ သမီးလေးကို တော်တော်ချစ်တာပဲလားဟင်"

"ချစ်တာပေါ့ နေရယ်၊ ရှံ့ဝမ်းနဲ့ လွယ်ထားရတာပဲ၊ မချစ်ဘဲ နေမလား။ ရှံ့တော့လေ သမီးလေး လူ့လောကထဲကို ထွက်လာမှာကို ကြောက်နေမိတယ်"

"ဘာဖြစ်လို့လဲ"

"သမီးလေးကို မွေးပြီးတာနဲ့ ရှံ့ မပိုင်ဆိုင်ရတော့ဘူးလေ၊ ခု လိုမျိုး ကိုယ်ဝန်လွယ်ထားရတာကမှ သမီးလေးက ရှံ့ခန္ဓာကိုယ်ထဲမှာ ရှိနေမှာ၊ ပြီးတော့ သူ့ရဲ့လှုပ်ရှားမှုလေးတွေကို ထိတွေ့ခွင့်ရနေတာ"

ရှံ့မျက်ရည်တွေ ဝဲတက်လာပြန်သည်။ နေတံခွန် ရှံ့ကိုယ်လေးကို တင်းကျပ်စွာ ဖက်တွယ်ထားလိုက်သည်။ သနားစရာကောင်းသော ချစ်သူလေးကို နှစ်သိမ့်အနမ်းတွေ ခြွေရုံမှလွဲ၍ နေတံခွန် တခြားစိတ်ဖြေသိမ့်မှုမပေးနိုင်။

ခါးသီးနာကျင်ခြင်းတွေက သူမရင်ကို ဂလိုင်ပေါက်ကြီးတစ်ခု ဖြစ်သွားအောင် တူးဖော်နေကြလေရဲ့။ တစ်ခါတစ်ရံတွင် လောကမှာ ချစ်ခြင်းမေတ္တာထက် အရေးကြီးသော စိတ်ခံစားမှုတွေလည်း ရှိတတ်ကြတာ အသေအချာပါပဲ။

■ ■ ■



## အခန်း (၃၆)

ဒေါက်တာနှင်းပွင့် ဗိုက်ကို နားကြပ်ဖြင့်အသေအချာ စမ်းသပ်ပြီး ဘေးတွင်ရှိနေသော မြတ်ကေသီကို အပြုံးဖြင့် ခေါင်းကိုဆတ်ခနဲ ညိတ်ပြလိုက်ပြီး

"လူကြီးသွေးပေါင်ချိန်လည်း ပုံမှန်ပဲ၊ ကလေးရဲ့နှလုံးခုန်သံလည်းပုံမှန်ပဲ ကေသီရေ မမအထင်တော့ ရှေ့လထဲမှာတောင် ပေးထားတဲ့ ဂျူးဒိတ်ထက် စောမွေးမယ်ထင်တယ်"

"စောမွေးတော့ ပိုကောင်းတာပေါ့ ဒေါက်တာရယ်၊ မြဝါးရုံ လည်း သူ့အိမ်ကိုသူ အတော်လေး ပြန်ချင်နေရှာတာ"

"အေးပေါ့ ဒီလောက် လတွေအများကြီးဆိုတော့လည်း အိမ်ကို သတိရတာ မဆန်းပါဘူးလေ၊ မွေးဖို့ နှစ်ပတ်သုံးပတ်အလိုဆိုရင်တော့ မြတ်ကေသီ ဒီမှာ လာအိပ်ပေးရလိမ့်မယ် ထင်တယ်၊ မြဝါးရုံက ရိုးရိုးပဲ



www.burmeseclassic.com

www.burmeseclassic.com



မွေးမှာဆိုတော့ မွေးရိုးမွေးစဉ်အတိုင်း ဗိုက်နာလာရင် လည်လည်ဝယ်ဝယ်နဲ့ စနစ်တကျ ဆောင်ရွက်ပေးနိုင်မယ့်သူ ရှိနေမှဖြစ်မှာမို့လေ၊ နောက်ပြီး မွေးရက်နီးလေ သူ့ကိုအနေအထိုင် အသွားအလာ အထူးဆင်ခြင်နေနိုင်ဖို့အတွက် နားလည်တတ်ကျွမ်းတဲ့သူတစ်ယောက် ဘေးမှာရှိနေဖို့လိုအပ်တယ်''

''ရပါတယ် ကေသီ လာအိပ်ပေးပါမယ်''

မမြွတ်ကေသီ လာအိပ်ပေးမည်ဆို၍ မြဝါးရဲ့ ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ အမှန်ဆို မြဝါး မမြွတ်ကေသီကို မလာစေချင်။ မွေးခါနီးအချိန်မှာ မြဝါးအတွက် အင်အားဖြစ်စေမယ့်သူက မြဝါးချစ်သူပဲ မဟုတ်လား။

''ဟိုလေ မမ ကေသီလည်း အလုပ်တစ်ဖက်နဲ့မို့ လာမအိပ်လည်း ရပါတယ်၊ မြဝါး နေလို့ဖြစ်ပါတယ်''

တမင်ပင် မလာစေချင်၍ ယဉ်ကျေးစွာငြင်းလိုက်ခြင်း ဖြစ်သည်။

''အမလေး မလုပ်ပါနဲ့ မယ်မင်းကြီးမလေးရယ်၊ မွေးခါနီးမှာခါနီးမှ တစ်ခုခုလွဲချော်သွားရင် ကျွန်မ ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားပါမယ်၊ ကိုယ် တာဝန်ယူထားတဲ့အပိုင်းမို့လို့ တာဝန်ကိုပြီးဆုံးအောင် ထမ်းဆောင်ပါရစေရှင်''





ဖွတ်အတင်းကြီး တာဝန်ကျေချင်နေသော မမြွတ်ကေသီကြောင့် မြဝါး ဆက်ပြီး ငြင်း၍မရတော့သဖြင့် စိတ်ရှုပ်စွာဖြင့် အသာငြိမ်နေလိုက်ရ၏။

"ကဲ လူကြီးရော ကလေးရော အားလုံး အိုကေတယ်၊ ဒီရက်ထဲမှာ ခု သွေးပေါင်ချိန်အတိုင်းဖြစ်အောင် ထိန်းရမယ်နော်၊ အငန်တွေ သိပ်မစားမိစေနဲ့၊ နောက်တစ်ပတ်ပြည့်ရင် ထပ်လာခဲ့မယ်၊ ဒီရက်ထဲမှာ မွေးဖို့ဖွားဖို့အတွက် လိုအပ်တဲ့ပြင်ဆင်မှုတွေကိုတော့ သူတို့ကို ကြိုပြင်ဆင်နိုင်းထားလိုက်ပါ ကေသီ"

''ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကေသီ ကြိုတင်ပြင်ဆင်နိုင်းထားလိုက်ပါမယ်''

"ကဲ မြဝါးရဲ့ မင်းလည်း ဘယ်လောက်မှ မလိုတော့တဲ့ ရက်ပိုင်းအတွင်းမှာ လွတ်လပ်တဲ့အပျိုစင်ဘဝကို ပြန်သွားရတော့မယ်၊ မမ မင်းကို မွေးပြီးတာနဲ့ တကယ့်အပျိုစင်လေးတစ်ယောက်လို ပြန်ဖြစ်သွားအောင် အကောင်းဆုံး ပြန်လုပ်ပေးပါ့မယ်၊ လောကကြီးထဲကို မိခင်အရင်းတောင် မစွမ်းဆောင်နိုင်တဲ့ လူသားလေးတစ်ယောက်ကို မင်းက ကိုယ်စားမွေးပေးခဲ့တဲ့အတွက် မမ မင်းကို အရမ်းဂုဏ်ယူပါတယ် ညီမရယ်၊ ဒါဟာ ကောင်းတဲ့လုပ်ရပ်တစ်ခုမို့လို့ ဘဝမှာ အမည်းစက်အဖြစ် တင်ကျန်ရစ်မှာ မဟုတ်ဘူးဆိုတာ မမ လုံးဝပြောရဲတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ မနှင်းပွင့်၏ ချိုးကျိုးစကားက စိတ်ဓာတ်တွေ ယိုင်ယိုင်နေတဲ့ မြဝါးရုံအတွက်တော့ အင်အားတိုးစေ၏။

"ဒါဆို ဒီကလေးလေးရဲ့ အမေရော ဖြစ်ခွင့်ရှိလား ဒေါက်တာ"

"ဘယ်လို ကလေးရဲ့အမေ ဟုတ်လား"

မြဝါးရုံ အမေးစကားကြောင့် ဒေါက်တာ မနှင်းပွင့် ဘာပြန်ဖြေရမှန်းမသိ ကြောင်အမ်းအမ်း ဖြစ်သွား၏။ မြတ်ကေသီက ထိတ်ထိတ်ပျာပျာ ဖြစ်သွားသော အကြည့်ဖြင့် စိုးရိမ်တကြီး ကြည့်ကာ

"အို ဒီကလေးရဲ့အမေက မင်းမှမဟုတ်တာပဲ၊ မင်းက အထူးမွေးပေးရုံသက်သက်လေ"

မြတ်ကေသီ၏စကားက မြဝါးရုံ၏ အသည်းစိုင်တွေကို သံချုပ်နှင့် ထိုးဆွနေသလို စူးရှနာကျင်လွန်းလှ၏။

"ဒါဆို ရုံက ဒီကလေးလေးနဲ့ ဘာပတ်သက်မှုမှ မရှိသလို ဘာတော်စပ်မှုမှ မဟုတ်ဘူးလား မမ"

"ဟုတ်တယ် မင်းနဲ့ ဘာမှမပတ်သက်တော့ဘူး၊ အို ဘာပတ်သက်မှုမှ မရှိစေရဘူး"

ရုံ့ မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝဲလာကာ စိမ်းတောက်လာသည်။





"ဒါဆို ရုံက အသက်စွန့်ပြီး မွေးပေးခဲ့ရတဲ့ ခံစားခွင့် ဘာမှ မရှိဘူးလား။ ရုံအတွက် ဒါက တရားပါ့မလား။ ဝမ်းနဲ့လွယ်မမွေးခဲ့ရဘဲ လမ်းဘေးက ကောက်မွေးခဲ့ရတဲ့သူတောင် မွေးစားမိဘဖြစ်ခွင့်ရှိသေးရင် ရုံက ဝမ်းနဲ့လွယ်မွေးပြီး လိုအပ်ရင် အသက်ပါစွန့်ပစ်ရမယ့်သူတစ်ယောက် အနေနဲ့ ဘာပတ်သက်ခွင့်မှ မရှိရတော့ဘူးတဲ့လား၊ ဒါဆို ရုံ့အတွက် တရားပါ့မလား မမ"

ဒေါက်တာ နှင်းပွင့် ရုံ ပြောနေတာတွေကို လက်ခံသဘော ပေါက်ဟန်ဖြင့် ဘာမျှမပြောဘဲ ငြိမ်ပြီး နားထောင်နေ၏။

ငြိမ်ပြီး နားမထောင်နိုင်သူက မြတ်ကေသီ။

"ဒါနဲ့ထိုက်တန်တဲ့ အကျိုးခံစားခွင့်ကို မင်းကို ပေးပြီးပြီပဲ၊ မွေးပြီးရင်လည်း မင်းထပ်ရဦးမှာပဲလေ၊ ဒါဟာ ဒီကလေးနဲ့ပတ်သက်ပြီး ရတဲ့ အကျိုးခံစားခွင့်ပေါ့၊ ဒီထက်ပိုပြီး မင်းက ဘာကိုထပ်ပြီး တောင့်တ ချင်ရတာလဲ မြဝါးရုံရယ်၊ ငါလည်း စိတ်ညစ်ပါတယ်၊၊ အားလုံးအဆင် ချောလာပြီး မွေးခါနီးဖွားခါနီးမှ လာပြီး ဖောက်နေရတယ်လို့"

မြတ်ကေသီ မဲ့ရွံ့သော အမူအရာဖြင့် ခပ်ညည်းညည်းလေး ဆို၏။

"ရုံလိုချင်တာ ဒီကလေးနဲ့ ရုံနဲ့ကြားမှာ ရှိသင့်ရှိထိုက်တဲ့ မေတ္တာ တရားတစ်ခုပါ။ မမ ပြောခဲ့သလို ကလေးနဲ့ရုံရဲ့ မိခင်စိတ်က အပြန်အ



www.burmeseclassic.com

www.burmeseclassic.com



လှန်ကို ချည်နှောင်မိနေကြပါပြီ မြဝါးရုံရယ်၊ မင်းဘာလို့ လောဘကြီးနေရတာလဲ၊ ဒီကလေးကိုမွေးပေးလို့ မင်းကို အငှားကိုယ်ဝန်ဆောင်ခ သိန်းနှစ်ရာပေးရမှာလေ၊ ဒီထက်ပိုပြီး လိုချင်လို့မရတာ၊ ဒါ အလုပ်လုပ်နေတာ သားလုခန်း တင်ဆက်နေတာ မဟုတ်ဘူး။ မင်းဆန္ဒတွေကို ငါက လက်ခံသည်ပဲထားဦးတော့ မင်းကိုငွေပေးပြီး ခိုင်းထားတဲ့ မိသားစုက လုံးဝလက်ခံမှာမဟုတ်ဘူး။ မင်း အဲဒီလို ကြပ်ကြပ်လုပ် မွေးပြီးတာနဲ့ အဲဒီကလေးရဲ့မျက်နှာကိုတောင် မင်း မြင်ခွင့်မရှိဘဲ နေသွားရမယ်''

''ကဲပါလေ ဒီကိစ္စက နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ညှိနှိုင်းရမယ့်ကိစ္စပါ။ ခု တစ်ထိုင်တည်းလည်း ဖြေရှင်းလို့လွယ်တဲ့ကိစ္စမဟုတ်ဘူး ဒါကြောင့် စိတ်ကို ငြိမ်ငြိမ်ထားကြပါ''

ဒေါက်တာ နှင်းပွင့် ကြားထဲမှ ပြေရာပြေကြောင်း ဝင်၍ပြောပေး၏။ ဒေါက်တာ နှင်းပွင့် ပြန်သွားပြီး သိပ်မကြာလိုက် မြတ်ကေသီပါ မြဝါးရုံကို နှုတ်မဆက်ဘဲ ပြန်သွား၏။

အခန်းထဲမှာ မြဝါးရုံ တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

■ ■ ■



## အခန်း (၃၇)

နေတံခွန် အိပ်ရာမှနိုးနိုးချင်း ဖုန်းပြောနေသော မာမီ့အသံ ခပ်အုပ်အုပ်ကို ကြားလိုက်သဖြင့် ခုတင်ထက်မှထကာ တစ်ဖက်ခန်းရှိ မာမီ့အသံကို နံရံမှာ နားကပ်ပြီး နားစွင့်နေလိုက်၏။

မာမီ့အသံက ယခင်ဖုန်းပြောနေကျ အသံမျိုးမဟုတ်ဘဲ ဒေါသ သံပါနေသည်။

''ဘာ သူက ဒီကလေးနဲ့ သူ့ကြားမှာ ရှိသင့်တဲ့မေတ္တာတရား လိုချင်တယ် ဟုတ်လား၊ အမလေး ရာရာစစ သူလို အောက်တန်းစား မကများ ကိုယ်နဲ့တန်ရာ တန်ရာမနေဘဲ ငါ့မြေးလေးနဲ့ ပတ်သက်မှုက ရှိနေချင်သေးတယ် ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မပတ်သက်ရပါဘူး၊ ဒီလို အရေးကိစ္စတွေပေါ်လာမယ် ဆိုတာကြိုသိလို့ ဒီသန္ဓေသားပိုင်ရှင် ဘယ်သူလဲဆိုတာကို မသိရအောင် ဖုံးဖုံးဖိဖိ လုပ်ထားခဲ့တာပေါ့၊ သိသာသိခဲ့ရင် ကလေးနဲ့ပတ်သက်ပြီး အမျိုးမျိုး ငွေလာညှစ်နေမှာ သေချာတယ်"

"ငါက ဥပဒေသာမရှိဘူးဆိုရင် သူ့ကို ကြေးစားငှားပြီး အပြတ် ရှင်းခိုင်းလိုက်တယ်၊ တကယ် လိုအပ်လာရင်လည်း လုပ်သင့်ရင် လုပ်ရမှာပဲ"

မာမို့နှုတ်မှ လုံးဝထင်မထားသော စကားတစ်ခွန်းကြောင့် နေတံခွန် ရိုးရိပ်ပူပန်စိတ်တွေ ငယ်ထိပ်ကို တက်ဆောင့်ကုန်၏။ ရက်စက်လိုက်တာ မာမို့ခန္ဓာကိုယ်တစ်ခုလုံး လောဘမီး ဒေါသမီးတွေနှင့် မောဟမီးဆိုတဲ့ မီးသုံးမီး အဆမတန် လောင်မြိုက်နေသည်။

"ဒီတော့ သူ့ကို အပြင်ဆေးခန်းမှာ မမွေးခိုင်းနဲ့၊ အိမ်မှာပဲ ဒေါက်တာ နှင်းပွင့်နဲ့ နာ့စ်တွေခေါ်ပြီး မွေးခိုင်းလိုက်၊ အဲဒီအိမ်မှာမွေးမယ့် ကိစ္စကို မနှင်းပွင့်နဲ့ အသေးစိတ်တိုင်ပင်ပြီး အသေအချာ ပိပိရိရိ လုပ်ပါ၊ အဲဒီအတွက် မွေးဖွားစရိတ်ရော နှုတ်ပိတ်ခပါ အန်တီခေတို့ဘက်က အပြည့်အဝ ပေးမယ် ကြားလား ကေသီ"

"အားလုံး ပိပိရိရိ ရှိပါစေ၊ အဲဒီတစ်ယောက်က အခု သူ ခရောက်နေတဲ့နေရာကို ဘယ်နေရာမှန်း မသိဘူး မဟုတ်လား"





"အေး ကောင်းတယ်၊ မသိအောင် ဆက်ပြီး ဖုံးထားကြ၊ သူ မြေးလေးကိုမွေးပြီးတာနဲ့ သူ့ကိုမေ့ဆေးပေးပြီး သူ့အိမ်ရှေ့မှာ သွားချ ားလိုက်၊ ကေသီကတော့ အန်တီခေ စီစဉ်ထားတဲ့အတိုင်း စင်ကာပူ ာ ခဏသွားရှောင်နေလိုက်၊ ဟိုမှာ လုပ်ငန်းလေးတစ်ခု ထောင်ပေးမယ်၊ ဒီမှာပဲ အခြေချချင်ရင် ချလို့ရအောင်ပေါ့"

"အေးပါ အန်တီခေ မင်း(ကို) ပစ်မထားပါဘူး၊ မင်းကျေးဇူး ကြောင့် အန်တို့မြေးလေး လူ့လောကထဲရောက်ခဲ့ရတာပဲမဟုတ်လား၊ င်းဘက်ကသာ အန်တီခေ ခိုင်းတဲ့အတိုင်း တာဝန်ကျေအောင်လုပ် ာတ်ပြီလား"

တစ်ဖက်က ဘာတွေပြန်ပြောသည်မသိ မာမီကတော့ သူ ပြောချင်တာတွေကို နန်းစတော့ကို လွှတ်နေတော့၏။ မာမို့စိတ်ထင် ာစ်ဖက်ခန်းမှ နေတံခွန်ကို အိပ်မောကျနေဆဲဟုထင်ပြီး အခန်းထဲမှာ ုန်းနှင့်ပြောနေခြင်းဖြစ်သည်။

ဖုန်းပြောနေသော မာမို့အသံ တိတ်သွားသည်နှင့် နေတံခွန် ခြသံခပ်ဖွဖွနင်းကာ ခုတင်ဆီသို့ ပြန်လျှောက်လာခဲ့လိုက်ပြီး အိပ်ပျော် ျင်ဟန် ပြန်ဆောင်လိုက်သည်။

နေတံခွန် ခုတင်ပေါ်ရောက်ပြီး မကြာလိုက် အခန်းတံခါးဖွင့်သံ ကြားလိုက်ရသည်။ မာမီ နေတံခွန့်အခြေအနေကို လာကြည့်နေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ နေတံခွန် အိပ်မောကျနေဟန်ဖြင့် ခပ်တိုးတိုးပင် ဟောက်

လိုက်သေး၏။

တအောင့်ကြာတော့ မာမီ အခန်းတံခါးပိတ်ပြီး ပြန်ထွက်သွား သည်။ အင်မတန် လျှို့ဝှက်လွန်းပြီး လောဘကြီးလွန်းသော မာမီ့အ အစဉ်တွေကို နေတံခွန် ရအောင်ဖျက်မည်။

နေတံခွန်ချစ်သူဟာ အင်္ဂလန်က မဟုတ်တဲ့ သူ့ အငှားကိုယ် ဆောင်နိုင်းထားသည့် ဆင်းရဲနုံချာတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သိလျှင် မာမီ ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန်နေလိမ့်မလဲ။

နေတံခွန်ကတော့ မာမီ လက်ခံခံ မခံခံ မြဝါးရုံကို ရအောင် လက်ထပ်မည်။ ရုံကို ချွေးမအဖြစ် လက်ခံအောင် ရသည့်နည်း အကျပ်ကိုင်မည်။ မာမီ မဖြစ်မနေ လက်ခံရပြီဆိုလျှင် ရုံနှင့်က အမြဲတမ်း ထိတွေ့ခွင့်ရမည်။ ထို့ကြောင့် နေတံခွန် အချိန်ဆွဲ မဖြစ်တော့။

■ ■ ■



## အခန်း (၃၈)

"ဒီငွေတွေကို ပြန်ပြီး လက်ခံပေးပါ မမြတ်ကေသီ၊ ရုံ ကလေး မွေးပြီးရင်လည်း ရုံ့ကို လိုတဲ့ပိုက်ဆံ သိန်းတစ်ရာ ထပ်ပေးစရာ မလို တော့ပါဘူး။ ခုငွေထဲမှာ ရုံအမေနဲ့ညီမလေးနေနေတဲ့ အိမ်တန်ဖိုးနဲ့ ထောက်ပံ့ထားခဲ့တဲ့ ငွေတွေ အကုန်လုံးပါတယ်"

အပုံလိုက်ချပေးသော ငွေအထပ်လိုက်တွေကို ကြည့်ပြီး မြတ် ကေသီ မြဝါးရုံကို ဘာပြန်ပြောရမှန်းပင် မသိတော့။

မြတ်ကေသီ အံ့ဩစိတ်လှုပ်ရှားနေသလောက် မြဝါးရုံကတော့ ကြိုတင်အကွက်ချ စီစဉ်ထားသည့်အလား အေးစက်တည်ငြိမ်နေသည်။

"မင်း မင်း ဒီငွေတွေ ဘယ်ကရသလဲ၊ ဒီအိမ်ကြီးနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မင်းဘာတွေ မရိုးမသားလုပ်ထားလို့ ခုလို ငွေတွေတစ်ထပ်ကြီး ပြန်ပေးခိုင်းရတာလဲ''

''ရှုံလို ဆင်းရဲတဲ့မိန်းမက ခုလို ငွေတွေ အစုအပြုံလိုက် ပြန်ပေးရုံနဲ့ မဟုတ်တာလုပ်တယ်လို့ တစ်ဖက်သတ် လိုရာဆွဲမတွေးလိုက်ပါနဲ့ မမ၊ ဒီအိမ်ကြီး ဘယ်နေရာ ဘယ်မြို့မှာရှိတယ်ဆိုတာတောင် သိခွင့်မရတဲ့ရှုံက အိမ်ကြီးကို လက်ညှိုးထိုးပြီးတော့ ရောင်းမစားပါဘူး''

''ဒါဆို ဒီပိုက်ဆံတွေ ဘယ်ကရလဲ၊ ရိုးရိုးသားသားရခဲ့တဲ့ ပိုက်ဆံတော့ မဟုတ်လောက်ဘူး''

အထင်သေးနှိမ့်ချပြောလိုက်သော မြတ်ကေသီစကားကြောင့် မြဝါးရှုံ ခပ်မဲ့မဲ့တစ်ချက် ရယ်လိုက်သည်။

''ဘာလဲ ရှုံက ရှုံခန္ဓာကိုယ်ကိုရောင်းပြီး ဒီပိုက်ဆံတွေရလာတယ်လို့ မမက ထင်နေတာလား၊ ဒီလောက်နေ့စေ့လစေ့ကြီးနဲ့ ဗိုက်ကြီးသည်ကို ဘယ်ယောကျ်ားက အပျော်ရှာမှာလဲ မမရယ်၊ ရှုံကိုယုံပါ၊ ဒီငွေတွေက ရှုံကို သနားလွန်းလို့ ရှုံဘဝကို စာနာလွန်းလို့ တစ်ဦးတစ်ယောက်က ကူညီထားတဲ့ငွေတွေပါ၊ သန့်ရှင်းပါတယ်''

''ဘာလဲ ဒီငွေတွေကိုပြန်ပေးပြီး ဒီကလေးကို သူ့မိဘလက်ထဲ ပြန်မထည့်ဘူးလို့ ပြောချင်တာလား မြဝါးရှုံ''

''ဟင့်အင်း ရှုံ အဲဒီလောက် လောဘမကြီးပါဘူး၊ ရှုံကို သမီး





လေးရဲ့မွေးမိခင်အဖြစ် သမီးလေးရဲ့တစ်သက်စာ အသိအမှတ်ပြုခိုင်းရင် ရှုံ ကျေနပ်ပါတယ်၊ ရှုံ ကလေးမွေးပြီးတာနဲ့ ရှုံရဲ့နို့ရည်နဲ့ ဒီကလေးကို မှင်သန်ခွင့်ပေးပေးပါ ရှုံ၊ အဲဒီအိမ်မှာ ဘယ်လိုပုံစံမျိုးနဲ့ပဲ ကျွန်ခံရ ကျွန်ခံရ ရှုံ ကျွန်ခံပါမယ်၊ ရှုံကို တစ်ခုတော့ လိုက်လျောပေးပါလို့ ရှုံ တောင်းဆိုပါရစေ''

အနူးအညွတ်တောင်းခံနေသော ရှုံမျက်နှာလေးသည် မိခင်တစ်ယောက်၏ချစ်တတ်သော စိတ်ခံစားမှုတွေ အပြည့်အဝပျော်ဝင်နေ၏၊ မြတ်ကေသီ သနားပေမယ့် ကိုယ်ပြီးလို့ ပြီးတာမှ မဟုတ်တာ။

''မဖြစ်နိုင်တာကို မတောင်းဆိုပါနဲ့ မြဝါးရှုံရယ်၊ မမက ကြားခံလူဖြစ်နေတော့ ဘာမှမတတ်နိုင်ဘူး၊ စိတ်ကိုလျှော့ချလိုက်ပါတော့လို့ မမ မင်းကိုပြောချင်တယ် မြဝါးရှုံ''

''စိတ်ဓာတ်တွေ ယိုင်နဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကို ဘာကြောင့် ဖိအားတွေပေးနေရတာလဲ မမကေ၊ လူသားချင်း စာနာတဲ့စိတ်လေးတော့ မမကေမှာ ရှိသင့်တယ်မဟုတ်လား''

ညှို့ခန်းထဲဝင်လာသော နေတံခွန်အရိပ်နှင့်အသံကြောင့် မြဝါးရှုံရော မြတ်ကေသီရော ညှို့ခန်းအဝဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်သည်။

''ဟင် နေနေ''

''ဟုတ်တယ် ကျွန်တော့်ကို ရုတ်တရက် မြင်လိုက်ရတော့



www.burmeseclassic.com

www.burmeseclassic.com



အရမ်း အံ့ဩသွားတယ် မဟုတ်လား''

''ရှဲ ကိုယ်နဲ့ရှဲ့ကိစ္စကို မမကေကို ပြောမပြထားဘူးလား''

ရှဲ ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်သည်။

''ဩော် ရှဲရယ်၊ ပြောပြထားတာ မဟုတ်ဘူး၊ နောက်လည်း သိရမယ့်ကိစ္စပဲကို''

''ဟင် မင်းနဲ့မြဝါးရှဲနဲ့က ချစ် ချစ်သူတွေလား''

''ဟုတ်တယ် မမကေ ကျွန်တော်နဲ့ရှဲနဲ့က တစ်သက်လုံး ဘယ်တော့မှ မခွဲမယ့်ချစ်သူတွေလေ''

နေတံခွန် ရှဲ့လက်တစ်ဖက်ကို လှမ်းယူဆုပ်ကိုင်ပြီး ချစ်သူတွေဖြစ်ကြောင်း ဖွင့်ဟဝန်ခံလိုက်သည်။

''ဒါ ဒါဆို ဒီ ဒီဗိုက်ကိစ္စကိုရော သိပြီးပြီလား''

''သိပြီးပြီလေ''

''ဘုရားရေ နေ့နေရယ်၊ မင်းအမေသာသိရင်တော့ ပြဿနာတွေ အကြီးအကျယ်တက်တော့မှာပဲ၊ မင်းတို့နှစ်ယောက် ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်တယ်နော်၊ မတူညီတဲ့တဝနှစ်ခုကို ဖွတ်အတင်း မပေါင်းဖက်နိုင်းပါနဲ့လားကွယ်၊ အဆုံးသတ်မှာ မင်းတို့နှစ်ယောက်စလုံး နာကျင်ရလိမ့်မယ်''

''ဘယ်လိုနာကျင်မှုမျိုးပဲလာလာ ကျွန်တော့်အနေနဲ့ မမှုပါဘူး





မမကေ၊ ရှဲ့ကို ကျွန်တော် လက်ထပ်မယ်၊ ဒါပေမဲ့ မာမီ မသိအောင်တော့ မဟုတ်ဘူး။ မာမီ့ကို အသိပေးပြီးမှ ရှဲ့ကို လက်ထပ်မယ်၊ တကယ်လို့ မာမီ လက်မခံဘူးဆိုရင်တော့ ရှဲရယ် ကျွန်တော်ရယ် ပြီးတော့ ဟောဒီ ဗိုက်ထဲက ကလေးရယ် ဟိုးအဝေးကြီးကို ထွက်သွားကြမယ်၊ ဒါဟာ ကျွန်တော်တို့ရဲ့ အနိုင်မာဆုံး ဆုံးဖြတ်ချက်ပဲ''

နေတံခွန် ပြောရင်းဖြင့် ဆုပ်ကိုင်ထားသော ရှဲ့လက်ကလေးကို ပိုမိုတင်းကြပ်စွာ ပို၍ဆုပ်ကိုင်လိုက်သည်။

''နေနေရယ် ရှဲလိုမိန်းကလေးတစ်ယောက်အတွက်နဲ့ မင်းမိဘနဲ့အတိုက်အခံလုပ်မလို့လားကွယ်၊ မမတော့ ပြဿနာတွေ ဒီထက်ပိုပြီး ရှုပ်ကုန်မှာ မြင်ယောင်နေတယ်''

''ရှဲ့ကိုချစ်တာတစ်ခုထဲနဲ့ မာမိနဲ့ အတိုက်အခံလုပ်မှာ မဟုတ်ပါဘူး၊ မာမီ့ရဲ့အတ္တတွေနဲ့ ပုံလောင်းထားတဲ့ ပုံစံခွက်ထဲမှာ ကျွန်တော် ဘယ်လိုမှ မနေနိုင်လို့ ရုန်းထွက်ဖို့ ကြိုးစားတာပါ၊ မမက ဒီကိစ္စမှာ မမကေ မသိသလိုနဲ့ မမြင်ချင်ဟန်သာ ဆောင်နေလိုက်ပါ၊ ကျွန်တော်နဲ့ ရှဲ့ကိစ္စထဲမှာ ဘာမှဝင်မစွက်ဖက်ပါနဲ့''

နေတံခွန် ယတိပြတ်ပြောလိုက်သောစကားကြောင့် မြတ်ကေသီ စိတ်ရှုပ်ထွေးစွာဖြင့် မျက်နှာတစ်ပြင်လုံး ညိုမှောင်သွားသည်။

''ရော့ ဒါက မမကေ ရသင့်ရထိုက်တာ မာမီ့ဆီက မရခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် ကာမိအောင်လို့ ကျွန်တော်ပေးတဲ့ နှစ်နာကြေး သိန်းငါးဆယ် ဒါကြောင့် မမကေ ဘယ်သူ့ဘက်ကမှ မရပ်တည်ဘဲ ဘေးကိုထွက်နေ ပေးပါ''

သိန်းငါးဆယ်တန် ချက်လက်မှတ်တစ်ရွက်ကြောင့် ညှိမှောင်နေသော မြတ်ကေသီ၏မျက်နှာမှာ ပြန်လည်၍ လင်းထိန်သွားပြန်သည်။

''အို မမကေက ငွေကြောင့် မင်းတို့နဲ့ အတိုက်အခံလုပ်နေတာ မဟုတ်ပါဘူး နေနေရယ်၊ မဖြစ်နိုင်တဲ့ ဘဝနှစ်ခု ထူထောင်တဲ့နေရာမှာ အဟန့်အတားတွေ ရှိနေမယ်ဆိုရင် မင်းတို့အတွက် အခက်အခဲတွေ အများကြီး ကြုံလာမှာကို မလိုလားလို့ သတိပေးတာပါ''

''အဲဒီအတွက် ကျေးဇူးတင်ပါတယ် မမကေ''

''ဒါ ဒါဆို မမကေမှာ ပြောစရာ ဘာမှမကျန်တော့ဘူးကွယ် ရှံ၊ မမကေ မင်းအပေါ် နှိမ့်ချဆက်ဆံခဲ့တာတွေအတွက် ဆောရီးနော်''

''မမပြောတာတွေက အမှန်တရားတွေပဲ ရှံ နားလည်ပါတယ်''

မြတ်ကေသီ သူမရှေ့မှာ ချထားပေးသော သိန်းငါးဆယ်တန် ချက်လက်မှတ်ကို ဟန်မဆောင်နိုင်စွာဖြင့် လှမ်းယူကာ သူ့စလင်းဘတ် အိတ်ထဲ ထည့်လိုက်ပြီး

''ကဲ ဒါဆို မမ ပြန်တော့မယ်၊ အန်တီခေကိုလည်း မမ သတင်းမှလှမ်းမပို့ပါဘူး၊ မင်းတို့ ချစ်သူနှစ်ဦး ပေါင်းဖက်နိုင်ပါစေလို့





မမကေ ဆုတောင်းနေမှာပါကွယ်''

တတ်လည်း တတ်နိုင်သော အပြောင်းအလဲမြန်သည့်စကားလုံးတွေကို အဆင်ပြေစွာ သုံးစွဲသွားပြီး ချစ်သူနှစ်ဦးကိုနှုတ်ဆက်၍ ထွက်သွား၏။

နေတံခွန် ရှံ့ကိုယ်လေးကို မြတ်နိုးယုယခြင်းတွေဖြင့် ဖက်တွယ်လိုက်သည်။ ရှံကလည်း အလိုက်သင့် နိုဝင်လျက် အနာဂတ်အတွက် အင်အားအသစ်တွေ မွေးဖွားလိုက်သည်။

''ရှံ ဘာမှမကြောက်နဲ့နော် ရှံ့ဘေးမှာ ကိုယ်အမြဲတမ်းရှိနေမယ် သိလား''

မြဝါးရှံ ဖျော့တော့သော အပြုံးနုလေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

နေတံခွန် အိမ်ရှေ့ပေါ်တီကိုအောက်တွင် ကားရပ်လိုက်သည်နှင့် ကားပေါ်မှ ကပျာကသီဆင်း၏ကာ မြဝါးရုံရှိရာဘက်သို့ ခပ်သွက်သွက် လျှောက်လာပြီး တံခါးကို အပြေးအလွှား ဖွင့်ပေး၏။

"လာ ရုံ ကိုယ်ဖုန်းကြိုဆက်ထားလို့ ခုလောက်ဆို မာမီ့စည်ခန်း ထဲမှာ ထိုင်စောင့်နေလောက်ပြီ"

နေတံခွန့်ပုံစံမှာ မိခင်နှင့်တွေ့ရန် ကြိုတင်ပြင်ဆင်လာသည့် အတွက် တည်ငြိမ်အေးစက်လွန်းနေသည်။ မြဝါးရုံကတော့ အရာရာကို ရင်မဆိုင်ရဲသူလို စိုးရွံ့အားငယ်နေ၏။

"နေ ရုံအထဲကို လိုက်ဝင်လို့ဖြစ်ပါ့မလား၊ ဒီ ဒီပုံစံကြီးနဲ့ ရုံ ကြောက်တယ်"

"ရုံရယ် ရုံ့အနားမှာ ကိုယ်တစ်ယောက်လုံးရှိနေပြီပဲ၊ ဘာကို





တွေးပြီး ပူနေဖို့လိုသေးလို့လဲ၊ မာမီ့ရှေ့မှာ ရုံဟာ ကိုယ့်ချစ်သူပါလို့ အတိအလင်း ပြောပြီးတာနဲ့ ဒီအိမ်ထဲကနေ ရုံနဲ့အတူ ပြန်ထွက်လာမှာပဲ နော် ရုံ လာပါ၊ ကိုယ်တို့အတွက် အချိန်သိပ်မရှိတော့ဘူး"

မတတ်သာသည့်အဆုံး ရုံ ကားထဲမှ လေးပင်စွာဖြင့် ထွက်လိုက် သည်။ မပေါ့မပါးနှင့်မို့ သွက်သွက်လက်လက် လုံးဝ မရှိ။ နေတံခွန် မြဝါးရုံကို တယုတယ တွဲခေါ်လာသည်။ အိမ်ရှေ့ကျွန်းတံခါးကြီးနားရောက် တာနှင့် အိမ်ဖော်တံခါး လာပြေးဖွင့်ပေး၏။

"မာမီ ဘယ်မှာလဲ"

"ဧည့်ခန်းထဲမှာ အစ်ကိုလေးတို့ကို စောင့်နေပါတယ်"

"လာ ရုံ"

နေတံခွန် ရုံ့လက်ကို ခဲရဲတင်းတင်း ဆွဲပြီး မာမီရှိရာ ဧည့်ခန်း ဆီသို့ ခပ်တည်တည်ဖြင့် ဝင်လာလိုက်သည်။

"သားနဲ့သမီး လာကြပြီလား၊ လာ လာ"

ဒေါ်ခေမီမြတ်ကျော် နေတံခွန်နှင့် ကွယ်နေသော မြဝါးရုံကို မတွေ့သေး၍ ချိုသာသော အသံဖြင့် ဖန္နးထွေးစွာ ဆီးကြို၏။

နေတံခွန် မြဝါးရုံ၏လက်ကို တယုတယဆွဲလာရင်း ဆိုဖာခုံမှာ ထိုင်ဖို့ သူ့ကိုယ်ကို ဖယ်ပြီး ထိုင်အခိုင်း ကိုယ်ဝန်အရင့်အမာကြီးနှင့် ရုံကို မြူန်းခနဲ မြင်လိုက်ရ၍ ပြုံးရွှင်ချိုမြနေသော မျက်နှာမှာ ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



စက္ကူတစ်ရွက်ဖြဲလိုက်သလို တစ်စစီ ပျက်စီးစုတ်ပြတ်သွားကာ

"သား ဒါ ဒါက ဘယ်လိုဖြစ်ရတာလဲ၊ ကိုယ်ဝန်ကြီးနဲ့ပါလား"

ဒေါ်ခေမီမြတ်ကျော် မေးလိုက်သောအသံက အဆီအငေါ် တည့်စွာဖြင့် ဖရိုဖရဲ ဖြစ်နေသည်။ အံ့ဩလွန်းနေသောအကြည့်တွေ မြဝါးရုံ၏ဗိုက်ဆီမှ မခွာတော့။

"သား ရှင်းပြပါမယ် မာမီ"

"မြန်မြန် ရှင်းပြစမ်းပါ သားရယ်၊ မာမီ့ရင်တွေ ထိတ်လိုက်တာ မင်းပြောတော့ မင်းချစ်သူက အင်္ဂလန်ကဆို ခု ခုတော့ ကိုယ်ဝန်ကြီး မင်းတို့ချင်း ဘယ်အချိန်ကတည်းက ပေါင်းသင်းနေကြလို့ ကိုယ်ဝန်ကြီး နဲ့ ဖြစ်နေရတာလဲကွယ်"

မြဝါးရုံ ဒေါ်ခေမီမြတ်ကျော်ကို စေ့စေ့ပင်မကြည့်ရဲ၍ ခေါင်းငုံ့ သာ တွင်တွင်ငုံ့ထားရ၏။

"ဒီကိုယ်ဝန်က သားကိုယ်ဝန်မဟုတ်ပါဘူး မာမီ"

"ဘာ မင်းကိုယ်ဝန်မဟုတ်ဘူးဆိုတော့ သူ သူက အိမ်ထောင် နဲ့ပေါ့ ဟုတ်လား နေနေ"

"အိမ်ထောင်နဲ့လည်း မဟုတ်ပါဘူး။ သူက အပျိုစင်ပါ"

ဒေါ်ခေမီမြတ်ကျော် နေတံခွန် ပြောနေတာတွေကို ဘာတစ်ခု နားမလည်တော့။





"သား မင်း ရူးနေလား။ အပျိုတစ်ယောက်က ဗိုက်ကြီးတယ် ဆိုတာ မင်းကြားဖူးလို့လား။ မာမီ လုံးဝ လက်မခံနိုင်ဘူး"

"မာမီ လက်မခံနိုင်ဘူးဆိုရင် ဒီဗိုက်ထဲက ကလေးကိုလည်း မာမီ စွန့်လွှတ်ရလိမ့်မယ်"

နေတံခွန့်မိခင်နှင့် အစ်မ၏လောဘတွေဖြင့် အကွက်ချထား သော ဟာကွက်တစ်ကွက်ကို အပိုင်ကိုင်ထား၍ အဖြစ်မှန်အားလုံးကို ပြောပြ၍ စကားစလိုက်သည်။

"ဒီဗိုက်ထဲက ကလေးနဲ့ မာမီနဲ့ ဘာဆိုင်လဲ၊ မင်းပြောတော့ မင်းကလေး မဟုတ်ဘူးဆို"

"သားကလေး မဟုတ်ပေမယ့် မာမီ့မြေး ဟုတ်တာတော့ သေချာတယ် မာမီ"

"နေနေ မင်း ဘာတွေမဟုတ်ကပ်ဟုတ်က လာပြောနေတာလဲ၊ မာမီ့ကို မခန့်လေးစား လာမလုပ်နဲ့နော်"

ဒေါ်ခေမီမြတ်ကျော် ဒေါသကြောင့် အသံမာဆတ်လာသည်။ မြဝါးရုံ ဒေါ်ခေမီမြတ်ကျော်ကိုမော့အကြည့် ဒေါ်ခေမီမြတ်ကျော်ကလည်း မြဝါးရုံအား ခပ်စူးစူး လှမ်းအကြည့်။

"ဟင် မင်း မင်းက မြ မြဝါးရုံဆိုတဲ့ မိန်းကလေးမဟုတ်လား"

ခန္ဓာကိုယ်ကြီးကို ရှေ့သို့ကိုင်းကာ လက်ညှိုးတစ်ချောင်းထိုးမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော ဒေါ်ခေမီမြတ်ကျော်၏အသံတို့ စိတ်လှုပ်ရှားလွန်းကာ သိမ့်သိမ့် တုန်လှုပ်လာသည်။

"ဟုတ်ပါတယ် အန်တီ"

"ဒါ ဒါဆို မင်းဟာအငှားကိုယ်ဝန်ပေါ့ ဟုတ်လား"

မြဝါးရုံ မဝံ့မရဲဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"နေနေ မင်းချစ်သူဆိုတာ ဒီကလေးမကို ပြောတာလား"

"ဟုတ်တယ် မာမီ"

ဒေါ်ခေမီမြတ်ကျော် ခေါင်းကို မိုးကြိုးအကြိမ်ကြိမ် ပစ်ခွင်း လိုက်သလို တစ်စစီ ကွဲအက်သွားသလို ခံစားလိုက်ရပြီး မျက်နှာတစ်ပြင် လုံး သွေးမရှိတော့သလို ဖြူလျော်သွားသည်။

"ဘုရား ဘုရား နေ နေနေ မင်း မင်း ဒီလိုမိန်းကလေးမျိုး မှ ချစ်သူတော်ရလား။ ငါ့ကိုသာ အသေသတ်လိုက်ပါလား။ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး။ ဒီမှာ ဟေ့ မင်း ကိုယ့်အဆင့်အတန်းကိုရော ကိုယ် သိရဲ့လား။ မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့သားကို အပိုင်ကပ်ရတာလဲ"

ဒေါ်ခေမီမြတ်ကျော် နတ်ဝင်သည်တစ်ယောက်လို တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

"သူ့မှာဘာရည်ရွယ်ချက်မှ မရှိပါဘူး မာမီ။ သားကသာ သူ့ကို ချစ်လွန်းလို့ တကောက်ကောက်လိုက်ကပ်နေရတာပါ"





"မင်းကိုငါမမေးဘူး နေနေ၊ မင်းဖြေစရာမလိုဘူး၊ ငါ မေးနေတာ သူ့ကိုမေးနေတာ"

ဒေါ်ခေမီမြတ်ကျော်၏အသံတွေ ဟန်တွေကြောင့် မြဝါးရုံ တစ်နေရာရာမှာတွေ့ဖူးနေသည်ဆိုသော ဇဝေဇဝါအတွေးတွေ တိကျခိုင်လုံသွားသည်။

မှတ်မိပြီ မြဝါးရုံ ကြီးမတို့အိမ်ကိုပြောင်းသည့်နေ့က မြဝါးရုံတို့ မိသားစုကို နှိမ်နှိမ်ချချပြောပြီး မြဝါးကိုရိုက်ဖို့ လက်ရွယ်တုန်း မြဝါး တွန်းလိုက်၍ ရေမြောင်းထဲ ယက်ကန်ယက်ကန် ကျသွားသော မိန်းမကြီး။ သူကတော့ မြဝါးရုံဆိုတဲ့ မိန်းကလေးဟာ သူ့ကိုရေမြောင်းထဲကျအောင် တွန်းလိုက်သည့် မိန်းကလေးဆိုတာ လုံးဝကို မှတ်မိသည့်ပုံမပေါ်။

"ရုံ နေ့ကို ချစ်မိသွားတာကလွဲပြီး ကျန်တာ ဘာမှမမျှော်လင့်ပါဘူး အန်တီ၊ နောက်ပြီး နေနဲ့ဟောဒီ သဌေးသားပိုင်ရှင်တွေနဲ့ ဆွေမျိုးတော်တယ်ဆိုတာလည်း ရုံ လုံးဝ မသိခဲ့ပါဘူး"

"အေး ဘယ်လိုပဲ ဖြစ်နေဖြစ်နေ ငါကတော့ မင်းနဲ့ငါ့သားကို ဘယ်လိုနည်းနဲ့မှ မပေးစားနိုင်ဘူး။ ငါကတော့ မင်းနဲ့ငါ့သားကို ဘယ်လို နည်းနဲ့မှ မပေးစားနိုင်ဘူး၊ ဒါနဲ့နေပါဦး မင်းကို ငါ တစ်နေရာရာမှာ အသေအချာ မြင်ဖူးခဲ့သလိုပဲ"

ဒေါ်ခေမီမြတ်ကျော် မျက်မှောင်ကြီးကျုံ့ကာ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ရေစေ့ကြည့်သည်။

"ဟုတ်ပါတယ် အန်တီ၊ အန်တီ့ကို ရေမြောင်းထဲ အရှိန်လွှန်ပြီး ပြုတ်ကျသွားအောင် ကိုယ်ထိလက်ရောက် ကျူးလွန်မိတဲ့သူပါ"

"ဘာ အောင်မလေး ဘုရား ဘုရား အောက်ကြမ်းခင်းက အမျိုးနိမ့်တဲ့ ညည်းကိုမှ ငါ့မြေးကို အငှားကိုယ်ဝန်လွယ်ခိုင်းမိရတယ်လို့ ဒါတင်မကသေးဘူး ငါ့သားကိုပါ ညည်းက အပိုင်ချုပ်လိုက်ပြန်ပြီ၊ မဖြစ်ဘူး ငါသာ အသေခံသွားမယ်၊ ငါ့သားကို ညည်းလို အောက်ကြမ်းခင်းက အခြေအမြစ်မရှိတဲ့ မိန်းမဘဝထဲကို အဝင်မခံနိုင်ဘူး"

"မာမိ ရုံ့ကို အဲဒီလောက် မပြောပါနဲ့ မာမိ၊ ရုံ့ကို သား ချစ်တယ်၊ မာမီ ဘယ်လိုပဲခွဲခွဲ သား ရုံ့ကလွဲပြီး ဘယ်သူ့ကိုမှ လက်မခံနိုင်ဘူး။ ရုံ့ကို လက်ထပ်လိုက်လို့ သား သေမယ်ဆိုရင်တောင် အသေခံပြီး တော့ကို လက်ထပ်မယ် မာမီ"

ဒေါ်ခေမီမြတ်ကျော် ပါးပြင်ပေါ်သို့ မျက်ရည်တွေ တွေတွေစီး ကျကာ တအီအီရှိုက်ငိုရင်း

"မင်း မင်း ရက်စက်တယ်၊ မာမိတို့ မျိုးရိုးဂုဏ်သိက္ခာကို မထောက်ညှာဘူး။ အမလေး မာမီတော့ ရင်ကွဲပါပြီ သားရယ် မင်း မင်း"

ဒေါ်ခေမီမြတ်ကျော် ဆိုဖာနောက်ကျောမှီပေါ် ဘုန်းခနဲ လန်ကျ





ပြီး သတိလစ်သွားလေသည်။

"မာမီ မာမီ"

နေတံခွန် မိခင်ကို ပြေးပွေ့ပြီး ဗိုးရိမ်တကြီးခေါ်ငင်လိုက်သည်။ ...ဝါးရုံ့ ရင်ထဲမှာ နင့်သီးသော ခံစားချက်တွေဖြင့် အရာရာကို အရှုံးပေး ...ဘာ နေတံခွန်နှင့်ဒေါ်ခေမီမြတ်ကျော်နားမှ ထွက်လာခဲ့လိုက်သည်။

"ရုံ ရုံ"

နေတံခွန့်ခေါ်သံကို ကြားပေမယ့် လုံးဝလှည့်မကြည့်တော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ရုံလေး မသွားပါနဲ့လားကွယ် မွေးဖို့ရက်ပိုင်းပဲ လိုတော့တာ ဒီမှာပဲ ငြိမ်ငြိမ်လေးနေပြီး ကလေးမွေးဖို့ အားယူသင့်တယ် မဟုတ်လား"

မလုံးစီ မရဲတရဲနှင့် တားမြစ်၏။ ဒီအိမ်ကြီးသခင်နှင့် ချစ်သူတွေဖြစ်နေကြပြီဆိုတော့ အရင်ကလောက် ရုံ့အပေါ် ဖိအားမပေးရဲကြတော့။

"ရုံ့ကို မတားပါနဲ့ မလုံးစီ၊ ရုံလေး တကယ်တမ်းကျတော့ ဗိုက်ထဲက ကလေးလေးကို သူတို့ဆီ ပြန်မပေးချင်လောက်အောင်ကို ချစ်နေမိတာ၊ သူ့ကို ရုံ့ရင်သွေးလေးလိုပဲ စိတ်ကတွေးထင်နေမိတယ်၊ ရုံ့စိတ်ထဲ အဲဒီခံစားမှုတွေက အမျှင်းမပြတ်ဖြစ်နေတော့ ရုံ သမီးလေးနဲ့





ဝေးရမှာကို အရမ်းကြောက်လာတယ်၊ ဒါကြောင့် ရုံ သမီးလေးကို တစ်နေရာမှာပဲ သွားမွေးတော့မယ်၊ ရုံ့စိတ်ထဲက မေတ္တာတရားကို နားလည်ပေးတယ်ဆိုရင် သူတို့ကို ရုံ ထွက်သွားတယ်ဆိုတဲ့အကြောင်း လုံးဝမပြောပါနဲ့နော် ရုံ တောင်းပန်ပါတယ်"

တောင်းတောင်းပန်ပန်ဖြင့် ညှိုးငယ်စွာပြောနေသော ရုံ့ကိုကြည့်ပြီး မလုံးစီရော မသီတာရော မျက်ရည်တွေဝဲလာကြသည်။

"စိတ်ချပါ ရုံရယ်၊ ဒါပေမဲ့ ရုံ မလုံးစီတို့ကို တစ်ခုတော့ ကတိပေးရမယ်"

"ရုံ ဘာကတိပေးရမှာလဲ"

"ရုံ ကလေးမွေးခါနီး ဗိုက်ထဲနာလာပြီဆိုရင် မလုံးစီတို့ကို ဖုန်းဆက်အကြောင်းကြားပါ၊ မလုံးစီတို့ ရုံရှိတဲ့နေရာကို မရောက်ရောက်အောင် လာခဲ့မယ်"

"အင်းပါ ရုံ အကြောင်းကြားပါမယ်၊ ရုံ သူတို့အပေါ်မှာ မတရားမှန်းသိပေမယ့် ရုံ့ရင်ထဲက လောဘက ရုံနဲ့သမီးလေးကို ဘယ်လိုမှ မခွဲနိုင်ဘူး၊ ဒါကြောင့် ရုံ နေကိုပါ ကျောခိုင်းဖို့ သတ္တိတွေဖြစ်လာရတာပါ"

ရုံ ရှိုက်သံစွက်၍ပြောနေပေမယ့် ပစ္စည်းတွေ သိမ်းဆည်းနေ၏။ ရုံ့လှုပ်ရှားမှုက မြန်ဆန်သွက်လက်လွန်းနေ၏။ အားလုံး သိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားတာနှင့် မသိတာကို တက္ကစီတစ်စီး သွားငှားခိုင်းလိုက်သည်။

"ရှံ့ တက္ကစီရောက်ပါပြီ"

"ဒီအဝတ်သေတ္တာ ကားပေါ်တင်လိုက်ပါ မလုံးစီ"

ရှံ့ ထိုင်နေရာမှ ခပ်လေးလေးထပြီး တက္ကစီရှိရာသို့ အသက်မပါသူလို ခပ်ဖြည်းဖြည်း လျှောက်လိုက်သည်။

ရှံ့ ကားပေါ်တက်လိုက်ပြီး အိမ်ကြီးကို တစ်ချက်ငဲ့ကြည့်ကာ ပင့်သက်တစ်ရှိုက်မော့လိုက်သည်။ ကားလေးက ညနေခင်း အလင်းရောင်ဖျော့ဖျော့အောက်မှာ ခပ်ငြိမ်ငြိမ်လေး မောင်းထွက်လာ၏။

"ဘယ်နှစ်နာရီထိုးပြီလဲဟင် ဦးလေး"

"ညနေခြောက်နာရီ လေးဆယ့်ငါးမိနစ်"

အမှောင်ဘက်သို့ကူးပြောင်းစေ အလင်းမှိန်မှိန်တွေနှင့်အတူ သက်ဝင်နေသော ညကောင်းကင်ကို မော့ကြည့်လိုက်သည်။ ပြာမှောင်မှောင် ကောင်းကင်မှ ကြယ်စင်တို့ ဟိုတစ်စု သည်တစ်စု။

"ဘယ်ကို မောင်းပေးရမလဲ ကလေးမ"

"အဝေးပြေးဂိတ်ကိုပါ"

ထိုလူကြီး ဘာမှဆက်မမေးတော့ဘဲ ကားကိုသာ ရှေ့ကို အာရုံစိုက်၍ မောင်းနေ၏။ ကားထဲတွင် ကားစက်သံမှလွဲ၍ တိတ်ဆိတ်နေသည်။

ရုတ်တရက် ဗိုက်ထဲမှ ဆစ်ခနဲ နာကျင်လာသော ခံစားမှုကြောင့်





မြဝါးရှံ့ မျက်နှာလေး ညိုးနေရာမှ မဲ့ရှုံ့ရှုံ့လေးဖြစ်လာသည်။

"အား ကျွတ် ကျွတ် ကျွတ်"

မြဝါးရှံ့ ညည်းတွားသံကြောင့် ဒရိုင်ဘာကြီး လှည့်ကြည့်ပြီး ဘာမျှမမေးဘဲ သူ့ကားသူ ဆက်မောင်းနေ၏။ နာကျင်မှုတွေက တဆစ်ဆစ်နှင့် ပိုတိုး၍ နာလာသည်။

"အား နာလိုက်တာ ဘုရား ဘုရား ငါ ငါ မွေးချင်လို့များ နာတာလား မသိဘူး"

မြဝါးရှံ့ ခပ်တိုးတိုးလေး ညည်းတွားလိုက်ပြီး တစ်ယောက်တည်း ခပ်တိုးတိုး ပြောနေ၏။ ထိုသို့သော နာကျင်မှုမျိုး တစ်ခါမျှ မခံစားရဘူး၍ မြဝါးရှံ့ ကားနောက်ခန်းထဲမှာ မရိုးမရွဖြင့် နေမထိထိုင်မသာ ဖြစ်၍လာသည်။

"အား ဦးလေး လုပ် လုပ်ပါဦး၊ ရှံ့ ဗိုက်တွေ အရမ်းနာလာလို့"

"ဟေ ဟုတ်လား ဒါဆို ဘယ်ဆေးရုံကို မောင်းပေးရမလဲ"

ဒါရိုက်တာကြီး ကားမောင်းနေရင်းမှ သူပါ ဘာလုပ်ရမှန်း ဘာကိုင်ရမှန်းမသိအောင် ပျာယာခတ်၍သွားသည်။

"ရှေ့ ရှံ့ ရှံ့ကို ဒီဖုန်းနံပါတ်ကို တစ်ချက်လောက်ဆက်ပြီး ရှံ့ရှိတဲ့နေရာကို ခုချက်ချင်းလာဖို့ ပြောပေးပါ"

"အမျိုးသားလား"



www.burmeseclassic.com

www.burmeseclassic.com



နေတံခွန် လိပ်စာကဒ်ကို လှမ်းယူပြီး မေးလိုက်သော ဒရိုင်ဘာကြီးအမေးကြောင့် မြဝါးရဲ့ ရှင်းပြဖို့လည်း ခက်နေ၍ နာကျင်ခြင်းတွေကြားမှ အလွယ်တကူပင် ခေါင်းညိတ်ပြလိုက်သည်။

ဒရိုက်ဘာကြီး ဖုန်းဆိုင်နားမှာ ကားကို ထိုးရပ်လိုက်ပြီး ဖုန်းနံပါတ်ကို အမြန်ခေါ်လိုက်သည်။

ရုံ နာကျင်လွန်း၍ ကားနောက်ခန်းထဲမှာ လူးလိမ့်နေသည်။

''ခဏအောင့်ထားနော်၊ သူ ခုချက်ချင်း လာမယ်တဲ့''

မြဝါးရဲ့ အံကြိတ်လျက် ကြိုးစား၍ ခေါင်းညိတ်ပြလိုက်သည်။

''ဘုရား ဘုရား ရုံ ရုံ သေများသေတော့မလား မသိပါဘူး''

စိတ်ထဲမှာ ကြောက်စိတ်တွေ တဖွားဖွားပေါ်လာပြီး မတွေးကောင်းတာတွေပင် တွေးမိရသည့်အဖြစ်မျိုး ရုံ ရင်ဆိုင်နေရသည်။ ဒရိုင်ဘာကြီး ရုံခံစားနေရတာကိုကြည့်ပြီး၊ သနားနေပုံရ၏။

''နေ နေရေ ရုံကို ကယ်ပါဦး၊ ရုံ ဒီနာကျင်မှုမျိုးကို မခံစားနိုင်ဘူး၊ နေ ရုံ့အနားကို အမြန်လာပါ၊ ဗိုက်ထဲက သမီးလေးက လူ့လောကထဲကို ထွက်ဖို့ တာဆူနေပြီထင်တယ်''

မြဝါးရဲ့ နာကျင်ခြင်းတွေနှင့်အတူ ချစ်သူကို တမ်းတနေမိသည်။ ညအမှောင်သည် တရွေ့ရွေ့နက်လာသည်နှင့်အတူ ရုံ နာကျင်မှုတွေက လျော့မသွားဘဲ တိုးမြဲတိုးနေဆဲ။





ရုံ တစ်ကိုယ်လုံး ချွေးမိုးဖြိုက်ဖြိုက်ရွှာနေသည်။ စိတ်ထဲမှ တတ်သရွေ့မှတ်သရွေ့ တရားဂုဏ်တော်များကို နာကျင်ခြင်းတွေကြားထဲမှ ကြိုးစား၍ ရွတ်လိုက်သည်။

ရုံ ကားနောက်ခန်းတံခါး ဖျတ်ခနဲ ပွင့်လာပြီး

''တူမလေး မင်းအမျိုးသား လာပြီ''

''ရုံ ရုံလေး ဟာကွာ ဖြစ်မှဖြစ်ရလေ''

''နေ နေ ဗိုက်အရမ်းနာနေပြီ၊ မွေးတော့မယ် မွေးချင်နေပြီ အင်း အား''

ရုံ နေ့ဘက်ကို အားကိုးတကြီး ဆုပ်ကိုင်လျက် ကလေးထွက်ချင်နေပြီဟု စိတ်က သိလျက် တအင်းအင်းဖြင့်ညှစ်၍နေသည်။ ဒရိုင်ဘာကြီးနှင့်နေ ရုံ့ကို နေတံခွန် ကားပေါ်သို့ပြောင်း၍ တင်လိုက်ကြပြီး

''ရုံ ကိုယ်တို့ မနှင်းပွင့်ဆေးခန်းကို သွားကြရအောင်၊ သူ ရုံ့ကို စောင့်နေလိမ့်မယ်၊ ရုံ ဗိုက်နာနေပြီဆိုတာ ကိုယ်တစ်ခါတည်း ဖုန်းဆက်အကြောင်းကြားထားတယ်၊ သူတို့ ရုံကို မွေးပေးဖို့ ဆေးခန်းမှာ အားလုံးအဆင်သင့်ပြင်ဆင်ထားကြတယ်''

''အင်း အား လုပ်ပါ မြန်မြန်မောင်းပါနေရယ်၊ ရုံ နာလှပါပြီ''

ရုံ ပလုံးပထွေး လေသံဖြင့် အမြန်မောင်း၍ တိုက်တွန်းလိုက်သည်။ နေတံခွန် ကားကို အရှိန်မြှင့်၍ မိုင်ကုန်အောင် မောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှုံ့အတွက် ပူပင်သောကတွေက နေတံခွန့်ရင်ထဲမှာ မီးတောက်တစ်ခုနှယ် လောင်မြိုက်နေရ၏။

ရှုံ့ သမီးလေးကို ကျန်းကျန်းမာမာ မွေးနိုင်ပါစေ။

■ ■ ■



## အခန်း (၄၁)

ဝင်းပရှန်းစက်နေသော သမီးလေး၏မျက်နှာကိုကြည့်လိုက် ပင်ပန်းနွမ်းနယ်နေသော ရှုံ့မျက်နှာကိုကြည့်လိုက်နှင့် နေတံခွန် ဆုံးဖြတ်ချက်တစ်ခုကို ချနိုင်ဖို့ အတော်လေး စဉ်းစားနေရသည်။

နောက်ဆုံး သက်ပြင်းမောတစ်ချက်ကို ဟင်းခနဲ ချလိုက်ပြီး

"ရှုံ့ ကိုယ်တို့ သမီးလေးကိုခေါ်ပြီး ဒီဆေးခန်းကနေ ထွက်သွားကြရအောင်နော်၊ မနှင်းပွင့် ဖုန်းဆက်အကြောင်းကြားထားလို့ တအောင့်နေရင် မာမီနဲ့မမလင်းတို့ရောက်လာကြတော့မယ်"

မာမီတို့ ရောက်လာမည်ဆို၍ ခုတင်ထက်မှာ ဖြူဖျော့စွာ မှိန်းနေသော မြဝါးရှုံ့ စိုးရိမ်သောကတွေ ဗရပွနှင့် ဝေါက်ခနဲ ထထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား ဒါဆို သွားကြရအောင်၊ ရုံတို့ ဒီကနေ သမီးလေးကို အမြန်ခေါ်ပြီး သွားကြရအောင်နော်"

ရုံ အသိစိတ်လွတ်သူတစ်ယောက်ကို ခုတင်ထက်မှ ဆင်း၍ ပုခက်ကလေးထဲတွင် ယက်ကန်ယက်ကန် ဖြစ်နေသော အနီးထုပ်ကလေး နှင့် သမီးငယ်ကို အငမ်းမရ ပွေ့ချီလိုက်သည်။

"သမီးလေးကို ကိုယ်ချီပါ့မယ် ပေး ရုံ"

"ဟင့်အင်း ရုံ ချီပါရစေ ကိုရယ်၊ ရုံ သမီးလေးနဲ့ ရုံကို ထိတွေ့ခွင့်ပေးပါ"

သွေးရူးသွေးတန်း ငြင်းဆန်ပြီး အသနားခံတောင်းဆိုနေသော ရုံကို နေတံခွန် ပြောမပြတတ်လောက်အောင်ကို သနားသွားမိသည်။ မေတ္တာတရား ကြီးမားပြီး အရာရာကို စိတ်ထားဖြူစင်စွာ အားရိုးခံအ တိုင်း ဘဝကိုဖြတ်သန်းလာသော ရုံ့ရှေ့မှာ နေတံခွန် မားမားရပ်မိသည့် အတွက် ဘယ်တော့မှ နောင်တရမည်မဟုတ်ဘူးဆိုတာ ကိုယ့်စိတ်ကို အာမခံပြီးသား။

"ကဲ ဒါဆို သမီးလေးကို ရုံပဲချီခဲ့ပါတော့၊ ကိုယ်တို့ ဒီဆေးခန်း ထဲက ဒေါက်တာနှင်းပွင့် သတိမထားမိခင် အမြန်ထွက်မှဖြစ်မယ် လာ ရုံ"

မြဝါးရုံနှင့်နေတံခွန် ဆေးရုံဝင်းထဲရှိ ကားရပ်ထားရာသို့ ပုန်း





လျှိုးကွယ်လျှိုး ထွက်လာကြသည်။

နေတံခွန် ကားတံခါးဖွင့်ပြီးတာနှင့် မြဝါးရုံ သမီးလေးကို ချီပြီး ကားရှေ့ခန်းထဲ ဝင်ထိုင်လိုက်သည်။

"နေ ရုံတို့ ဘယ်ကိုသွားကြမှာလဲဟင်"

"မာမီတို့နဲ့ဝေးတဲ့တစ်နေရာကိုပေါ့ ရုံ့ကို လက်ခံလာနိုင်တဲ့နေ့ ကျမှ ကိုယ်တို့ သမီးလေးကို မမလင်းဆီအပ်ပြီး လက်ထပ်ကြမယ်၊ အဲဒီလိုဆို ရုံနဲ့သမီး အမြဲတမ်းတွေ့ဖို့ အခွင့်အရေး ရသွားပြီလေ"

နေတံခွန် ရုံကို ဖြေသိမ့်ပြီး ဆေးရုံဝင်းထဲမှ ကားကိုကွေ့ပြီး အထွက် ဒေါ်ခေမီမြတ်ကျော်နှင့် နွေရာလင်းတို့မောင်းလာသောကား ထိပ်တိုက်ရင်ဆိုင်တိုးသွားသည်။

"ဟာ ဒါ မာမီတို့ကားပဲ"

ကားက ရှေ့မှ ပိတ်ရပ်နေသဖြင့် နေတံခွန် ကွေ့ရှောင်သွား၍ မဖြစ်နိုင်။ ထို့ကြောင့် ကားကိုဘက်ပြန်ဆုတ်ပြီး ကားပေါ်မှ ဆင်းလိုက် သည်။

ဒေါ်ခေမီမြတ်ကျော်နှင့် နွေရာလင်း ကားပေါ်မှ အလောတကြီး ဆင်းချလာပြီး

"သား ဒါ ဒါက ဘယ်လဲ၊ ကလေးနဲ့ပဲ့မိန်းကလေးကို ဘယ် ခေါ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီတို့နဲ့ဝေးတဲ့နေရာကို ခေါ်သွားတော့မလို့"

"ဘယ်လို နေနေ မင်း ဘာပြောလိုက်တယ်၊ ကလေးကို ခေါ် သွားမယ် ဟုတ်လား"

နွေရာလင်း၏အလန့်တကြား အမေးကြောင့် နေတံခွန် ခပ် တည်တည်ပင် ခေါင်းညိတ်လိုက်သည်။

"မင်း မင်း အဓိပ္ပါယ်မရှိတာဘဲ၊ ခေါ်သွားရအောင် ဒါ ငါတို့ ကလေးလေ"

"မမ ကလေးဆိုပေမယ့် မွေးထားတာက ရုံလေ၊ ဒီတော့ ရုံ နဲ့လည်းဆိုင်တယ်"

"ဘာကိုဆိုင်ရမှာလဲ၊ ငါတို့က သူ့ကိုအခကြေးငွေပေးထားပြီး နိုင်းတာလေ"

"အဲဒါ တရားမဝင်ပါဘူး မမ၊ နောက်ပြီး မမတို့ပေးထားတဲ့ သိန်းတစ်ရာနဲ့ ကျန်တဲ့ထောက်ပံ့ကြေးတွေကို မမကောသီကို ပြန်ပေးထား ပြီးသွားပြီ"

"အောင်မလေး အသားထဲကလောက်ထွက်နေလိုက်တာ၊ နိ မိန်းမကြောင့်နဲ့များ မအေကို အစ်မကို သစ္စာဖောက်ရက်လိုက်တာ"

ဒေါ်ခေမီမြတ်ကျော် မခံမရပ်နိုင်သော မျက်နှာကြီးဖြင့် နေတံ ခွန်ကို ခပ်စူးစူးကြည့်ကာ ပြော၏။





"သားကိုခွင့်လွှတ်ပါ မာမီ၊ ခုလို လုပ်ဖြစ်သွားရတာ မာမီတို့ ဘက်က ရုံနဲ့သားကို သဘောမတူဘူးဆိုတဲ့ အကြောင်းပြချက်ကြောင့်ပါ၊ မာမီသာ ရုံနဲ့သားကို သဘောတူခဲ့မယ်ဆိုရင် သမီးကိုလည်း ခေါ်သွားစရာ အကြောင်းမရှိပါဘူး"

"မတူနိုင်ဘူး လုံးဝမတူနိုင်ဘူး"

ဒေါ်ခေမီမြတ်ကျော် ပြတ်သားစွာဖြင့် ယတိပြတ်ငြင်း၏။

"ဒါဆိုရင်တော့ ဆောရီးပါ မာမီ၊ သားတို့ သွားတော့မယ်"

နေတံခွန် မာမီနှင့် မမလင်းရှေ့မှ လှည့်ထွက်ခဲ့ပြီး ကားဆီသို့ လျှောက်လာ၏။

"မင်း ရပ်နေစမ်း နေတံခွန်"

မာမီ အမိန့်လှမ်းပေး၏။

"မာမီ လုပ်ပါဦး မာမီရယ်၊ သမီးလေးကို သူတို့ခေါ်သွားကြ တော့မယ်၊ လင်း ကိုကိုကို ဘယ်လိုပြောရမလဲ၊ လင်း ယောက္ခမတွေကို လည်း ဒီရက်ထဲမှာ မွေးတော့မှာဆိုပြီး ဟောဒီဗိုက်အတုကိုပြပြီး ညာ ထားရတာ မာမီရဲ့ အဟင့် ဟင့်"

"သား မင်းမမ အခက်အခဲကို သား သိတယ်နော်၊ ကလေး ပြန်ပေးပါ သားရယ်"

"ပေးမှာပါ မာမီရယ်၊ ဒါပေမဲ့ မာမီနဲ့သား အပေးအယူ

www.burmeseclassic.com



တော့ လုပ်ရလိမ့်မယ်၊ အဲဒါက မာမီ့မြေးကို ပြန်လိုချင်ရင် သားနဲ့ရုံကို သဘောတူပေးရမယ်၊ မာမီက ဒီအပေးအယူကို လက်မခံဘူးဆိုရင်တော့ သားတို့ ကလေးနဲ့အတူ မာမီတို့ လုံးဝရှာမတွေ့နိုင်တဲ့နေရာကို သွားတော့မယ်''

''မင်း မင်း ငါ့ကိုအကြပ်ကိုင်တာလား နေ''

ဒေါ်ခေမီမြတ်ကျော် တက်မတတ် ချက်မတတ် ဟန်လုပ်ပြသည်။ ဒီတစ်ခါတော့ နေတံခွန် နပ်သွားပြီ။

''အကြပ်ကိုင်တာမဟုတ်ပါဘူး မာမီ၊ သားဘဝကို သားစိတ်ကြိုက် ပုံသွင်းခွင့်တောင်းတဲ့သဘောပါ၊ သားဘဝမှာ ငွေကြေးဆိုတာလည်း မလိုအပ်ဘူး။ ဂုဏ်ပကာသနနဲ့ချမ်းသာတဲ့စည်းစိမ်ဥစ္စာကိုလည်း မမက်မောဘူး၊ လောကမှာ သားအမက်မောဆုံးက ချစ်တဲ့သူနဲ့ ဘဝတစ်လျှောက်လုံး ပေါင်းဖက်ပြီး ငြိမ်းချမ်းတဲ့ဘဝ တည်ဆောက်ဖို့ပဲ၊ အဲဒီငြိမ်းချမ်းတဲ့ဘဝထဲမှာ လောဘတွေ အတ္တတွေ လုံးဝမပါဘူး၊ ဖြူစင်တဲ့မေတ္တာတရားနဲ့ သစ္စာစောင့်သိမှုဆိုတဲ့ ရိုးသားတဲ့ကိုယ်ကျင့်သိက္ခာပဲ လိုအပ်တယ် မာမီ''

လေးနက်တည်ကြည်စွာ ပြောနေသော နေတံခွန့်စကားတွေက ဒေါ်ခေမီမြတ်ကျော်ကို တွေဝေသွားစေသည်။

''ဒါဆို မာမီက လောဘတွေ အတ္တတွေနဲ့ လောင်မြိုက်နေတဲ့





မိန်းမကြီးပေါ့ ဟုတ်လား နေနေ''

''မာမီက သားကိုမွေးထားတဲ့အတွက် အဲဒီလောက် ပိုးစိုးပက်စက် မဝေဖန်ချင်ပါဘူး၊ မာမီနဲ့မမလင်း ယောက်ဖအပေါ်မှာ မြေးဦးအမွေမရမှာစိုးတာနဲ့ အငှားကိုယ်ဝန်ကို ကိုယ်ကိုယ်တိုင်မွေးသလို လိမ်ညာဟန်ဆောင်ခဲ့တာကတော့ အရမ်းကို နိမ့်လွန်းပါတယ် မာမီ၊ မမလင်းရော တစ်သက်လုံး ယောက်ဖဘေးနားနေပြီး အဲဒီအရိပ်ကြီးက ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး နှိပ်စက်နေလိမ့်မယ်ဆိုတာ နည်းနည်းလေးမှ မတွေးမိတာလား၊ ဥာဏ်မမီကြတာလား၊ သားကတော့ မာမီနဲ့မမလင်းရဲ့ လုပ်ရပ်ကို ရှုတ်ချခွင့်သာရမယ်ဆိုရင် ရှုတ်ချချင်ပါတယ်၊ တစ်ချိန်မှာ ယောက်ဖကို ဒီအကြောင်းတွေကို ဖြောင့်ပဲဖွင့်ပြောဖို့ မပြောဖို့ဆိုတာ သားကိုယ်သား အာမမခံနိုင်ဘူး မာမီ၊ ဘာဖြစ်လို့လဲဆိုတော့ မာမီတို့နဲ့ ကြံရာပါ မဖြစ်ချင်လို့ပါ''

ဒေါ်ခေမီမြတ်ကျော်ရော နွေရာလင်းရော လန့်သွားကြသည်။

''ဟင် မင်း မင်း လုံးဝဖွင့်ပြောလို့မဖြစ်ဘူး။ မာမီ လက်မခံဘူး''

''ဒါဆိုလည်း သားနဲ့ရုံကို လက်ခံပေးပါ မာမီ၊ သား မာမီ့ရှေ့မှာ ဒူးထောက်ပြီးတောင်းဆိုပါတယ်''

နေတံခွန် မြေကြီးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ မြတ်...ပ် တစ်ချိန်လုံးစောင့်ကြည့်နေရာမှ ကားတံခါးဖွင့်ဆင်းပြီး နေတံ...ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



သူမပါ ဒူးဝင်ထောက်သည်။ နွေရာလင်း မြဝါးရုံလက်ထဲမှ ပွေ့ထားသော အနီးထုပ်ကလေးထဲမှ ချစ်စရာမျက်နှာဖောင်းဖောင်းအစ်အစ်ကလေးကို အငမ်းမရ လှမ်းကြည့်ပြီး

"မာမီ သမီးလေးက ချစ်ဖို့ကောင်းလိုက်တာ မာမီရယ်၊ မောင်လေးနဲ့ ဒီက မြဝါးရုံကို သဘောတူပေးလိုက်ပါ၊ လင်း သမီးလေးကို ချီချင်လှပြီ လုပ်ပါ မာမီရယ်"

နွေရာလင်း သူ့ကလေးကိုမြင်တော့မှ နေတံခွန်နှင့်မြဝါးရုံဘက်မှ ဝင်ပြီး တောင်းဆိုပေး၏။ နွေရာလင်းခဗျာ သူ့ကလေးကိုချီချင်၍ အတော်လေးပင် လှုပ်လှုပ်ရှားရှား ဖြစ်ကာ ဆွေ့ဆွေ့ခုန်နေသည်။ နွေရာလင်းတင်မဟုတ် ဒေါ်ခေမိမြတ်ကျော်လည်း မြေးမျက်နှာကိုမြင်လိုက်ရ၍ ဒေါသတွေ မာနတရားတွေဟာ ဖောက်ထိုးမိုးမျှော်ဖြစ်ကာ မြေးလေးကို ချီချင်စိတ်တွေသာ အာရုံမှာကြီးစိုးလွှမ်းသွားကာ

"အေး အေးပါ မာမီ သဘောတူပါတယ် သားရယ်၊ ပေးပေးပါဦး မာမို့မြေးလေးကို မာမီ ချီပါရစေ"

"မာမီ လင်းအရင်ချီမယ်လေ၊ လင်းကို အရင်ပေးပါ"

ဒေါ်ခေမိမြတ်ကျော် မြဝါးရုံလက်ထဲမှ ကလေးကို လှမ်းဆွဲလိုက်ပြီး တရှုံ့ရှုံ့နမ်းနေတုန်း နွေရာလင်းကပါ အတင်းလုချီ၏။ မြဝါးရုံ သမီးလေးကို ပေးလိုက်ရ၍ ရင်ထဲမှာ နင့်နေပေမယ့် နေတံခွန်နှင့်



လက်ထပ်ပြီးလျှင် သမီးလေးနှင့် အမြဲတမ်းတွေ့ရတော့မှာမို့ ကိုယ့်စိတ်ကို ကိုယ်ဖြေသာပါသည်။ အဓိကက သမီးလေးနှင့်တစ်သက်စာ မဝေးရဖို့ မဟုတ်လား။

"ကဲ ရုံ လာလေ ကိုယ်တို့ သွားကြမယ်၊ နို့မို့ဆို မာမီ စိတ်ပြောင်းသွားမယ်"

နေတံခွန် ရုံပခုံးသားလေးကို ခပ်ဖွဖွဖေးမပြီး တွဲထူလိုက်သည်။

"အို မာမီ စိတ်မပြောင်းတော့ပါဘူးကွယ်၊ စောစောက သဘောတူတယ်ဆိုတာ မာမို့ရင်ထဲက လာတဲ့ ဆန္ဒနဲ့ပြောတာပါကွယ်"

"ရုံကို လက်ခံပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်၊ ဘဝတစ်လျှောက်လုံး ကိုနေ့ဘေးမှာ မိန်းမကောင်းတစ်ယောက်အဖြစ် နေပေးသလို မာမို့အပေါ်မှာလည်း ချွေးမကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပြီး နေပေးပါ့မယ်"

ရုံ ဝမ်းသာလွှန်း၍ လှိုက်လှဲနက်ရှိုင်းစွာဖြင့် ကတိပေးလိုက်၏။

"အေးပါကွယ် သမီးပြောသလို ဖြစ်လာဖို့ကို မာမီလည်း မျှော်လင့်နေမှာပါ"

"မမကလည်း ညီမလေးကို ကျေးဇူးတင်ပါတယ်ကွယ်၊ ကိုယ်ဝန်မဆောင်နိုင်တဲ့ မမကိုယ်စား သမီးလေးကိုမွေးပေးတဲ့အတွက်ပေါ့"

"ကဲပါ ကျေးဇူးတွေ နောက်မှတင်၊ ခုလောလောဆယ် လမ်းလယ်ခေါင်ကြီးမှာ ကားရပ်ထားရလို့ ဝင်ပေါက်တွေ ပိတ်ကုန်ပြီ၊ သား

www.burmeseclassic.com

ရုံကိုဆေးရုံထဲ ပြန်ခေါ်သွားလိုက်ပါကွယ်၊ သွေးနုသားနုဆိုတော့ အပြင်မှာ အေးတယ်၊ အကြာကြီးနေလို့မကောင်းဘူး၊ ဆေးရုံထဲ ပြန်ဝင်ကြရအောင်''

''ကဲ ရုံ ကြားတယ်နော်၊ ယောက္ခမလက်သစ်ကြီးက ဆေးရုံထဲဝင်တဲ့၊ သူ့ချွေးမ သွေးနုသားနုနဲ့မို့ စိုးရိမ်သတဲ့''

နေတံခွန် ရုံပခုံးလေးကို သိုင်းဖက်ပြီး ဆေးရုံထဲ ပြန်ဝင်လာကြသည်။ ခုတော့ အရာအားလုံးသည် ငြိမ်းချမ်းပြီး ပြည့်စုံခြင်းတွေဖြင့် ပြန်လည်၍ အသက်ဝင်လာသည်။

ရုံ့ဘဝမှာ ပျော်ရွှင်မှုနဲ့ ဆုံဆည်းရတာ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ဖြစ်သည်။ အထူးခြားဆုံးသော ဘဝကိုပြောင်းလဲပေးနိုင်သည့် ထိုပျော်ရွှင်မှုတွေ အိပ်မက်အဖြစ် လွင့်ပျယ်သွားမှာကို ရုံ သေလောက်အောင် ကြောက်မိပါသည်။

ပြသိုသော် ရင်ထဲမှာ တလှပ်လှပ် ခုန်နေသော ရင်ခုန်သံနှင့် ချစ်သူ၏နွေးထွေးသော လက်တစ်စုံက အိပ်မက်မဟုတ်ကြောင်း အခိုင်အမာ သက်သေထူနေကြပြီပဲ။

ဘာကိုတွေးပြီး စိုးရိမ်နေရတော့မှာလဲ။

ပရိသတ်အတွက်
အ်မြဲတမ်း
သျှီး